# ဥဩနိုးမကြ

၁၉၆၂၊ ဇူလိုင် ၇၊ ၈ ရက်

## အောင်စောဦး

ရေးသားပြုစုသည်

## ပုံ နှိပ် မှတ် တမ်း

ထုတ်ဝေသည့်အကြိမ် ■ ပထမအကြိမ်၊
ထုတ်ဝေသည့်ကာလ ■ နိုဝင်ဘာလ၊ ၂၀၁၂

မျက်နှာဖုံးဓာတ်ပုံ ■ မိုးညာဏ်
မျက်နှာဖုံးဒီဇိုင်းနှင့် အတွင်းအပြင်အဆင် ■ ရင်နီ
အဖုံးသလင် ■ Eagle
အတွင်းသလင် ■ ဦးထွန်းဆိုင်
စာအုပ်ချုပ် ■ Ayein Dhamar

အတွင်းပုံနှိပ်နှင့်မျက်နှာဖုံးပုံနှိပ် ■ ဒေါ်လှလှအောင် Main ပုံနှိပ်တိုက်၊
အမှတ်(၁၀၇)၊ လမ်း(၄၀)(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ထုတ်ဝေသူ ■ ဦးစန်းမွန်အောင်၊ ငါတို့စာပေ၊ အမှတ်၇၅/ဒီ၊
ဗိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
အုပ်ရေ ■ ၁၀၀၀
တန်ဖိုး ■ ၁၃၀၀ ကျပ်

ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း(CIP)

၉၂၃·၃

အောင်စောဦး
ဥဒါန်းမကြေ
ရန်ကုန်
စာပေ၊ ၂၀၁၂။
- ၉၁ စ ၊ ၁၃x၂၁ စင်တီ
(၁) ဥဒါန်းမကြေ


Generated by CamScanner from intsig.com

# ဥဒါန်းဗဓပြ

၁၉၆၂ ဇူလိုင် ၇၊ ၈ ရက်

**အောင်စောဦး**
ရေးသားပြုစုသည်

ဖြန့်ချိရေး

ယဉ်မျိုးစာပေ
အမှတ်(၅၅)၊ (၃၈)လမ်း ကမ်းနားဘလောက်၊ ကျောက်တံတားမြို့နယ်။
ဖုန်း - ၀၉ ၅၃၂၀၁၅၈၆

Generated by CamScanner from intsig.com

၁၉၆၂ ခုနှစ်၊ ဂျူလိုင်(၇)ရက်၊ ကျောင်းသားအရေးတော်ပုံ
ကျောင်းသားခေါင်းဆောင်မျိုးဆက်ဝင်
ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သည့်
ဦးလှရွှေ၏ အမှာစာ

၁။

မကြာခင်ရောက်လာတော့မယ့် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာ (၂၅) ရက်နေ့ဟာ မိမိအသက် (၇၅)နှစ်ပြည့်တဲ့နှစ် ဖြစ်ပါတော့မယ်။ ဘယ်လိုပဲဖြစ်ဖြစ် နှစ်ပေါင်း (၇၅)နှစ်အထိ အသက်ရှည်ခဲ့တဲ့ မိမိရဲ့လူ့ဘဝဖြစ်စဉ်ကို ခြသေ့လည်ပြန် ပြန်ကြည့်ချင်တဲ့စိတ်ခံစားမှု နည်းနည်းတော့ဖြစ်မိပါတယ်။ နည်းနည်းပဲဖြစ်မိတာပါ။ အများကြီးတော့ မဖြစ်မိတာအမှန်ပါပဲ။ ဒီ (၇၅)နှစ်ထဲမှာ ငါ့အတွက်၊ ငါ့မိသားစုအတွက်၊ ငါ့နိုင်ငံအတွက်၊ ငါ့မြန်မာလူထုကြီးအတွက်၊ ဘာများအကျိုးဆောင်ခဲ့သလဲဆိုတဲ့ မေးခွန်းကိုဖြေဖို့ အဖြေရှိသလားလို့ ကိုယ့်ကိုယ်ကိုယ်ကို ပြန်မေးကြည့်ရကောင်းမလားလို့ စဉ်းစားမိပါတယ်။ ဘာကြောင့်လဲဆိုတော့ မိမိကိုယ်ကိုပြန်ပြီး လိပ်ပြာရတယ်ဆိုတာ သူများကိုလိပ်ပြာရတာထက် ပိုများအပြစ်ကြီးသလားဆိုတဲ့ အတွေး

Generated by CamScanner from intsig.com

မျိုး ရှိနေလို့ပါပဲ။ ဆရာကြီးဆရာတက်တိုးက မကွယ်လွန်ခင်မှာ "ကြီးဆိုးကြီးမိုက် မဖြစ်စေနဲ့" ဆိုတဲ့ သက်ကြီးဆုံးမစာတစ်ပုဒ် ရေးခဲ့ဖူးပါတယ်။ "ကြီးမှမိုက်တာ" ဟာ မကြီးခင်ကမိုက်တာထက် အပြစ်ပိုကြီးတယ်လို့ ဆရာကြီးက မှတ်ယူထားပုံ ရပါတယ်။ အိမ်ထောင်စုတစ်ခုခုရဲ့ အကြီးအကဲမိုက်ရင် မိသားစုတစ်ခုခုပဲ ဒီဒဏ်ကို ခံရမှာပါတဲ့၊ ဒါပေမဲ့ နိုင်ငံတစ်နိုင်ငံရဲ့ အကြီးအကဲတစ်ဝုံတစ်ယောက်မိုက်ရင် ဒီဒဏ်ကို နိုင်ငံနဲ့လူထု ခံရပါမယ်တဲ့။ ဒီကျိုးကြောင်းတရားကို ချဉ်းကပ်မိတဲ့အခါ ဆရာကြီး ဆရာတက်တိုးရဲ့ "ကြီးဆိုးကြီးမိုက်တရား"ဟာ ခေတ်သစ်မြန်မာ့သမိုင်းရဲ့ အနီး ခေတ်သမိုင်း ဖြစ်စဉ်များဟာ မိမိရဲ့အတွေးအိမ်ထဲမှာ ပန်းစကြာ မှန်ပြောင်းလှည့် သလို ပျိုးပျက်လင်းလက်နေခဲ့ပါတော့တယ်။

မြန်မာ့လွတ်လပ်ရေးသက်တမ်းဟာ ၆၄ နှစ် ရှိခဲ့ပါပြီ။ ပြည်တွင်းစစ်သက်တမ်းဟာလည်း ၆၄ နှစ် ရှိခဲ့ပါပြီ။ စစ်အာဏာရှင်စနစ်ရဲ့ သက်တမ်းဟာလည်း နှစ်ငါးဆယ် ရှိခဲ့ပါပြီ။ ဇူလိုင် ၇ ရက် သက်တမ်းဟာ နှစ်ငါးဆယ် ရှိခဲ့ပါပြီ။ ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ သက်တမ်းဟာ ၂၅ နှစ် ငွေရတုသဘင် သက်တမ်းထဲ ဝင်နေပါပြီ။ ဇူလိုင် ၇ ရက် ပုံရိပ်များ ၈၈ ပုံရိပ်များဟာ မိမိရဲ့ အာရုံဖန်သားပြင်မှာ တဖြိုးဖြိုးတဖျတ်ဖျတ် လင်းလက်ပြေးလွှားလျက် ရှိကြပါတယ်။ မိမိဟာ ၁၉၅၃–၁၉၆၃ ဆယ်စုနှစ်တစ်ခု ကျောင်းသားလှုပ်ရှားမှုအတွင်းမှာ ပါဝင်ခဲ့ပါတယ်။ ၁၉၆၃–၁၉၇၂ ခုနှစ်အထိ AS ထဲမှာ ပါဝင်ခဲ့ပါတယ်။ ၁၉၅၉ ခုနှစ်နဲ့ ၁၉၉၈ ခုနှစ်အတွင်းမှာ ထောင် ၆ ကြိမ်၊ နှစ်ပေါင်း ၂၃ နှစ်ကျော် မြန်မာနိုင်ငံ အကျဉ်းထောင်စနစ်အကြောင်း ထဲထဲဝင်ဝင်လေ့လာခွင့်ရခဲ့ပါတယ်။ ဇနီးသည် ထောင် ၂ ကြိမ်၊ သားကြီး ထောင် ၃ ကြိမ်ကျခဲ့ကြရပါတယ်။ ၂၀၀၆ ခုနှစ်မှာ ဇနီးသည်ကလည်း မိမိကို နှုတ်ဆက်ခဲ့ပြီ။ သားသမီးများနဲ့ မြေးငယ်လေးများလည်း တစ်စစီတစ်ဖဲ့စီ ဖြစ်နေခဲ့ကြပါပြီ။ မိသားစုဘဝ၊ အိမ်ထောင်သည်ဘဝ ၄၆ နှစ်မှာ နှစ် ၃၀ တကွဲတပြား နေခဲ့ကြရပါတယ်။ မိမိ၌အသိုက်အမြုံမရှိတော့ပါပြီ။ ပင်အိုကြီး အထီးတည်း ဖြစ်ခဲ့ပါပြီ။ ယုံကြည်မှုသည်သာ ရာသက်ပန်အဖော်အဖက်အဖြစ် ရှိပါတော့တယ်။ လူဟာ လောကမှာ တစ်ခုကောင်းနှစ်ခုကောင်း လုပ်နိုင်ခဲ့ကြပေမယ့် သေတပန်သက်တဆုံး ကောင်းအောင်လုပ်ဖို့ခက်တယ်ဆိုတဲ့ ဆိုထုံးက မိမိကို စိန်ခေါ်နေခဲ့ပါပြီ။

ဒီလိုဖြစ်စဉ်ဖြစ်ရပ်မျိုးတွေ ဘဝတွေ ခံစားချက်တွေနဲ့ ဒလိန်းထိုးနေတဲ့ မိမိထံကို ကလေးတွေတစ်ယောက်ပြီးတစ်ယောက် လာရောက်တွေ့ဆုံခဲ့ကြပါတယ်။ ကိုယ်စိကိုယ်စီမေးခွန်းတွေ အလုပ်ကလေးတွေနဲ့ချည်းပါပဲ၊ တစ်ယောက်က မန္တလေး ကပါ။ သူတို့က ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံ ၂၅ နှစ်မြောက် ငွေရတု အထိမ်းအမှတ် မဂ္ဂဇင်းတစ်စောင်ထုတ်ကြဖို့ စီစဉ်ထားကြပါတယ်။ အမှတ်တရ

Generated by CamScanner from intsig.com

ဖြစ်တဲ့ တစ်ခုခုရေးပေးဖို့ တောင်းဆိုတာပါ။ နောက်တစ်ယောက်က ဗကသများ အဖွဲ့ချုပ်ရဲ့ တာဝန်ရှိတဲ့ ကျောင်းသားတစ်ဦးပါပဲ။ သူကလည်း အောင်စောဦး(အမေရိက)ရေးသားပြုစုတဲ့ ဥဒါန်းမကြေ(၁၉၆၂ ခု၊ ဇူလိုင် ၇၊ ၈ ရက်) ဇူလိုင် ၇ ရက် မှတ်တမ်း ပြန်ထုတ်ပါမယ်။ ဘဘ အမှာစာရေးပေးပါတဲ့။ နောက်တစ်ယောက်က တော့ ဗီးနတ်စ်ဂျာနယ်က သတင်းထောက်သမီးငယ်လေးတစ်ယောက်ပါ။ သူက လည်း ကျောင်းသားလှုပ်ရှားမှု၊ ကျောင်းသားသမဂ္ဂ၊ ကျောင်းသားခေါင်းဆောင် ဆိုတာများနဲ့ပတ်သက်ပြီး အင်တာဗျူးလုပ်ချင်လို့ပါတဲ့။ တစ်ခု သတိပြုမိတာက သူတို့အားလုံးဟာ သူတို့အလုပ်တွေနဲ့ပတ်သက်ပြီး လေးလေးစားစားတက်တက် ကြွကြွ ရှိကြတယ်ဆိုတာပါပဲ။ လူထုပုံရိပ်ဂျာနယ်က တာဝန်ခံအယ်ဒီတာကတော့ "နိုင်ငံရေးသမားတစ်ယောက်ဖြစ်အောင် ဘယ်လိုလေ့ကျင့်ပျိုးထောင်ယူရမလဲ" ပြောပြပေးပါ တဲ့။ သူတို့အားလုံးဟာ ဒီကနေ့ခေတ်ရဲ့ စတုတ္ထမျိုးဆက်များအတွင်းမှာ စုဖွဲ့ပါဝင်ကြမယ့် သက်တမ်းတစ်ခုကို ကိုယ်စားပြုကြပါမယ်။ မျိုးဆက်တစ်ဆက်မှာ (လူ့သက်တမ်းအရ အသက် ၃၀၊ ၄၀၊ ၅၀၊ ၆၀၊ ၇၀ တန်းများ စုဖွဲ့ပါဝင်နေလေ့ ရှိပါတယ်။) မိမိဟာ သူတို့တစ်ဦးချင်းစီရဲ့ သိမြင်လိုမှုအာသီသများကို ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ ဖြည့်ဆည်းပေးခဲ့ပါတယ်။

၂။

ဒီအစုကတော့ အောင်စောဦးရဲ့ "ဥဒါန်းမကြေ" အတွက် ရည်စူးတဲ့ အမှာစာပါ။ ဘာပဲပြောပြော "ဥဒါန်းမကြေ"ဟာ "ဇူလိုင်အရေးတော်ပုံ"ရဲ့ အတ္ထုပတ္တိ ကို ရာနိုင်နှုန်းတော်တော်များများ ထင်ဟပ်နိုင်တယ် လို့ ဆိုချင်ပါတယ်။ ဇူလိုင်နဲ့ တိုက်ရိုက်ပတ်သက်ခဲ့တဲ့ ကျောင်းသားခေါင်းဆောင်မျိုးဆက် အများစုကြီးဟာ သက်ရှိထင်ရှား မရှိရှာကြတော့ပါဘူး။ ကိုတင်ထွန်း၊ ကိုသက်၊ ကိုလှဆောင်၊ ကိုသာဒိုး၊ ကိုသိန်းထွန်း၊ ကိုစိုးမြင့်၊ ကိုကျော်ခင်၊ ကိုစိုးဝင်း၊ ကိုဉာဏ်ဝင်း၊ ကိုတင်မောင်ဝင်း (ရကသ)၊ ကိုမြတ်စံဦး၊ ကိုအောင်ဘော်၊ မင်းဝင်းထိန်တို့ဟာ ပဲခူးရိုးမမှာ အသက်ပေးခဲ့ကြရပါတယ်။ ကိုသောင်းရွှေ (စောနောင်) အင်းလေး၊ ကိုချစ်ဆွေ၊ ကိုလေးမောင် (ဒုတိယကိုကိုးကျွန်း)၊ ကိုညိုဝင်း၊ ကိုစိန်ဝင်း၊ ကိုတင် မောင်ဝင်း၊ ကိုခင်မောင်မြင့် (အင်းစိန်ထောင်အတွင်း)၊ ကိုထွန်းကြည် (ဆေးသိပ္ပံ)၊ ကိုဗဆွေလေး၊ ကိုမောင်မောင် (အနောက်ရိုးမ)၊ ကိုကျော်လှိုင် (ကိုတင်ဦး/ရခိုင်)၊ ကိုလှကြည် (ကိုစောအောင်/ဗိုလ်ကလေး) – First line up ဝင် ကျောင်းသားခေါင်း ဆောင်အများစုကြီးဟာ ယုံကြည်မှုအတွက် အသက်ပေးသွားခဲ့ကြပါပြီ။

၆၂ စစ်အာဏာသိမ်းမှု၊ ၆၃ နိုင်ငံဘာငြိမ်းချမ်းရေး ဆန္ဒပြပွဲ၊ ၆၅ ကျောင်းသားပွဲတော်၊ ၆၉ ကျွန်းဆွယ်အားကစားပွဲ၊ ၁၉၇၀ တက္ကသိုလ်ရွှေရတု၊

Generated by CamScanner from intsig.com

၁၉၇၄ ရွှေနံ့အလုပ်သမားသပိတ်၊ ၁၉၇၄ ဒီဇင်ဘာ ဦးသန့်အရေးအခင်း။ ၁၉၇၅ အလုပ်သမားသပိတ် နှစ်ပတ်လည် ကျောင်းသားလှုပ်ရှားမှု၊ ၁၉၇၆ မတ်လ မှိုင်းရာပြည့် ကျောင်းသားလှုပ်ရှားမှု၊ ၁၉၇၆ စီပီယူကို လှုပ်ရှားမှု၊ ၁၉၇၈ စီပီယူကို လှုပ်ရှားမှု၊ ၁၉၈၂ စီပီယူကို လှုပ်ရှားမှု စတဲ့ ''အားစမ်းပွဲများ'' အကြိမ်တချို့ဖြစ်ပြီးတဲ့အခါ ''၁၉၈၈ ခုနှစ်'' ကြီးမားတဲ့ လူထုအုံကြွမှုကြီး The Great Democratic Upsurge ဖြစ်ပေါ်ခဲ့ပါတယ်။ အားစမ်းပွဲအမျိုးမျိုးမှာ ထွက်ပေါ်လာခဲ့တဲ့ 'ဒီမိုကရေစီတိုက်ပွဲဝင် အမာခံတိုက်ခိုက်ရေးသမားများ' The Democratic Activist များဟာ လဲလိုက်၊ ရုန်းထလိုက်၊ ထပ်ပြီးချေမှုန်းခံကြရ၊ ထပ်ပြီးရုန်းထလိုက်နဲ့ ''၈၈ ဒီမိုကရေစီအရေးတော်ပုံကြီး ရှိရာကို အင်နဲ့အားနဲ့ ချီတက်လာခဲ့ကြတာဖြစ်ပါတယ်။

ပါတီစုံဒီမိုကရေစီစနစ်ကို ကိုယ်စားပြုတဲ့ ၁၉၄၇ ခုနှစ် အခြေခံဥပဒေကို ၁၉၇၄ ခုနှစ် တစ်ပါတီ စစ်အာဏာရှင်စနစ်ကို ကိုယ်စားပြုထားတဲ့ အခြေခံဥပဒေနဲ့ အစားထိုးပြီး ၂၈ နှစ်တိုင်တိုင် လူထုကို ဖိနှိပ်ထားခဲ့ပါတယ်။ (အခု) 'ပါတီစုံစနစ်ပုံသဏ္ဍာန်နဲ့ (ဟန်ဆောင်ထားတဲ့) ၂၀၀၈ ခုနှစ် စစ်အာဏာရှင်စနစ်ကို အနှစ်ထားတဲ့ အခြေခံဥပဒေဆိုတာနဲ့ ဘယ်ထိအောင် ဖိနှိပ်အုပ်ချုပ်နေမလဲ ဆိုတာ မခန့်မှန်းနိုင်ကြပါဘူး။ ၁၉၆၂ ခုနှစ် မတ်လ စစ်အာဏာသိမ်းပွဲကို ''၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ'' နဲ့ ၁၉၈၈ ခုနှစ်အထိ ကာကွယ်ထားခဲ့ပါတယ်။ ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံနဲ့ ''၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ'' ကို တိုက်ချလိုက်တဲ့အခါ (နဝတ/နအဖ) စစ်အစိုးရများနဲ့ ခုခံခဲ့ပါတယ်။ ပြည်ခိုင်ဖြိုးစစ်အစိုးရကို ၂၀၀၈ မေလဖွဲ့စည်းပုံနဲ့ ကာကွယ်၊ စစ်အစိုးရနဲ့ စစ်အုပ်စုရဲ့ အုပ်စိုးမှု ကမ္ဘာချည်းအောင်တည်တံ့ဖို့ နည်းပရိယာယ်ပြောင်းပြီး ကြိုးပမ်းလာခဲ့ပါတယ်။ ''စစ်တပ်ဟာ စစ်အစိုးရများရဲ့ 'ခံစစ်ကုန်း' ဖြစ်ပြီး၊ 'ဖွဲ့စည်းပုံအခြေခံဥပဒေ'ဟာ စစ်အစိုးရများရဲ့ 'ကာကုန်း' ဖြစ်ပါတယ်။ စစ်အုပ်စုဟာ သူတို့ရဲ့ အုပ်စိုးမှုကို ၁၉၆၂ ခုနှစ် မတ်လကနေ ဒီကနေ့အထိ 'ခံကတုတ် (၂) ခု' နဲ့ ကာကွယ်တဲ့ ပေါ်လစီကို (၁၉၆၂-၂၀၁၂) နှစ် (၅၀) ကျင့်သုံးခဲ့တာဖြစ်ပါတယ်''။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်ထဲ ဝင်ပြီး (ပါလီမန်ဘောင်ထဲဝင်ပြီး) 'ဒီဥပဒေကိုပြင်ဆင်ဖို့ ကြိုးစားမယ်' ဆိုတာဟာ လက်ထိပ်ခတ်ခံပြီးမှ လက်ထိပ်ဖြုတ်ဖို့စဉ်းစားတဲ့ 'နိုင်ငံရေးရိုးအမှု' မှတပါး တခြားဘာမှဖြစ်စရာမရှိပါဘူး။

၁၉၅၉ ခုနှစ်မှာ ပေါ်ထွက်ခဲ့တဲ့ လက်ဝဲအတိုက်အခံ (ပမညတ တပ်ပေါင်းစုကြီး) နဲ့ မြန်မာနိုင်ငံအလုပ်သမားညီညွတ်ရေးပါတီကြီး နိုင်ငံရေးစာမျက်နှာပေါ်က ပျောက်သွားတယ် ဆိုတာဟာ လက်ထိပ်အခတ်ခံပြီးမှ လက်ထိပ်ဖြုတ်ဖို့ စိတ်ကူးကြတဲ့ Ideological Illusion တစ်မျိုးကြောင့်ပါပဲ။ လူထုတိုက်ပွဲကိုကြောက်တဲ့ **အတိုက်အခံအဖွဲ့အစည်းနဲ့ လူပုဂ္ဂိုလ်ခေါင်းဆောင်များရဲ့ သမိုင်းရေး**

Generated by CamScanner from intsig.com

ကံကြမ္မာဟာ ဘယ်တုန်းကမှ မလှခဲ့ပါဘူး။ သူတို့ဟာ လူထုကြီးကို လွတ်မြောက်အောင် ကယ်တင်မပေးနိုင်ရုံသာမက၊ သူတို့ရဲ့ နိုင်ငံရေးကံကြမ္မာကိုပင် သူတို့ အာမခံချက် မပေးနိုင်ခဲ့ပါဘူး။ ဒီအဖြစ်အပျက်ဟာ ခေတ်သစ်မြန်မာ့နိုင်ငံရေးသမိုင်းအတွက် ခါးသီးတဲ့ သမိုင်းသင်ခန်းစာတစ်ခုလည်း ဖြစ်ပါတယ်။ ဒီခေတ်ပြိုင်သမိုင်းသင်ခန်းစာကို မျက်မှောက်ခေတ်နိုင်ငံရေးမျိုးဆက်ဝင်များက သမိုင်းစာမျက်နှာများကို ကျော်ပြီး လေ့လာသွားတာမျိုး မဖြစ်မိဖို့ အလွန်အရေးကြီးပါတယ်။

၃။

"ဥဒါန်းမကြေ" "ရှုလိုင်မှတ်တမ်း" ကို ပြုစုခဲ့တဲ့ ကိုအောင်စောဦးအကြောင်း နည်းနည်းဖော်ပြချင်ပါတယ်။ သူက သွားကောလိပ်က ဆေးပညာသင်ကျောင်းသားတစ်ဦးပါ။ ဇာတိက ပုသိမ်မြို့ကပါ။ ပုသိမ်မြို့ပေါ်မှာရှိတဲ့ မာ့က်စ်ဝါဒစိတ်ဝင်စားသူကျောင်းသားများအစုထဲက တစ်ယောက်ပါ။ ၁၉၇၅ ခုနှစ် အလုပ်သမားသပိတ် နှစ်ပတ်လည် ကျောင်းသားလှုပ်ရှားမှုထဲမှာ ပါခဲ့လို့ အင်းစိန်တောရနဲ့ မိတ်ဆွေဖြစ်၊ ဆရာဝန်ဖြစ်ခါနီး ပဥ္စမနှစ်မှာ သွားကောလိပ်က ကျောင်းထုတ်ခံခဲ့ရသူပါ။ မြောင်းမြခရိုင်တပ်မှူးနဲ့ မြစ်ဝကျွန်းပေါ် အရှေ့ခြမ်း စစ်နယ်မြေတပ်မှူးကြီးတစ်ဦးဖြစ်တဲ့ ဗိုလ်မှူးစိုးတင့် (ပြည်စစ်ကျောင်းဆင်း) (ကွယ်လွန်) က မိတ်ဆက်ပေးခဲ့လို့ ၁၉၈၂ နှစ်ဦးမှာ (ကို)အောင်စောဦးနဲ့ စတွေ့ခဲ့ရပါတယ်။ သူ့လိုပဲ အသစ်တွေ့သိရတဲ့ နောက်တစ်ယောက်ကတော့ ဦးအောင်ဇေယျရဲ့ ဒေသသားဖြစ်ရတာကို လက်မထောင်တတ်တဲ့ (ကို)ဟန့်ထွန်း/ကဗျာဆရာ ဝင်းတင့်ထွန်း (မျိုးဇေ)၊ အခု ရွှေလီဘီစီသတင်းထောက် မျိုးသစ် ပါပဲ။ အောင်စောဦးက မင်းသားလေးလိုနေတဲ့ကောင်။ ဝင်းတင့်ထွန်းက ကဗျာဆရာသာဖြစ်နေတာ လူက လူကြမ်း။ ရည်းစားစာကို သံတမန်စာလို ရေးတဲ့သူ။ ဒီညီတွေနဲ့အတူ ၁၉၈၂ မတ်လ ၂၂ ရက်နေ့ကစပြီး အင်းစိန်ထောင်ရဲ့ စစ်ကြောရေးငရဲခန်းများကို ဖြတ်ခဲ့ကြရပါတယ်။ ပုံစံထမင်းပူမှုကို ပလတ်စတစ်အိတ်နဲ့ ထုပ်ပြီး ခန္ဓာကိုယ်ပေါ်က အကွဲအပြဲ အဖုအယောင်တွေကို ကျပ်ထုပ်ထိုးခဲ့ကြရတယ်။ ၁၉၈၈ ခု ဖွင့်လက အာဏာပိဆန့်ရေးလှုပ်ရှားမှုကြီးကို မြို့ခွဲတဲ့ဖြစ်စဉ်များအတွင်း အားလုံးဟာ ငရဲခရီးကြမ်းအမျိုးမျိုးကို ဖြတ်၊ လေကြွေရွက်တွေလို လေသယ်ရာပါပြီး ဘဝဖြစ်တည်မှုအသစ်တွေကို မွေးယူခဲ့ကြရပါတယ်။ ရွက်ကျပင်ပေါက်တွေလို ကျရာအရပ်မှာ ရှင်သန်ခဲ့ကြပါတယ်။ ကျရာသမိုင်းတာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်ခဲ့ကြပါတယ်။ အောင်စောက အမေရိကမှာ၊ ဝင်းတင့်ထွန်းက တရုတ်ပြည် ရွှေလီမှာ၊ မိသားစုဘဝတွေနဲ့ အခြေကျနေခဲ့ကြပါပြီ။ ၈၈၊ ၈၉၊ ၉၀ မုန်တိုင်းများကို ဖြတ်ခဲ့ကြရပါတယ်။ အခု ၂၀၀၈ ဖွဲ့စည်းပုံခေတ်သမိုင်းရဲ့ အတု/အစစ် မုန်တိုင်းကို ဖြတ်ကျော်ကြရပါဦးမယ်။ 'အတုနဲ့ အစစ်'ကို

Generated by CamScanner from intsig.com

ခွဲခြားပေးနိုင်တဲ့ သမိုင်းစံကတော့ အလုပ်သမား လယ်သမားများနဲ့ လူငယ်ကျောင်းသားများက အဓိကကိုယ်ထည်အဖြစ် ပါဝင်တဲ့ လူထုတိုက်ပွဲကြီးများပဲဖြစ်ပါတယ်။

''စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေးတိုက်ပွဲကို အဆုံးတိုင်ဆင်နွှဲကြ''

လုရွှေ<br>
ရှလိုင် (၇) ရက် ကျောင်းသားအရေးတော်ပုံ<br>
ကျောင်းသားခေါင်းဆောင်မျိုးဆက်<br>
ကျောင်းသားခေါင်းဆောင်တစ်ဦး

နိုဝင်ဘာ (၇) ရက်၊ ၂၀၁၂။

Generated by CamScanner from intsig.com

## ဥဒါန်းမကြေ
## (၁၉၆၂ ခု၊ ဇူလိုင် ၇၊ ၈ ရက်)

မြန်မာ့နိုင်ငံရေးသမိုင်းမှာ ကျောင်းသားလူငယ်တို့ရဲ့ အခန်းကဏ္ဍဟာ အဓိကအကျဆုံးနေရာများက ပါဝင်ခဲ့ကြပါတယ်။ ၁၉၂၀ မှာ ပေါ်ပေါက်ခဲ့တဲ့ တက္ကသိုလ်ကျောင်းသားသပိတ်ကြီးဟာ မြန်မာ့နိုင်ငံရေးသမိုင်းမှာ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ စိန်ခေါ်သံကြီးအဖြစ် ဗြိတိသျှနယ်ချဲ့အစိုးရကို တုန်လှုပ်ချောက်ချားစေခဲ့တယ်။ ဒါတင်မက တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးရဲ့ အမျိုးသားရေးစိတ်ဓာတ်ကို လှုပ်နှိုးပြီး နောင်အမျိုးသားလွတ်လပ်ရေးတိုက်ပွဲအတွက် အောင်လံတံခွန်ကို အမြင့်မားဆုံး လွှင့်ထူနိုင်ခဲ့တယ်။ ပြည်သူလူထုတစ်ရပ်လုံး နိုင်ငံရေးအသိအမြင်တွေ တက်ကြွနိုးကြားလာစေခဲ့တဲ့ ပထမဆုံး နိုင်ငံရေးတိုက်ပွဲကြီးအဖြစ် မြန်မာ့သမိုင်းမှာ မော်ကွန်းတင်ထားရတယ်။

၁၉၃၆ ခုနှစ်မှာ ပေါ်ပေါက်ခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ကျောင်းသားသပိတ်နဲ့ ၁၉၃၈ ခုနှစ် ၁၃၀၀ ပြည့်အရေးတော်ပုံကြီးနဲ့အတူ ပေါ်ပေါက်ခဲ့တဲ့ တက္ကသိုလ်ကျောင်းသားသပိတ်တို့ဟာလည်း အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲနဲ့ ပေါင်းစည်းပါဝင်ခဲ့တဲ့အတွက် မြန်မာ့နိုင်ငံရေးသမိုင်းမှာ ကျောင်းသားလူငယ်တို့ရဲ့ အခန်းကဏ္ဍကို ပိုမိုပြီး ထွန်းပြောင်စေခဲ့တယ်။ ကျောင်းသားလူငယ်တွေဟာ အဓိကအကျဆုံးနေရာတွေက စွန့်လွှတ်အနစ်နာခံပြီး ပါဝင်ခဲ့ကြတာဟာလည်း ငြင်းပယ်မရတဲ့အချက်ပါပဲ။

Generated by CamScanner from intsig.com

အဲဒီလို အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှု တိုက်ပွဲတိုင်းလိုလိုမှာ ကျောင်းသားလူငယ်တွေနဲ့ ကျောင်းသားသမဂ္ဂတို့ဟာ တော်လှန်ရေးအောင်လံကို တပ်ဦးကနေကိုင်စွဲပြီး တစ်မျိုးသားလုံးလွတ်မြောက်ရေးတိုက်ပွဲတွေမှာ ဦးဆောင်ပါဝင်ခဲ့ကြတယ်။ မြန်မာနိုင်ငံ ကိုလိုနီဘဝကလွတ်မြောက်ပြီး လွတ်လပ်ရေးရရှိခဲ့တယ်။

ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂဟာ ၁၉၃၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပြီး နယ်ချဲ့ဆန့်ကျင်ရေး ဖက်ဆစ်တော်လှန်ရေးနဲ့ စစ်ပြီးခေတ် လွတ်လပ်ရေးတိုက်ပွဲတွေမှာ လူထုလှုပ်ရှားမှုတွေနဲ့ တစ်သားတည်း ရပ်တည်တိုက်ပွဲဝင်ခဲ့ကြတယ်။

လွတ်လပ်ရေးရရှိပြီး ပြည်ထောင်စုမြန်မာနိုင်ငံဘဝမှာလည်း ကျောင်းသားသမဂ္ဂဟာ မပြီးဆုံးသေးတဲ့ တာဝန်တွေကို ထမ်းဆောင်ခဲ့ကြရတယ်။ သမဂ္ဂအတွက် ဆက်လက်ကာကွယ်ခဲ့ကြရတယ်။ ၁၉၅၃ ခုနှစ်၊ အောက်တိုဘာ ကျောင်းတစ်လပိတ်အရေးတော်ပုံ၊ ၁၉၅၉-၆၀ ပထမစစ်အစိုးရလက်ထက် စစ်တပ်က အာဏာသိမ်းခြင်းကို ကန့်ကွက်ဆန္ဒပြမှုတွေဟာလည်း မှတ်တမ်းတင်ရမယ့် လှုပ်ရှားမှုတွေဖြစ်ပါတယ်။

ကိုလိုနီခေတ် ကျောင်းသားသမဂ္ဂနဲ့ ကျောင်းသားလှုပ်ရှားမှုတို့ရဲ့ သမိုင်းကို ပေါင်းချုပ်ကြည့်ရင် ...

၁။ ကျောင်းသားသမဂ္ဂတွေကို တဖြည်းဖြည်း စုစည်းယူတဲ့ သမိုင်း။

၂။ မြန်မာပြည်သူများ ဆင်နွှဲတဲ့ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲအတွင်း အရေးပါတဲ့ နိုင်ငံရေးအင်အားစုတစ်ရပ်အဖြစ် ပါဝင်တဲ့ သမိုင်း။

၃။ ကျွန်ပညာရေးစနစ်ကို ဖျက်သိမ်းပြီး အမျိုးသားပညာရေး ဖြစ်ပေါ်ရရှိဖို့ ကြိုးပမ်းတဲ့ သမိုင်း။

၄။ ကျောင်းသားသမဂ္ဂနဲ့ ကျောင်းသားလှုပ်ရှားမှုတို့ရဲ့ အောက်ပါနိုင်ငံရေးအစဉ်အလာ (၃) ရပ်ကို အခြေချတည်ဆောက်တဲ့ သမိုင်းဖြစ်တယ်။

(က) ကျောင်းသားသမဂ္ဂနဲ့ ကျောင်းသားလှုပ်ရှားမှုတို့ဟာ အမြဲတမ်း အမျိုးသားနိုင်ငံရေးလမ်းကြောင်းပေါ်မှာ ရပ်တည်ခဲ့တယ်။

Generated by CamScanner from intsig.com

(ခ) ကျောင်းသားသမဂ္ဂနဲ့ ကျောင်းသားလှုပ်ရှားမှုတို့ဟာ သီးခြားလွတ်လပ်တဲ့ အမျိုးသားနိုင်ငံရေးအင်အားစုကြီး ဖြစ်တယ်။ ဘယ်နိုင်ငံရေးပါတီအသင်းအဖွဲ့တစ်ခုခုရဲ့ လက်အောက်ခံနဲ့ အသုံးချခံမဟုတ်ဘူး။

(ဂ) ဘယ်ခေတ်ပြိုင်အာဏာတစ်ရပ်ရပ်ရဲ့ အသုံးချခံ အင်အားစုမှ မဖြစ်ခဲ့ဘူးဆိုတာတွေ ဖြစ်တယ်။

လွတ်လပ်ရေးခေတ်ဦးဖြစ်တဲ့ ၁၉၄၈ ခုနှစ်ကနေ ယနေ့ကာလ ၂၀၁၂ ခုနှစ်အထိ ကျောင်းသားသမဂ္ဂနဲ့ ကျောင်းသားလှုပ်ရှားမှုတို့ရဲ့သမိုင်းကို ပေါင်းချုပ် ကြည့်ရင် ...

၁။ ကိုလိုနီခေတ် ကျောင်းသားသမဂ္ဂနဲ့ ကျောင်းသားလှုပ်ရှားမှု တို့ရဲ့ အဆက်ဖြစ်တယ်။ ကိုလိုနီခေတ် ကျောင်းသား သမဂ္ဂနဲ့ ကျောင်းသားလှုပ်ရှားမှုတို့ရဲ့ နိုင်ငံရေးအစဉ် အလာကို ဆက်ခံကိုယ်စားပြုတဲ့သမိုင်း။

၂။ နယ်ချဲ့ဆန့်ကျင်ရေး၊ ကိုလိုနီစနစ်သစ်/စနစ်ဟောင်း ဆန့် ကျင်ရေး၊ အမျိုးသားရေးနဲ့ မြန်မာ့လွတ်လပ်ရေးကို ထိန်းသိမ်းနိုင်ရေးအတွက် ပြည်သူလူထုနဲ့အတူ ပူးပေါင်း ပါဝင်ခဲ့တဲ့သမိုင်း။

၃။ ကမ္ဘာ့စစ်ဆန့်ကျင်ရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေး၊ ပြည်တွင်းစစ် ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးတို့အတွက် ပြည်သူများ နဲ့အတူ တိုက်ပွဲဝင်ခဲ့တဲ့သမိုင်းဖြစ်တယ်။


၄။ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး၊ လူ့အခွင့်အရေးနဲ့ အထွေထွေဒီမိုကရေစီရေးတိုက်ပွဲကို ပုံစံမျိုးစုံနဲ့ တိုက်ပွဲ ဝင်ခဲ့တဲ့သမိုင်း။ အထူးသဖြင့် စစ်အာဏာရှင်စနစ် ဆန့် ကျင်ရေးတိုက်ပွဲအတွင်းမှာ ပိုမိုအရေးပါတဲ့ လူထုအင်အား စုကြီးတစ်ရပ်အဖြစ် ပါဝင်ခဲ့တဲ့သမိုင်း။

၅။ ကမောက်ကမ ပညာရေးစနစ် ဖျက်သိမ်းရေး၊ အမျိုးသား လက္ခဏာဆောင်တဲ့၊ သိပ္ပံနည်းကျတဲ့၊ ခေတ်မီတဲ့၊ အများအတွက်ဖြစ်တဲ့ အမျိုးသားပညာရေးစနစ် တည် ဆောက်ရေးနဲ့ ကျောင်းသားထုကြီးတစ်ရပ်လုံးရဲ့ ပညာ

Generated by CamScanner from intsig.com


အိုးဝေ မဂ္ဂဇင်း


ရန်ကုန်
တက္ကသိုလ်
နှစ်လည်မဂ္ဂဇင်း
NATTHI VIJJA
SAMAM MITTAM
RANGOON UNIVERSITY ANNUAL MAGAZINE


၁၉၅၂
1950
The
RANGOON
UNIVERSITY
Annual Magazine



တပေ၊ ပညာ၊ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တကသ က ဦးစီးပြီး ဝာစ်နှစ်တစ်ကြိမ် ဒိုးဝေမဂ္ဂဇင်း။ ရန်ကုန်တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းနဲ့ တက္ကသိုလ်ကလောင်အသင်းက ပုလဲပန်းမဂ္ဂဇင်း ထုတ်ဝေတာ၊ တက္ကသိုလ်သတင်းထောက်အသင်းက သတင်းစာပညာ ဖြန့်ဝေမှု၊ နှစ်နှစ်တစ်ကြိမ်ကျင်းပတဲ့ ကျောင်းသားပွဲတော်၊ အားကစားပြိုင်ပွဲတွေ၊ တက္ကသိုလ်မောင်မယ်ပြိုင်ပွဲတွေ၊ မိရိုးဖလာပွဲတွေဖြစ်ကြတဲ့ သီတင်းကျွတ်၊ တန်ဆောင်တိုင်၊ ကထိန်ပွဲများ၊ ဆရာကန်တော့ပွဲတွေ၊ အဆောင်နေကျောင်းသားတို့ရဲ့ နှစ်ပတ်လည်ညစာစားပွဲတွေနဲ့ နေ့ကျောင်းသူ ကျောင်းသားအသင်းအမျိုးမျိုးက လေ့လာရေးခရီးတွေ၊ အဆောင်တွင်းပျော်ပွဲရွှင်ပွဲတွေ ကျင်းပ ပြုလုပ်တာတွေ ရှိခဲ့ကြတယ်။

ဒါအပြင် တက္ကသိုလ်နဲ့ ကောလိပ်တွေကို ကိုယ်စားပြုတဲ့ ကျောင်းသားသမဂ္ဂတို့ပါဝင်တဲ့ တက္ကသိုလ်နဲ့ ကောလိပ်ပေါင်းစုံ ဆွေးနွေးပွဲကို ၂ နှစ်တစ်ကြိမ် ပုံမှန်ခေါ်ဆို ကျင်းပလေ့ရှိတယ်။ ဒီဆွေးနွေးပွဲတွေဟာ အဓိကအားဖြင့် တက္ကသိုလ်ပညာရေးနဲ့ သက်ဆိုင်တဲ့ကိစ္စတွေ၊ ကျောင်းသားထုတစ်ရပ်လုံးနဲ့ သက်ဆိုင်တဲ့ကိစ္စတွေကို ဆွေးနွေးဆုံးဖြတ်ကြတာဖြစ်တယ်။

တကယ်တော့ မြန်မာနိုင်ငံကျောင်းသားထုရဲ့ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေးတိုက်ပွဲဟာ ပထမအကြိမ် စစ်အစိုးရ အာဏာသိမ်းပြီး အိမ်စောင့်အစိုးရလို့ ခေါ်ခဲ့တဲ့ကာလက စတင်ခဲ့တာပါပဲ။

၁၉၅၈–၁၉၅၉ စာသင်နှစ် တကသ အမှုဆောင်အဖွဲ့ရဲ့ ကျမ်းသစ္စာကျိန်ဆိုပွဲကို ၁၉၅၈ ခုနှစ်၊ ဇက်တင်ဘာ ၂၆ ရက်မှာ ကျင်းပခဲ့တယ်။ အဲဒီနေ့မှာပဲ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုက ဗိုလ်ချုပ်ကြီးနေဝင်း ဆိုသူကို အာဏာလွှဲပြောင်းပေးခဲ့တယ်။ ဒါဟာ အစိုးရအာဏာကို သွေးထွက်သံယို မဖြစ်စေဘဲ အဓမ္မသိမ်းယူတာ၊ ပြည်သူလူထုအတွင်း ဒီမိုကရေစီအခွင့်အရေးတွေကို ပိတ်ပင်တားဆီးတာလို့ တကသက သဘောထားခဲ့တယ်။ ဗကသများအဖွဲ့ချုပ်နဲ့ ပူးပေါင်းပြီး ဇက်တင်ဘာ ၃၀ ရက်မှာ စည်းဝေးကန့်ကွက်ခဲ့ကြ၊ နောက် တက္ကသိုလ်ဝင်းအတွင်း လှည့်လည်ဆန္ဒပြခဲ့ကြတယ်။

ရန်ကုန်တက္ကသိုလ် အဓိပတိသစ်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း ဆိုသူက ၁၉၅၈ ခုနှစ်၊ ဒီဇင်ဘာ ၂ ရက် ဘွဲ့နှင်းသဘင်မိန့်ခွန်းမှာ ကျောင်းစည်းကမ်းနဲ့ပတ်သက်ပြီး ''ကျောင်းသားလောကမှာ စည်းကမ်းပျက်နေတယ်။ ကျောင်းကြီးကို မီးရှို့ချင်တဲ့ ကျောင်းသားမျိုးဟာ သူတို့လူကြီးဖြစ်တဲ့ခေတ်



ရောက်ရင် ဘယ်လိုတိုင်းပြည်မျိုး ပန်တီးမယ်ဆိုတာ မတွေးဝံ့ဘူး။ ကျုပ်အစိုးရ လက်ထက်မှာ စည်းကမ်းသေဝပ်မှုရအောင် အုတ်မြစ်ချခဲ့မယ်" လို့ ပြောကြားခဲ့တယ်။ ဒါကိုကန့်ကွက်တဲ့အနေနဲ့ ၁၉၅၈ ခုနှစ် ဒီဇင်ဘာ ၈ ရက်မှာ ကျောင်းသားများက မီးတုတ်ကိုင် ဆန္ဒပြခဲ့ကြတယ်။

ပထမစစ်အစိုးရလက်ထက် ၁၉၅၉ ခု တက္ကသိုလ်အက်ဥပဒေ ပြင်ဆင်ချက်မူကြမ်းကို ပြုလုပ်ခဲ့တယ်။ ဒါဟာ ပါမောက္ခချုပ်တစ်ဦးတည်းကို အာဏာရှင်အဖြစ်ကို ရောက်စေတာ၊ ကျောင်းသားရေးရာမှူးတွေ ခန့်ထားတာဟာလည်း တက္ကသိုလ်လောကမှာ ပြင်ပက ဝင်ရောက်စွက်ဖက်ခွင့်ရစေပြီး ကျောင်းသားအခွင့်အရေးတွေကို ပိတ်ပင်တားဆီးဖို့ ရည်ရွယ်တာဖြစ်တဲ့အတွက် ၁၉၅၉ ခုနှစ် ဇန်နဝါရီ



၁၆ ရက်မှာ တကသအထူးအစည်းအဝေးခေါ်ယူပြီး တက္ကသိုလ်နယ်မြေအတွင်း လှည့်လည်ဆန္ဒပြ ကန့်ကွက်ခဲ့ကြတယ်။







ကိုဝင်းမောင်ဘုန်း၊



ကိုမြသောအဘ




ကိုအောင်ဘုန်း



ကိုမြင့်ဦး



ကိုစိ



ကိုဝင်းအောင်၊ ကိုဘာကောင်း၊ ကိုယု၊ ကိုကော်ဝင်း

၁၉၅၉ ခုနှစ်၊ ဧပြီ ၃ ရက်မှာ စစ်တပ်၊ ပုလိပ်တွေနဲ့ တကသ အဆောက်အဦကို ဝိုင်းပြီး တကသဥက္ကဋ္ဌနဲ့ အမှုဆောင်တွေကို ဖမ်းဆီးခဲ့တယ်။ ဧပြီ ၄ ရက်မှာ တကသ က အလံနက်တွေလွှင့်ထူပြီး ကန့်ကွက်ခဲ့ကြတယ်။ တကသဥက္ကဋ္ဌ ကိုခင်မောင်အုန်း။ အတွင်းရေးမှူးဟောင်း ကိုအောင်ဘန်းနဲ့ အမှုဆောင် ကိုဗိုးသာဘေးတို့ကို ကိုကိုးကျွန်းဆီ ပို့ခဲ့တယ်။ ဗကသဒုဥက္ကဋ္ဌ (တကသ အမှုဆောင်ဟောင်း) ကိုမြင့်ဦး၊ တကသဒုဥက္ကဋ္ဌ ကိုစိ၊ အင်းဝဆောင် သဟာယနှင့် စာပတ်အသင်းအမှုဆောင် ကိုကိန်းငွေ၊ ကျောင်းသားညီညွတ်ရေးတပ်ဦး အမှုဆောင် ကိုကိုကြီးနဲ့ ရှမ်းအမျိုးသား စိုင်းခွံဆိုင်းတို့ ဖမ်းဆီးခံခဲ့ရတယ်။ တကသဒုဥက္ကဋ္ဌ ကိုဘကောင်း။ အတွင်းရေးမှူးကိုခင်အောင်၊ အမှုဆောင်ကိုယုနဲ့ ဗကသဥက္ကဋ္ဌ ကိုဖော်ဝင်းတို့ ဝရမ်းထုတ်ခံရလို့ ၄၉၄ ရက် ရှောင်တိမ်းနေခဲ့ရတယ်။

၁၉၅၉-၁၉၆၀ စာသင်နှစ် တက္ကသိုလ်ပြန်ဖွင့်တဲ့အခါမှာ တကသ ကိုယ်စားလှယ်နှစ်ဦးပါတဲ့ ကျောင်းဆောင်ကော်မတီကို ဖျက်သိမ်းပြီး စစ်အစိုးရ အလိုကျ ကျောင်းဆောင်နေရာချထားရေးကို လုပ်လာခဲ့တယ်။ ဇွန် ၂၉ ရက် ညမှာ ကျောင်းသား ၃၀၀ ကျော်က မီးဒုတ်တွေကိုင်ပြီး ကျောင်းဆောင်နေရာချ ထားရေးမူသစ်ကို ဆန္ဒပြ ကန့်ကွက်ခဲ့ကြတယ်။


အိမ်စောင့်အစိုးရလက်ထက်မှာ အဖမ်းခံထားရတဲ့ ကျောင်းသားတွေကို တမေးပွဲဖြေဆိုခွင့်ရဖို့ သမဂ္ဂက တောင်းဆိုခဲ့ရာ တစ်ဦးတစ်ယောက်မှ ဖြေဆိုခွင့် မရခဲ့ကြဘူး။

သမဂ္ဂဝင်ကြေး ကောက်ခံပေးရေးကိစ္စမှာလည်း ၁၉၅၉-၁၉၆၀ စာသင်နှစ် မှာ တစ်ဝက်တစ်ပျက်နဲ့ ရပ်ဆိုင်းခဲ့ပြီး ၁၉၆၀-၁၉၆၁ စာသင်နှစ်မှာတော့ လုံးဝ ကောက်ခံမပေးခဲ့တော့ဘူး။ ဒါဟာ သမဂ္ဂရဲ့ရေသောက်မြစ်ကို ကောက်ကျစ်တဲ့ နည်းနဲ့ ဖြတ်တောက်လိုက်တာဖြစ်တယ်။

တကသ ခေါင်းဆောင်တွေကိုဖမ်း။ တကသလုပ်ငန်းတွေကို ပျက်ပြားစေ ပြီး တကသကို ဖြိုကွဲပျက်စီးဖို့ ကြိုးပမ်းခဲ့ပေမယ့် ကျန်ရှိတဲ့အမှုဆောင်တွေနဲ့ ကျောင်းသားထုက တကသ အစည်းအဝေးကို ဩဂုတ်လ ၈ ရက်မှာ ကျင်းပခဲ့တယ်။ ဆရာကျောင်းသားပူးပေါင်းပြီး တကသရွေးကောက်ပွဲကို ၁၉၅၉ ခုနှစ်၊ စက်တင် ဘာ ၃ ရက်မှာ အောင်မြင်စွာကျင်းပနိုင်ခဲ့တယ်။ စက်တင်ဘာ ၂၅ ရက်မှာ ဥက္ကဋ္ဌသစ် ကျမ်းသစ္စာကျိန်ဆိုနိုင်ခဲ့တယ်။

Generated by CamScanner from intsig.com







ကိုထဓဆွေလေး




ကိုညက်ရင်



ကိုမြင့်သိန်း

Generated by CamScanner from intsig.com





အောက်တိုဘာကျောင်းပိတ်ရက်အတွင်း ပြည်နယ်တွေနဲ့ ခရီးသွားလာရေး ခက်ခဲပြီး အိမ်မပြန်နိုင်တဲ့ ကျောင်းသားတွေကို အဆောင်ခ ၁၄ ကျပ်ယူပြီး အမရနဲ့ ရာမည နှစ်ဆောင်မှာသာ နေထိုင်ခွင့်ပြုမယ်လို့ ထုတ်ပြန်ကြေညာခဲ့တယ်။ ကျောင်းသားထုက ဒါဟာ တကသရဲ့အစဉ်အလာကို ဆန့်ကျင်တာ၊ ကျောင်းသားထုရဲ့ လှုပ်ရှားရေးကို နှောင့်ယှက်တာလို့ ယူဆခဲ့တယ်။

နောက်ကျောင်းပိတ်ရက်အတွင်း တက္ကသိုလ်အရန်တပ်ရင်းကို ခုတုံးလုပ်ပြီး တက္ကသိုလ်နယ်မြေမှာ စစ်အခြေခံစခန်းများ လာဖွင့်မယ်လို့ ကြေညာပြန်တယ်။ ဒါကြောင့် စက်တင်ဘာ ၂၃ ရက်နေ့ တကသအဆောက်အဦမှာ ကျောင်းသားထုအစည်းအဝေး ခေါ်ပြီး ကန့်ကွက်ခဲ့တယ်။ တက္ကသိုလ်နယ်မြေအတွင်း လှည့်လည်ပြီး ဆန္ဒပြခဲ့တယ်။

ဒါတွေဟာ ပထမစစ်အစိုးရ အုပ်ချုပ်တဲ့ကာလ ကျောင်းသားထုနဲ့ ကျောင်းသားသမဂ္ဂတွေရဲ့ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး ပွဲဆော်ဦးတိုက်ပွဲတွေပါပဲ။

ဒီနေရာမှာ ကျောင်းသားသမဂ္ဂနဲ့ ကျောင်းသားလှုပ်ရှားမှုတွေအတွင်း တိုင်းရင်းသားလူမျိုးစုကျောင်းသားတွေအနေနဲ့ သူတို့ကိုယ်စားပြုတဲ့အဖွဲ့အစည်းတွေ

Generated by CamScanner from intsig.com

ရဲ့ ပါဝင်မှုအနေအထားကို အကျဉ်းတင်ပြချင်ပါတယ်။

၁၉၅၆ ခုနှစ် ပညာသင်နှစ်ရောက်လာတဲ့အခါ တက္ကသိုလ်ကို တိုင်းရင်းသားမျိုးနွယ်စုကျောင်းသားတွေ သိပ်မရောက်ကြသေးပါဘူး။ ရောက်သလောက်ကျောင်းသားတွေက အရေအတွက်နည်းပေမယ့် ပညာရေး၊ ဘာသာရေး၊ လူမှုရေးကိစ္စတွေကို အကြောင်းပြုပြီး မျိုးနွယ်စုအလိုက် စုစုစည်းစည်း နေထိုင်လှုပ်ရှားကြတာကို တွေ့ရတယ်။ ဖြစ်ရပ်တွေနဲ့ ညှိပြီး ပြန်စဉ်းစားကြည့်တဲ့အခါ မျိုးနွယ်စုတစ်ခုချင်းစီအလိုက် နိုင်ငံရေး၊ စည်းရုံးရေးအရ စည်းရုံးစုစည်းပြီး အရေးပါတဲ့နိုင်ငံရေးအင်အားစုကြီးတစ်ရပ်အဖြစ်နဲ့ လွတ်လပ်ရေးတိုက်ပွဲအတွင်း ပါဝင်လာခဲ့ကြတယ်။ ဥပမာ ရှမ်း၊ ကရင်၊ ရခိုင်။

၁၉၄၈–၁၉၄၉ လောက်ရောက်တဲ့အခါ ကရင်၊ မွန်၊ ကယား စတဲ့မျိုးနွယ်စုတွေ လက်နက်ကိုင်တော်လှန်ရေးလုပ်သွားကြတယ်။ ၁၉၅၆ ခုနှစ် ပတ်ဝန်းကျင်မှာ မြေပြန့်ချင်းများ၊ ၁၉၅၉ ခုအတွင်းမှာ ရှမ်းမျိုးနွယ်စုတွေ၊ ၁၉၆၀–၁၉၆၁ လောက်ရောက်လာတဲ့အခါ ကချင်၊ ပအိုဝ်၊ ပလောင် စတဲ့မျိုးနွယ်စုတွေ လက်နက်ကိုင်တော်လှန်ရေးထဲ ပါသွားကြတယ်။ အဲဒီကာလတဲ့ မျိုးနွယ်စုတွေရဲ့ လက်နက်ကိုင်တော်လှန်ရေးများဟာ ရန်ကုန်တက္ကသိုလ်ကို ရောက်နေကြတဲ့ သက်ဆိုင်ရာမျိုးနွယ်စုကျောင်းသားတွေအတွင်း နိုင်ငံရေး၊ စည်းရုံးရေးအရ တစ်စုံတစ်ရာ ရိုက်ခတ်မှုရှိပြီး တစ်နည်းမဟုတ်တစ်နည်း ဆက်စပ်နေခဲ့ကြတယ်။ ထင်ရှားတဲ့ ဥပမာတချို့ပြရရင် နအဖခေတ်မှာ ထောင်ဒဏ် ၁၀၆ နှစ် ကျခံခဲ့ရတဲ့ ဗိုလ်ချုပ်ဆေထင် (ရှင်းကျောင်းသားစိုင်းကျော်စိန်)၊ ယှူဂျင်းသိုက်(ရှမ်း)၊ စောဒေးဗစ်တာကပေါ(ကရင်၊ တကသအမှုဆောင်ဟောင်း စောကသာကလာ)၊ ဗဒိုမန်းရှာ(ကရင်)၊ ဦးရွှေအေးခေါ် ငိန်းကယန်းထန်(ကယန်း)၊ နိုင်ဖေသိန်းဇာ(မွန်)၊ ကိုလှဖေ(ဦးတင့်ဇော်)ရခိုင်၊ နန်ဇင်လာ(ကချင်)တို့ ဖြစ်တယ်။

ကျောင်းသားသမဂ္ဂနဲ့ ကျောင်းသားလှုပ်ရှားမှုတွေအတွင်း လူမျိုးစုကျောင်းသားတွေရဲ့ပါဝင်မှုကို ၁၉၅၃ ခုနှစ်လောက်မှာ စတင်တွေ့ရှိရတယ်။ ၁၉၅၃ ခုနှစ်မှာ ဖွဲ့စည်းပေါ်ပေါက်လာတဲ့ "ရန်ကုန်တက္ကသိုလ် ကျောင်းသားညီညွတ်ရေးတစ်ဦး" **(RUSUF - Rangoon University Student United Front)** ဟာ ပြည်မကကျောင်းသားတွေနဲ့ ရန်ကုန်တက္ကသိုလ်ကို ရောက်ရှိနေကြတဲ့ တိုင်းရင်းသားမျိုးနွယ်စုကျောင်းသားတွေ ဆွေးနွေးညှိနှိုင်းသဘောတူကြပြီး ဖွဲ့စည်းခဲ့ကြတာဖြစ်တယ်။

Generated by CamScanner from intsig.com

ရည်ရွယ်ချက်အားဖြင့် ...

၁။ ကျောင်းသားအခွင့်အရေးကာကွယ်ရေး၊ အဆင့်အတန်းမြင့်သော ပညာရေးနှင့် ကျောင်းသားဘဝ သာယာဖြောင့်ဖြူးရေး။

၂။ ကျောင်းသားထုညီညွတ်ရေးနှင့် တရားမျှတသော ကျောင်းသားအရေးပြဿနာတိုင်းတွင် ဆောင်ရွက်လိုသော ကျောင်းသားအင်အားစုများ၊ ကျောင်းသားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး။

၃။ ငြိမ်းချမ်းစွာပညာသင်ကြားရေး၊ ယဉ်ကျေးမှုမြင့်တင်ရေးနှင့် ကျောင်းသားအချင်းချင်း ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံရေးတို့ ဖြစ်တယ်။

၁၉၆၀–၁၉၆၁ ရောက်တဲ့အခါ ''ရန်ကုန်တက္ကသိုလ် လူမျိုးစုကျောင်းသားများ အဖွဲ့ချုပ်''ကို ဖွဲ့စည်းပြီး လူမျိုးစုကျောင်းသားသမိုင်းမှာ ကဏ္ဍသစ်တစ်ရပ်အဖြစ် မော်ကွန်းတင်နိုင်ခဲ့တယ်။ ဒီအဖွဲ့ချုပ်ဟာ ...

၁။ မည်သည့်အစည်းအရုံး၊ မည်သည့်နိုင်ငံရေးပါတီများ၏ လက်အောက်ခံ ဩဇာခံ မဖြစ်ရေး။

၂။ လုပ်ငန်းစဉ်အားဖြင့်ဖြစ်စေ၊ ရည်ရွယ်ချက်အားဖြင့်ဖြစ်စေ တူညီသော မည်သည့်အသင်းအဖွဲ့နှင့်မဆို ပူးတွဲလုပ်ဆောင်ရေး။

၃။ ပညာရေး၊ ယဉ်ကျေးမှုနှင့် အမျိုးသားရေးများကို လုပ်ဆောင်ရေး၊ လူမျိုးစုကျောင်းသားများအချင်းချင်း ချစ်ကြည်ရင်းနှီးရေး။

၄။ လူမျိုးစုများ၏ တန်းတူညီမျှရေးနှင့် လွတ်လပ်ရေးစိတ်ဓာတ်ကို ဖော်ထုတ်မြှင့်တင်ပေးရေး စတဲ့မူဝါဒတွေ ရှိခဲ့တယ်။

ကျောင်းသားများသမဂ္ဂကို ပြည်မနဲ့ လူမျိုးစုကျောင်းသားတို့အတွင်း နှီးနှောညှိနှိုင်းယှဉ်ချက်အရ တာဝန်ယူနိုင်ကြတဲ့ ကျောင်းသားတွေက ကျောင်းသားခေါင်းဆောင်များအဖြစ် တာဝန်ခံဆောင်ရွက်ခဲ့ကြတာဖြစ်တယ်။ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဗဟိုအလုပ်အမှုဆောင် စတဲ့ တာဝန်ခွဲဝေမှုတွေကို ကာလအလိုက်၊ လိုအပ်ချက်အလိုက် ကျောင်းသားညီညွတ်ရေးတပ်ဦးမှာ တင်ပြဆွေးနွေးကြပြီး တာဝန်ခွဲဝေဆောင်ရွက်ကြတာမျိုး ဖြစ်တယ်။ လူမျိုးစုကျောင်းသားတွေဟာ ကျောင်းသားသမဂ္ဂနဲ့ ကျောင်းသားလှုပ်ရှားမှုအတွင်း တစ်စုံတစ်ရာအရေးပါတဲ့ ခေါင်းဆောင်မှုနဲ့ အင်အားစုတစ်စုအဖြစ် ပါဝင်ခဲ့ကြတာဖြစ်တယ်။ သူတို့ဟာ ကျောင်းသားသမဂ္ဂအတွင်း သာမန်ဗဟိုအလုပ်အမှုဆောင်အဆင့်နဲ့သာမက ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူးနဲ့ အရေးပါတဲ့ လုပ်ငန်းတာဝန်ခံအဖြစ် ပါဝင်ခဲ့တဲ့ အစဉ်အလာရှိခဲ့တယ်။ ကျောင်းသားညီညွတ်

Generated by CamScanner from intsig.com

ရေးတစ်ဦးမှာ ကိုခင်အောင်(ရခိုင်)၊ စသိန်းရွှေ(ကရင်)၊ နိုင်တင်ဖေ(မွန်) စတဲ့သူတွေဟာ ဥက္ကဋ္ဌနဲ့ ဒုဥက္ကဋ္ဌတာဝန်တွေ ထမ်းဆောင်ခဲ့ကြတယ်။ ကိုသာဘန်း(ရခိုင်)၊ ကိုမြင့်ဦး၊ခေါ် မောင်လင်းယုန်(ရှမ်းပြည်) စတဲ့ကျောင်းသားတွေဟာ ဗကသများအဖွဲ့ချုပ်ရဲ့ ဒုဥက္ကဋ္ဌတာဝန်များ ထမ်းဆောင်ခဲ့ကြတယ်။ ဗကသများအဖွဲ့ချုပ်ဟာ အာရှတိုက်ကို ကိုယ်စားပြုတဲ့ အမျိုးသားကျောင်းသားများသမဂ္ဂ (NUS - National Union of Students) အဖွဲ့ဝင်ဖြစ်သလို အမြဲတမ်းသဘာပတိအခွင့်အရေးကို တရုတ်၊ ဂျပန်တို့နဲ့အတူ ရရှိခဲ့တာဖြစ်တယ်။ ကမ္ဘာ့ကျောင်းသားများသမဂ္ဂ (IUS - International Union of Students) ရဲ့ ဗဟိုအလုပ်အမှုဆောင်မှာ ဒုဥက္ကဋ္ဌနေရာ ပေးအပ်ခံခဲ့ရတာဖြစ်တယ်။

၁၉၆၂ ခုနှစ်၊ မတ်လ၊ ၂ ရက်မှာ ဗိုလ်ချုပ်နေဝင်းဆိုသူက ဒုတိယအကြိမ် နိုင်ငံတော်အာဏာကို သိမ်းယူခဲ့ပြန်ပါတယ်။

၁၉၆၂ ခုနှစ်၊ ဧပြီ ၃၀ ရက်မှာ ၁၁ ကြိမ်မြောက် တပ်မှူးညီလာခံကို ရတနာပုံရေတပ်စခန်းမှာ ကျင်းပခဲ့ပြီး တော်လှန်ရေးကောင်စီရဲ့ ဝါဒသဘောထားဖြစ်တဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ကြေညာခဲ့တယ်။ မေလ၊ ၂ ရက်မှာ ညီလာခံက ဝါဒသဘောထားကို ထောက်ခံခဲ့တယ်။ အာဏာသိမ်း စစ်ခေါင်းဆောင် ဗိုလ်ချုပ်နေဝင်း ဆိုသူက ''တော်လှန်ရေးကောင်စီရဲ့ ကျောထောက်နောက်ခံဖြစ်တဲ့ တပ်မတော်ကြီး တစည်းတလုံးတည်းရှိနေတဲ့အတွက် မည်သည့်အန္တရာယ်မှ စိုးရိမ်စရာ မရှိတော့ဘူး'' လို့ ပြောဆိုခဲ့တယ်။

၁၉၆၂–၁၉၆၃ စာသင်နှစ် ကျောင်းပြန်ဖွင့်တာနဲ့ တစ်ပြိုင်နက် စစ်အစိုးရက ကျောင်းသားလှုပ်ရှားမှုတွေကို နှိပ်ကွပ်ဖို့ ကြိုးရွယ်ချက်တွေကို စတင် အကောင်အထည် ဖော်လာခဲ့တယ်။

– တက္ကသိုလ်ကောင်စီမှာရှိတဲ့ ကျောင်းသားကိုယ်စားလှယ်နှစ်ဦးဖြစ်တဲ့ မစ္စတာတီပီဝေါင်းနဲ့ ဒေါက်တာမောင်မောင်ကျော်တို့ကို တက္ကသိုလ်ကောင်စီမှ ထုတ်ပယ်ခဲ့တယ်။

– ကျောင်းဆောင်ဆပ်ကော်မတီမှာရှိတဲ့ တကသကိုယ်စားလှယ်နှစ်ဦးဖြစ်တဲ့ ကိုလှရွှေနဲ့ ကိုခွန်ဝင်းလှိုင်တို့ကို ကော်မတီမှ နုတ်ပယ်ခဲ့တယ်။ သူတို့နှစ်ဦးဟာ ရန်ကုန်တက္ကသိုလ်သဟာယနဲ့ စာဖတ်အသင်းများအဖွဲ့ချုပ်ရဲ့ ၁၉၆၁–၁၉၆၂ ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတွေ ဖြစ်ကြတယ်။

၁၉၆၂ ခု၊ မေလ၊ ၉ ရက်နေ့မှာ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်

Generated by CamScanner from intsig.com

## ကျောင်းသားလှုပ်ရှားမှုတွင် ပါဝင်ခဲ့သော လူမျိုးစုကျောင်းသားခေါင်းဆောင်များ



ဦးရွှေအေး



ယှုကျင်းသိုက်



ဦးတင့်ဇော်



ဦးသာဘန်း(ရခိုင်)



ဗိုလ်ချုပ်ဆေထင်



ဖဒိုမန်းရှာလာဖန်း



စောဒေးဖစ်သာကပေါ



ကိုခင်အောင်(ရခိုင်)

Generated by CamScanner from intsig.com

နေဝင်းဆိုသူက တက္ကသိုလ်အက်ဥပဒေကို ရုပ်သိမ်းတဲ့ပြဌာန်းချက်ကို အခုလို ကြေညာခဲ့တယ်။

## ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ

နိုင်ငံတော် တော်လှန်ရေးကောင်စီအစိုးရသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ (၁) ဤဥပဒေကို ၁၉၆၂ ခုနှစ် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည် ချက်ချင်းအာဏာတည်ရမည်။

၂။ (၁) ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

၃။ ဤဥပဒေ စတင်အာဏာတည်သည့်အချိန်မှစ၍ နိုင်ငံတော်တော်လှန်ရေး အစိုးရသည် ရန်ကုန်တက္ကသိုလ်အား အဆိုပါရုပ်သိမ်းခြင်းခံရသော ရန်ကုန်တက္ကသိုလ်အက်ဥပဒေဖြင့် ပေးအပ်သည့်အာဏာနှင့် တာဝန်ဝတ္တရားများကို ဆက်လက်သုံးစွဲဆောင်ရွက်ရမည်။

ပုံ

(ဗိုလ်နေဝင်း)

ဥက္ကဋ္ဌ

နိုင်ငံတော် တော်လှန်ရေးကောင်စီ

၁၉၆၂ ခုနှစ်၊ မေလ၊ ၉ ရက်။

၁၉၆၂ ခု၊ မေလ ၁၀ ရက်နေ့ မွန်းလွဲ ၁ နာရီ၊ မိနစ် ၃၀ အချိန် ရန်ကုန်မြို့ ဒဂုန်ရိပ်သာမှာ ဗိုလ်နေဝင်းဆိုသူက တက္ကသိုလ်ကောင်စီဝင်လူကြီးတွေကို ခေါ်ယူတွေ့ဆုံခဲ့တယ်။ ပညာမင်းကြီး ဦးဘိုးထို၊ ပါမောက္ခချုပ် ဒေါက်တာသာလှ၊ ဆေးသိပ္ပံမဟာဌာန ပါမောက္ခ ဒေါက်တာမောင်မောင်အေး၊ ပါမောက္ခ ဒေါက်တာမောင်မောင်ခ၊ မြို့တော်ဝန် ဦးကျော်မင်း၊ အတွင်းဝန် ဦးကျော်ညွန့်၊ ဆရာကြီး ဦးဖေမောင်တင်၊ ဦးအုန်း၊ ပါမောက္ခချုပ်တွေဖြစ်ကြတဲ့ ဦးလှသွင်၊ ဦးအေးလှိုင်၊ ဦးဘတုတ်၊ ဦးအောင်ခင်၊ ဒေါက်တာဘလိုတို့ တက်ရောက်ကြရတယ်။ အဲဒီလို တွေ့ဆုံရာမှာ ဗိုလ်ချုပ်နေဝင်းဆိုသူက ...

''ကျောင်းတော်ကြီးရဲ့ အရေးကြီးဆုံး ဖြစ်ပျက်နေတဲ့ အခြေအနေကို

ပြောရရင် ကျောင်းသားနဲ့ ဆရာ သူ့ငါမရှိသေ၊ ငါ့သူမရှိသေ ဆိုသလိုဖြစ်နေတဲ့ အချက်ဖြစ်တယ်။ ဆရာလောကရော ကျောင်းသားလောကပါ နိုင်ငံရေးပယောဂ တွေ ဝင်နေကြတယ်။ ရှင်းရှင်းပြောရရင် အရှေ့အုပ်စုရော အနောက်အုပ်စုပါ ပယောဂတွေ ဝင်နေကြတယ်။ ဒီအတိုင်းဆက်သွားနေရင် တိုင်းပြည် ဘယ်တော့မှ ကောင်းစားမှာမဟုတ်တော့ဘူး။ တက္ကသိုလ်လောကမှာ အစိုးရအာဏာရှိသူတွေက လည်း ဝင်ရောက်ပြီး နိုင်ငံရေးကစားနေကြတယ်။ ဒီကနေ့ ကောင်စီလူကြီးတွေကို ခေါ်ပြီး ပြောရတာကတော့ တက္ကသိုလ်ကောင်စီကို ဖျက်သိမ်းလိုက်ပြီ ဆိုတာပဲ"လို့ ပြောဆိုပြီး ၁၉၆၁–၁၉၆၂ ပညာသင်နှစ် တက္ကသိုလ်ကောင်စီကို ဖျက်သိမ်းလိုက်ပါ တယ်။ ဒါဟာ တက္ကသိုလ်အုပ်ချုပ်ရေးကို တော်လှန်ရေးကောင်စီက အာဏာသိမ်း လိုက်ခြင်းပဲလို့ ကျောင်းသားသမဂ္ဂများက ဝေဖန်ခဲ့တယ်။

၁၉၆၂ ခုနှစ်၊ မေလ ၁၁ ရက်မှာ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသာလှ နုတ်ထွက်သွားပြီး၊ မြန်မာစာပါမောက္ခ ဦးအေးမောင် အငြိမ်းစား



ဒေါက်တာသာလှ



ဦးဧမောင်



မင်းသုဝဏ်



ဗိုလ်ဝင်းမှူး



ဗိုလ်သန်းဝင်း



ဗိုလ်သန်းဖေ



ဦးကာ (ပါမှူး)

ယူခဲ့တယ်။ ဆရာကြီးမင်းသုဝဏ် (ဦးဝန်) ဌာနပြောင်းခဲ့တယ်။

၁၉၆၂ ခုနှစ်၊ မေလ ၁၇ ရက်မှာ တော်လှန်ရေးကောင်စီအမိန့်အမှတ် ၃၀ ကို ထုတ်ပြန်ပြီး တက္ကသိုလ်ကောင်စီကို စစ်အစိုးရစိတ်တိုင်းကျ ပြန်လည်ဖွဲ့စည်းခဲ့တယ်။ အဓိပတိ ဗိုလ်မှူးချုပ်သန်းပေနဲ့ အဖွဲ့ဝင်တွေက ဗိုလ်မှူးချုပ်စန်းယု၊ ဗိုလ်မှူးကြီးသန်းစိန်၊ ဗိုလ်မှူးကြီးတင်စိုးတို့ ပါဝင်ပြီး ပါမောက္ခချုပ်အဖြစ် ၁၉၅၈–၁၉၅၉ ခုနှစ် အိမ်စောင့်အစိုးရခေတ် ပညာရေးဝန်ကြီးဟောင်း ဦးကာ ကို ပြန်လည်ခန့်အပ်ခဲ့တယ်။ ၁၉၆၂ ခုနှစ်၊ မေလ ၂၆ ရက်နေ့မှာ ရန်ကုန်မြို့ အလွတ်ပညာသင်ကျောင်း (၈)ကျောင်းကို စာမေးပွဲမေးခွန်းပေါက်ကြားမှု အကြောင်းပြပြီး ပိတ်ပစ်ခဲ့တယ်။ ၁၉၆၂ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့မှာ မတရားအဆောင်စည်းကမ်း (၂၂) ချက် ထုတ်ပြန်ကြေညာခဲ့တယ်။

ကျောင်းဆောင်နေ ကျောင်းသားကျောင်းသူတွေရဲ့ နေ့စဉ်သွားလာနေထိုင်မှုကို ကန့်သတ်တဲ့၊ မလိုတဲ့ ကျောင်းဆောင်စည်းကမ်း (၂၂) ချက်ကို ထုတ်ပြန်ခဲ့တယ်။ ဒီစည်းကမ်းချက်တွေဟာ အကျဉ်းသားတွေအတွက် အကျဉ်းဌာနက ထုတ်ပြန်တဲ့ စည်းကမ်းချက်တွေထက် ဆိုးတယ်။ ဒီစည်းကမ်းချက်တွေဟာ ဇူလိုင် (၇) ရက် အရေးတော်ပုံကြီး ဖြစ်လာစေဖို့ "ဖွ"တဲ့ "ဆွ"တဲ့ ဖိနှိပ်ရေးစည်းကမ်းများသာဖြစ်တယ်။

ဒီစည်းကမ်းတွေကို အကောင်အထည်ဖော်ဖို့ ဘွဲ့ရ လက်ထောက်အဆောင်မှူးတွေအဖြစ် လူဝင်မှုကြီးကြပ်ရေး၊ အကောက်ခွန်နဲ့ အကျဉ်းဌာနက ဘွဲ့ရအရာရှိငယ်တွေကို ခေါ်ယူခန့်ထားခဲ့တယ်။ ဒီစည်းကမ်းတွေဟာ ထမင်းစားချိန်၊ ကော်ဖီချိန်၊ ရေချိုးချိန်၊ အဆောင်ဝင်/ထွက်ချိန်၊ ဧည့်သည်၊ ကျန်းမာရေး (အရက်၊ ဖဲ၊ မိန်းမ) စတဲ့ ကိစ္စတွေနဲ့ပတ်သက်တဲ့ စည်းကမ်းတွေဖြစ်တယ်။

၁၉၆၂ ခုနှစ်၊ ဇူလိုင်လ၊ ၂ ရက်မှာ ရန်ကုန်ခရိုင်စာစစ်ဌာန တန်းမြင့်ကျောင်းထွက်စာမေးပွဲကို ပယ်ဖျက်တဲ့အတွက် သက်ဆိုင်ရာအာဏာပိုင်တွေနဲ့ ဆွေးနွေးဖို့ ဗကသက တောင်းဆိုခဲ့တယ်။

၁၉၆၂ ဇူလိုင် ၃ ရက် သမဂ္ဂခန်းမမှာ ရန်ကုန်ခရိုင်ကျောင်းသားများသမဂ္ဂ (ရကသ) က ကြီးမှူးပြီး ဆန္ဒပြပွဲကျင်းပခဲ့တယ်။ ကျောင်းသားထုက တန်းမြင့်ကျောင်းထွက်စာမေးပွဲ ဖျက်သိမ်းမှုကို ကန့်ကွက်ပြီး စာမေးပွဲအောင်စာရင်းထုတ်ပြန်ပေးဖို့၊ ကမောက်ကမပညာရေးစနစ်ကို ဖျက်သိမ်းဖို့၊ မေးခွန်းပေါက်ကြားမှုအတွက် သက်ဆိုင်ရာအရာရှိတွေကို အရေးယူဖို့ တောင်းဆိုခဲ့ကြတယ်။

Generated by CamScanner from intsig.com

၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၄ ရက်မှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် အမြုတေပါတီရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ကြေညာပြီးနောက် မဆလပါတီကို စတင်တည်ထောင်တယ်။


၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၆ ရက် ညဦးမှာ မန္တလေးဆောင်အပါအဝင် အဆောင်သစ်တွေဖြစ်ကြတဲ့ တောင်ငူ၊ ရာမည၊ အမရဆောင်များအားလုံး မီးပြတ်သွားခဲ့တယ်။ မီးပြတ်တဲ့ကိစ္စနဲ့ဆက်စပ်ပြီး မန္တလေးအဆောင်နေ ကျောင်းသားတို့က စတင်ပြီး ကြွေးကြော်သံများ တိုင်ကြတယ်။ ဒုအဆောင်မှူးက ကျောင်းသားတွေတောင်းဆိုနေတဲ့ကြားက အဆောင်မကြီးတံခါးကို ဖွင့်ပိတ်ပစ်လိုက်တယ်။ တာဝန်ရှိတဲ့ ကျောင်းသားသမဂ္ဂခေါင်းဆောင်တွေရောက်လာပြီး အေးအေးဆေးဆေးဖြစ်စေဖို့ အဆောင်တံခါးဖွင့်ပေးဖို့ တောင်းဆိုကြတယ်။ အဆောင်မှူးဖြစ်တဲ့ နောင်သောအခါ ပညာရေးဒုဝန်ကြီးတာဝန် ထမ်းဆောင်ခဲ့ဖူးတဲ့ ဒေါက်တာခင်မောင်ဝင်းကိုလည်း တွေ့ဆုံတောင်းဆိုခဲ့ကြတယ်။ အဆောင်မှူးတွေက အစိုးရိမ်လွန်ပြီး တံခါးဖွင့်မပေးကြဘူး။ ဒီအချိန်မှာ အဆောင်နေကျောင်းသားတွေက ပေါက်ကွဲလာပြီး တံခါးကို လူအားနဲ့ တွန်းဖွင့်လိုက်ကြတယ်။ ကျောင်းသားသမဂ္ဂခေါင်းဆောင်တွေက အခြေအနေကို ထိန်းသိမ်းပြီး ဇူလိုင် (၇) ရက်မှာ တင်သွင်းဆုံးဖြတ်မယ့် အဆို ကြွေးကြော်သံများကို တိုင်တန်းပေးလိုက်တယ်။ မန္တလေးဆောင်အုပ်စု အဆောင်နေကျောင်းသားထုက စုစည်းပြီး တက္ကသိုလ်ဝင်းအတွင်းမှာ လှည့်လည်ကြွေးကြော်ကြတယ်။

ဗဟိုအဆောင်အုပ်စုဖြစ်တဲ့ ရွှေဘိုဆောင်နဲ့ ဒဂုန်ဆောင်တို့ကလည်း ပူးပေါင်းပါဝင်လာခဲ့ကြတယ်။ တက္ကသိုလ်ပရဝုဏ်အပြင်ကို မထွက်ကြဘူး။ တက္ကသိုလ်ဝင်းအတွင်းမှာပဲ မနက် ၃ နာရီလောက်အထိ လှည့်လည်ကြွေးကြော်ကြတာ ဖြစ်တယ်။ တက္ကသိုလ်ဝင်းအတွင်းမှာ ဘာဆူပူမှုမှ မရှိခဲ့ဘူး။ ဇူလိုင် ၆ ရက် ည ၈ နာရီမှာ စစ်အစိုးရက တက္ကသိုလ်နယ်မြေကို ပုဒ်မ ၁၄၄ ထုတ်ပြန်ကြောင်း ကြေညာတယ်။

နောက်တစ်နေ့မနက် ၁၁ နာရီမှာ ကျောင်းသားထုအစည်းအဝေးကို သတ်မှတ်ထားတဲ့အတိုင်း တကသ အဆောက်အဦမှာ ကျင်းပခဲ့ကြတယ်။ ဗကသများအဖွဲ့ချုပ်ဥက္ကဋ္ဌ ကိုသက်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဗကသအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ကိုတင်ထွန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ခဲ့တယ်။ တကသဥက္ကဋ္ဌ ကိုဗဆွေလေးက ကျောင်းဆောင်စည်းကမ်းနဲ့ပတ်သက်ပြီး ရှင်းပြခဲ့တယ်။ ကျောင်းသားနှစ်ထောင်ခန့် တက်ရောက်ကြတယ်။ အစည်းအဝေးမှာ ဖိနှိပ်ချုပ်ချယ်တဲ့ ကျောင်းဆောင်စည်းကမ်းတွေကို ရုပ်သိမ်းပေးဖို့ ကျောင်းဆောင်

Generated by CamScanner from intsig.com

ကော်မတီမှာ ကျောင်းသားကိုယ်စား လှယ် ပါဝင်ပေးဖို့၊ ကျောင်းဆောင်လို သူကျောင်းသားတိုင်း ကျောင်းဆောင် နေခွင့်ရရေးအတွက် ကျောင်းဆောင် သစ်များ ဆောက်လုပ်ပေးဖို့ တောင်းဆို ခဲ့ကြတယ်။ ကိုပဆွေလေးက ခုလို မိန့်ခွန်းပြောခဲ့တယ်။




''ပမာပြည်ကြီး လွတ်လပ် ရေးရတာ ကြာပါပြီ။ ဒါပေမဲ့ ဒီကနေ့ အထိ ပညာရေးဟာ မလွတ်လပ်ဘဲ ကျွန် ပညာရေးကိုပဲ ဟထေးသုံးစွဲနေပါ တယ်။ အစိုးရအဆက်ဆက်ဟာ ပညာ ရေးစနစ်ကို မပြောင်းလဲဘဲ ပညာရေးစနစ် ကို ပြောင်းလဲဖို့ တောင်းဆိုတဲ့ ကျောင်း သားတွေကို နည်းအမျိုးမျိုး ပြောင်းလဲပြီး ဖိနှိပ်ခဲ့ပါတယ်။ ဒီကနေ့ တက်လာတဲ့ တော်လှန်ရေးကောင်စီ အစိုးရဟာလည်း ပညာရေးပြုပြင်ပြောင်းလဲမှုကို မလုပ်ပါဘူး။ အမျိုးသားပညာရေးအတွက် စီမံကိန်းများလည်း ချမှတ်ခြင်းမရှိသေးပါဘူး။ ဒါပေမဲ့ တက္ကသိုလ်ပညာရေးအဆင့်အတန်း နိမ့်ကျနေမှုဟာ စည်းကမ်းချိုးဖောက်မှုတွေကြောင့် ဖြစ်တယ်ဆိုတဲ့ ကမ္ဘာမှာမရှိဖူးသေးတဲ့ ပညာရေးသဘောနဲ့ ကျောင်းဖွင့်စက စတင်ပြီး တင်းကြပ်တဲ့စည်းကမ်းတွေကို တစ်ဖက်သတ်လုပ်ဆောင်လာပါတယ်။ စည်းကမ်း ဆိုတာ အုပ်ချုပ်သူတွေကသာမဟုတ်ဘဲ လိုက်နာရမယ့် ကျောင်းသူကျောင်းသား တွေပါ ပါဝင်ရေးဆွဲမှသာ သဘာဝကျပါတယ်။ ကျင့်သုံးနိုင်တဲ့ စည်းကမ်းတွေလည်း ဖြစ်လာနိုင်ပါတယ်။ ဒီကနေ့ တစ်ဖက်သတ်ရေးဆွဲထားတဲ့ စည်းကမ်းတွေဟာ မှုအရကိုမမှန်ပါဘူး။ တိုးတက်တဲ့နိုင်ငံတွေမှာ အဆောင်တွေကို ကိုယ်ပိုင်အုပ်ချုပ်ခွင့် တွေတောင် ပေးနေတဲ့ကာလမှာ ဒီလို တစ်ဖက်သတ်စည်းကမ်းတွေနဲ့ ချုပ်ချယ်ထား တာဟာ ရာဇဝင်ကို နောက်ပြန်ဆွဲနေသလို ဖြစ်နေပါတယ်။ ကျွန်တော်တို့ဟာ အထက်တန်းပညာကို သင်ကြားနေကြသူတွေဖြစ်ပါတယ်။ ဒီတော့ တစ်ဦးနဲ့တစ်ဦး နီးနှောဖလှယ်ခွင့်ဆိုတာတွေ ရှိရပါမယ်။ ဒါမှ ပညာရေးအတွက် ပိုမိုအကျိုး ဖြစ်နိုင် ပါတယ်။

Generated by CamScanner from intsig.com

ဒီလိုမှမဟုတ်ဘဲ ဒီကနေ့ ကျောင်းဝင်ခွင့်နဲ့ အဆောင်ရရေးကို လုံခြုံရေးနဲ့ အုပ်ချုပ်မှုကော်မတီတွေရဲ့ ထောက်ခံမှုနဲ့ လျှောက်ခဲ့ရတယ်။ နောက် မိဘအုပ်ထိန်းသူတွေရဲ့ ခံဝန်ချက်ကတိကိုလည်း တင်ခဲ့ရတယ်။ အခုအခါမှာ အကျဉ်းထောင်နဲ့မခြားအချုပ်ခံနေရပြန်တယ်။ ည ၈ နာရီထိုးရင် အဆောင်တံခါးပိတ်၊ အပြင်လုံးဝမထွက်ရ ကိုယ့်အခန်းမှာထိုင်ပြီး စာကြည့်နေရမယ်၊ မတွေ့ရင် အခန်းမှာမရှိလို့ ယူဆပြီး အရေးယူမယ်။ ထမင်းစားချိန်ကိုလည်း မနက် ၇ နာရီခွဲမှ ၁၀ နာရီ၊ ညစာကို ညနေ ၆ နာရီမှ ကျွေးမယ်၊ သက်သက်လွတ်စားချင်ရင် တစ်ရက်နှစ်ရက် မစားရ၊ တစ်နှစ်ပတ်လုံးစားရမယ် စတာတွေအပြင် စည်းကမ်းဖောက်ဖျက်ရင် ကျောင်းဆောင်က ထုတ်ပစ်မယ်လို့ စည်းကမ်းတစ်ပုဒ်ဆုံးတိုင်း ခြိမ်းခြောက်ထားတယ်။

ခုလို ထမင်းကျွေးချိန်ကို မနက် ၁၀ နာရီကနေ ညနေ ၆ နာရီအထိ ခြားထားတာဟာ လက်တွေ့မှာ ကျောင်းသားတွေ ဒုက္ခရောက်ကြပါတယ်။ ဒါတွေကြောင့် နှစ်ဦးနှစ်ဖက် အုပ်ချုပ်သူရော လိုက်နာသူပါ ပူးတွဲညှိနှိုင်းပြီး စည်းကမ်းတွေ ပြန်လည်ဆွဲဖို့ တောင်းပန်ပါတယ်။ လက်ရှိစည်းကမ်းတွေကိုသာ ဆက်လက်ကျင့်သုံးမယ်ဆိုရင် အောင်မြင်ရာလမ်း မရှိပါဘူး။ ပိနှိပ်ရေးအတွက် စည်းကမ်းအမည်ခံတာပဲ ဖြစ်ပါလိမ့်မယ်။

ကြေးကြော်သံတွေကတော့ ...

| | |
|---|---|
| မတရားစည်းကမ်းတွေ | (အလိုမရှိ)၊ |
| မတရားချုပ်ချယ်မှုတွေ | (အလိုမရှိ)၊ |
| ကျောင်းဆောင်တွေကို | အကျဉ်းထောင်မလုပ်နဲ့ |
| သမဂ္ဂတည်တံ့ရေး | (တို့အရေး ..)၊ |
| ငြိမ်းချမ်းစွာပညာသင်ကြားရေး | (တို့အရေး ..)၊ |
| ကျောင်းသားထုတွေ | (ညီညွတ်ကြ)၊ |

စတာတွေ ဖြစ်တယ်။ မွန်းလွဲ ၂ နာရီမှာ အစည်းအဝေးပြီးဆုံးတယ်။ အဲဒီနောက် ဆန္ဒပြလှည့်လည်ဖို့ ဆုံးဖြတ်ကြပြီး တက္ကသိုလ်အဆောက်အဦရှေ့မှာ စုရုံးကြတယ်။ ကျောင်းသားတွေက နီရဲတဲ့ ခွပ်ဒေါင်းအလံကို လေမှာလွှင့်၊ ပိုစတာ မျိုးစုံကိုင်၊ ရှေ့ဆုံးကနေ ကြီးမားလှတဲ့ ခွပ်ဒေါင်းအလံကြီးကို မြှင့်ပြီး ကျောင်းသား ၁၀ ယောက်ခန့်က ကိုင်ဆောင်လာကြတယ်။ မန္တလေး၊ တောင်ငူ၊ ဒဂုန်၊ ရွှေဘိုဆောင်၊ အဓိပတိလမ်းမှ ဘွဲ့နှင်းသဘင်ကို အဓိပတိလမ်းအတိုင်း စီတန်းလှည့်လည်ကြပြီး တက္ကသိုလ်အဆောက်အဦရှေ့မှာ ပြန်စုကြတယ်။ ဗကသဥက္ကဋ္ဌ ကိုသက်က

ခုလို မိန့်ခွန်းပြောခဲ့တယ်။

''ရဲဘော်တို့ ‥ ပညာရေးပြုပြင်ပြောင်းလဲရေးကို စတင်မပြုလုပ်ဘဲနဲ့ ချုပ်ချယ်ရေးစည်းကမ်းတွေကိုသာ စနစ်တကျလုပ်ဆောင်နေတာကို ကျွန်တော်တို့ ဆက်လက်တိုက်ပွဲဝင်ရဦးမှာဖြစ်တယ်။ ပညာရေးပြုပြင်ပြောင်းလဲရေး အမျိုးသား ပညာရေးတည်ဆောက်ရေးတို့အတွက် ရှေ့လုပ်ငန်းတွေကို ဆက်လက်လုပ်ဆောင် ကြရလိမ့်ဦးမယ်။ မတရားအဆောင်စည်းကမ်းတွေကိုလည်း ရုပ်သိမ်းဖို့ လက်တွဲတိုက် ရဦးမှာဖြစ်တယ်။ ဒီတိုက်ပွဲတွေအတွက် အကောင်းဆုံးလက်နက်ဟာ ကျောင်းသား ညီညွတ်ရေးပဲ။ ကျောင်းသားထုညီညွတ်ရေးကို မရမနေ တည်ဆောက်ပြီး ကျောင်း သားသမဂ္ဂရဲ့ ခွပ်ဒေါင်းအောင်လံအောက်မှာ စုစည်းညီညွတ်ပြီး ဆက်လက်တိုက်ပွဲဝင် သွားကြပါစို့''

အဲဒီလို နိဂုံးချုပ်မိန့်ခွန်းပြောအပြီးမှာ ကျယ်လောင်ရှည်လျားလှတဲ့ လက် ခုပ်သံတွေနဲ့ ဆန္ဒပြပွဲ ပြီးဆုံးသွားခဲ့တယ်။ ကျောင်းသားတွေ ကိုယ့်သက်ဆိုင်ရာ အဆောင်ကို ပြန်သွားကြတယ်။ မွန်းလွဲ ၂ နာရီကျော်မှာ ရဲနဲ့ စစ်ထောက်လှမ်း ရေးကားတွေ ရောက်လာပြီး အဓိပတိလမ်း၊ မိန်းဂိတ် ခြသေ့်တံခါးနဲ့ အားကစားရုံ ထောင့် သထုံဆောင်ဘက် တံခါးတွေကို ပိတ်လိုက်ပြီး အင်အား ၂၀၀ လောက်နဲ့ သမဂ္ဂခေါင်းဆောင်တွေကို ဝိုင်းဝန်းဖမ်းဆီးခဲ့ကြတယ်။ ဒီအခြေအနေကြောင့် ကျောင်း သားထုက တက္ကသိုလ်အဆောက်အဦမှာ ပြန်လည်စုစည်းမိသွားတယ်။

ကျောင်းသားတွေက အဖမ်းခံရတဲ့ကျောင်းသားခေါင်းဆောင်တွေကို ပြန် လည်လုယူတာမျိုး လုပ်တယ်။ တက္ကသိုလ်မြက်ခင်းပြင်မှာ စစ်ထောက်လှမ်းရေး၊ ရဲထောက်လှမ်းရေးတွေနဲ့ ကျောင်းသားတွေ အရောရောအထွေးထွေး ဖြစ်ခဲ့တယ်။ တက္ကသိုလ်ဥက္ကဋ္ဌ ကိုဗဆွေလေး၊ မသကဥက္ကဋ္ဌ ကိုသက်၊ ရကသအတွင်းရေးမှူး ကိုဉာဏ်ဝင်း၊ ကိုစိုးတင့်၊ ကိုရဲမြင့်၊ ကိုထိန်ဝင်း၊ ကိုကြည်ညွန့်၊ ကိုဝင်းကြည်၊ ကိုတင်ငွေနဲ့ ကိုချိုတို့ကို ရန်ကုန်ရဲအဖွဲ့က တက္ကသိုလ်အဆောက်အဦပေါ်မှာ ဖမ်းဆီးလိုက် ကြတယ်။ ဒီသတင်းဟာ အဆောင်အားလုံးကို ပြန့်သွားပြီး ''ကျောင်းသားတွေ လာကြဟေ့ ‥ ငါတို့ခေါင်းဆောင်တွေကိုဖမ်းနေပြီ''ဆိုပြီး သတင်းပြန့်သွားတယ်။ ကျောင်းသားတွေ အဆောင်တိုင်းက ထွက်လာပြီး တက္ကသိုလ်ဝင်းထဲ ပိုမိုများပြားစွာ စုရုံးမိသွားတယ်။

ကျောင်းသားတွေကိုဖမ်းဆီးတဲ့အချိန်မှာ ရဲများကိုပြန်လည်ခုခံပြီး ''ပုလိပ် အလိုမရှိ ‥ ရဲ အလိုမရှိ'' စသည်ဖြင့် အော်ဟစ်ကြတယ်။ တက္ကသိုလ်အဆောက်အဦနဲ့

Generated by CamScanner from intsig.com

မျက်နှာချင်းဆိုင်မှာရှိတဲ့ မန္တလေးနဲ့ အမရဆောင်က ကျောင်းသားတွေက ခဲတွေနဲ့ ပေါက်ကြတယ်။ သထုံ၊ ပဲခူးဆောင်က ကျောင်းသားတွေကလည်း ခဲတွေနဲ့ ပုလိပ်တွေကိုပစ်ပြီး ကျောင်းသားတွေကို ဖမ်းဆီးမှုထပ်မလုပ်နိုင်အောင် ကာကွယ်ကြတယ်။ ခဲပေါက်မှုများလာတဲ့အတွက် ပုလိပ်တွေက တက္ကသိုလ်ဝင်းအပြင်ကို ဆုတ်ခွာပေး လိုက်ကြတယ်။ အဲဒီနောက် ကျောင်းသားတွေက အဓိပတိလမ်းမှာရှိတဲ့ ခြသေ့်တံခါးကို ပိတ်လိုက်ကြတယ်။

ညနေ ၄ နာရီလောက်မှာ သီးသန့်ရဲတပ်ဖွဲ့က ရဲသား ၁၀၀ လောက်ပါတဲ့ အဝိကရုဏ်းနှိမ်နင်းရေးကား (၂) စီး၊ သေနတ်ကိုင်စစ်သားတွေနဲ့ စစ်ကား (၅) စီး ရောက်လာတယ်။ ဗိုလ်မှူးကြီးကျော်ဝိုး၊ ဗိုလ်မှူးစိန်လွင်၊ ဒုဗိုလ်မှူးကြီးမောင်မောင်ခ၊ လက်ထောက်ရဲမင်းကြီး ဦးလှငွေတို့ ကမာရွတ်ဂိတ်တဲအတွင်းမှာ ရောက်ရှိနေကြတယ်။ သီးသန့်ရဲတွေက မျက်ရည်ယိုဗုံး ၇ လုံး စတင်ပစ်ဖောက်လိုက်တယ်။ ကျောင်းသားတွေက ဆက်လက်ဆန္ဒပြကြွေးကြော်နေဆဲ ဖြစ်တယ်။ ဗိုလ်မှူးစိန်လွင်က လက်ထောက်ရဲမင်းကြီး ဦးလှငွေကို ရဲတွေနဲ့သာ ဆူပူမှုထိန်းပေးဖို့ တာဝန်ပေးခဲ့တယ်။

ညနေ ၄ နာရီ မိနစ် ၂၀ လောက်မှာ အထူးသတင်းထောက်လှမ်းရေးဌာနရဲမင်းကြီးဦးမောင်မောင်နဲ့ တတိယရာဇဝတ်တရားသူကြီး ဦးမောင်မောင်ကြည်တို့ ထပ်ရောက်လာပြီး အခြေအနေကို အကဲခတ်ကြတယ်။ ဗိုလ်မှူးကြီးသန်းစိန်၊ ဗိုလ်မှူးကြီးတင်ဝိုး၊ ရန်ကုန်ရဲမင်းကြီးဦးခင်မောင်မောင်၊ ဒုရဲမင်းကြီးဦးသန်းနွဲ့ တို့လည်း ရောက်ရှိလာခဲ့ကြတယ်။

ညနေ ၄ နာရီ ၄၅ မိနစ်လောက်မှာ မျက်ရည်ယိုဗုံး ၆ လုံး ပစ်ပြီး ထပ်မံ နှိမ်နင်းပြန်တယ်။ ဒါပေမဲ့ ကျောင်းသားတွေက ဆက်လက်ဆန္ဒပြတဲ့အတွက် နောက်ထပ် မျက်ရည်ယိုဗုံး ၄ လုံး ပစ်ဖောက်ခဲ့တယ်။

ကျောင်းသားလှုပ်ရှားမှု ခေတ္တရပ်ဆိုင်းသွားတဲ့အခါ ဗိုလ်မှူးစိန်လွင်က ကျောင်းသားတွေဆီ လာပြီး ကျောင်းသားကိုယ်စားလှယ်တွေ ထွက်လာပါလို့ပြောတဲ့အခါ ကိုကျင်၊ ကိုစိန်ဝင်း၊ ကိုထွန်းကျော်၊ ကိုဝင်းညွန့်နဲ့ တက္ကသိုလ်အရန်တပ်ရင်းက စစ်ဝတ်စုံဝတ်ဆင်ထားတဲ့ ကိုလှထွန်းတို့ ထွက်လာကြတယ်။ ဗိုလ်မှူးစိန်လွင်က ဆူပူမှုကို ထိန်းပေးပါက သူတို့ရဲ့ ရဲတွေကို ပြန်ရုပ်သိမ်းပေးမယ်လို့ ပြောတယ်။ ကျောင်းသားတွေက စစ်ဝတ်စုံဝတ်ဆင်ထားတဲ့ ကိုလှထွန်းရဲ့အင်္ကျီကို ဆိုင်းချတ်ပြီး စစ်ဦးထုပ်ကို ဘောလုံးလုပ်ပြီး ကန်ကြတယ်။ အဲဒီနောက် ဆန္ဒပြမှုတွေ၊ ခဲပေါက်မှု

တွေ ဆက်လက်ပြစ်မှားလာကြပြီး သီးသန့်ရဲတွေက မျက်ရည်ယိုဗုံး ၆ လုံးနဲ့ ထပ်ပစ်တဲ့အတွက် ဒဏ်ရာရတဲ့ ကျောင်းသားတွေကို အချင်းချင်းတွဲပြီး ကျောင်းဆောင်တွေအတွင်း ပြေးပုန်းသွားကြတယ်။



၇ ၊ ၇ ၊ ၁၉၆၂ အရေးအခင်းတွင် ဆန္ဒပြနေသူများကို
ဤသို့ နံပါတ်တုတ်ကိုင်ရဲသားများနှင့် ပကာရာနှိမ်ကွပ်သည်။
ဦးဆောင်သူ တကသ မှ ရဲဘော်ကျောင်းသားများကိုလည်း
ဖမ်းဆီးသွားကြသေးသည်။

ညနေ ၅ နာရီ ၁၅ မိနစ်လောက်မှာ ဗိုလ်မှူးစိန်လွင်က ရဲတွေကိုပြန်လည် ရုပ်သိမ်းသွားပြီး စစ်တပ်ကို အစောင့်ချထားလိုက်တယ်။ စစ်တပ်ကိုအစောင့်ချထား လိုက်တဲ့အခါမှာ ကျောင်းသားတွေက အဓိပတိလမ်းမကြီးကို ပေ ၂၀ လောက် ဆုတ်သွားပြီး ပါမောက္ခချုပ်ဦးကာရဲ့ ဂေါ်ဒါကား စ/၈၅၉ နဲ့ ကျောင်းနှုန်းပိုင် ဘောက်စ်ဝက်ဂွန်ကား စ/၆၂၀၃ ကို လမ်းမပေါ်တွန်းယူလာပြီး မီးရှို့လိုက်ကြတယ်။ ကျောင်းသားတွေ ပိုမိုများပြားလာပြီး ဆန္ဒပြမှုနဲ့ ကြွေးကြော်သံတွေ ပိုမိုများပြား လာခဲ့တယ်။

ညနေ ၅ နာရီ မိနစ် ၄၀ လောက်မှာ ဗိုလ်မှူးစိန်လွင် ခေါင်းဆောင်တဲ့ သေနတ်ကိုင်တပ်ရင်း (၄) က တက္ကသိုလ်ပရိဝုဏ်ကို ဝိုင်းဝန်းနေရာယူလိုက်ကြ

Generated by CamScanner from intsig.com

တယ်။ စစ်တပ်က ဗမာပြည် ဘယ်စစ်မြေပြင်မှာမှ စတင်မသုံးစွဲရသေးတဲ့ ဂျာမနီနိုင်ငံ ဗိဆွာနာကုမ္ပဏီနဲ့ ဖက်စပ်ထုတ်လုပ်ထားတဲ့ ဂျီ(၃)၊ ဂျီ(၄) အော်တိုမက်တစ်မောင်းပြန်ရိုင်ဖယ်သေနတ်တွေကို ကိုင်ဆောင်ထားကြတယ်။ ဒီအခြေအနေတွေနဲ့ဆက်စပ်ပြီး စစ်တပ်နဲ့ ကျောင်းသားထုအကြား တင်းမာမှုတွေ ပိုမိုဖြစ်ပေါ်လာခဲ့တယ်။ အဖမ်းခံရမယ့် အန္တရာယ်ကြောင့် အရေးပါတဲ့ ကျောင်းသားခေါင်းဆောင်တချို့ တာဝန်တွေခွဲဝေပြီး တက္ကသိုလ်နယ်မြေက ထွက်ခွာခဲ့တယ်။

အခြေအနေကို ထိန်းသိမ်းနိုင်ဖို့ သမဂ္ဂခေါင်းဆောင်တချို့ ချန်နေခဲ့တယ်။ ကိုလှရွှေ၊ ကိုလှကြည်နဲ့ ကိုထွန်းကြည်၊ ကိုကျော်လှိုင်၊ ကိုထွန်းကြည်(ဆေးသိပ္ပံ)နဲ့ စိုင်းအောင်ဝင်း(တကသဒုဥက္ကဋ္ဌ)တို့ ပင်းယဆောင်အနောက်ဘက် စားသောက်ခန်းမှာ တွေ့ဆုံခဲ့ကြပြီး ရန်ကုန်ခရိုင်ကို အရှေ့ပိုင်း၊ အနောက်ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း ခရိုင်ဆိုပြီး လေးပိုင်းခွဲကာ လျှို့ဝှက်တာဝန်ယူခဲ့ကြတယ်။ အဆောင်ခေါင်းဆောင်တွေ



၇ . ၇ . ၁၉၆၂ မျက်ရည်ယိုဗုံးများကိုသုံး၍ အကြမ်းဖက်နှိပ်နင်းသည်အထိ ယုတ်မာရိုင်းစိုင်းလာကြသည်။
အဓိပတိလမ်း ရေတမာတန်းအောက်ဝယ် ဤသို့ နေရာယူတပ်စွဲလျက် ပစ်ကြခတ်ကြသည်။

Generated by CamScanner from intsig.com

စုစည်းပြီး တင်းမာမှုတွေကို ထိန်းသိမ်းပေးခဲ့တယ်။ သမဂ္ဂခေါင်းဆောင်များဟာ သမဂ္ဂအဆောက်အဦကို မိုင်းစွဲခွဲတဲ့အထိ တက္ကသိုလ်ကျောင်းဝင်းထဲမှာပဲ ရှိနေခဲ့ကြတယ်။

ညနေ ၆ နာရီလောက် ရှိတဲ့အခါမှာ ကျောင်းသားတွေ လူစုကွဲသင့်သလောက် ကွဲသွားကြတယ်။ အဓိပတိလမ်းမပေါ်မှာရှိတဲ့ တကသအဆောက်အဦးမဏ္ဍပ်လေးဆောင်ပတ်ဝန်းကျင်မှာ အများစု စုရုံးနေကြတယ်။ ညနေ ၆ နာရီ မိနစ် ၃၀ လောက်မှာ စတင်ပစ်ခတ်မှုဖြစ်တယ်လို့ အမှတ်အသားပြုထားကြတယ်။ ပစ်မိန့်က ''သုံးမိနစ်ပစ် – နှစ်မိနစ်နား – သုံးမိနစ်ပစ်'' ဖြစ်တယ်။ အဲဒီ နောက်ပိုင်းမှာ အချုပ်ကားပြာကြီးတွေကနေ အသံချဲ့စက်တွေနဲ့ တက္ကသိုလ်ဝင်းတစ်ခုလုံး အဝင်အထွက် မရှိစေရဆိုတဲ့ ပုဒ်မ(၁၄၄) ထုတ်ပြန်ကြေညာလိုက်ပါတယ်။

နောက်တစ်နေ့ ဇူလိုင်လ ၈ ရက် မနက်အရုဏ်ဦးအချိန်မှာတော့ မြန်မာ့လွတ်လပ်ရေးလှုပ်ရှားမှုအတွင်း သမိုင်းအစဉ်အလာကြီးမားခဲ့တဲ့ တက္ကသိုလ်သမဂ္ဂအဆောက်အဦကို ရိုင်းစိုင်းယုတ်မာစွာ ဒိုင်းနမိုက်နဲ့ ဖောက်ခွဲဖျက်ဆီးလိုက်ပါတော့တယ်။ မနက် ၈ နာရီ ရေဒီယိုက သတင်းကြေညာတဲ့အခါ စစ်အာဏာသိမ်းခေါင်းဆောင် ဗိုလ်ချုပ်နေဝင်း ဆိုသူက ...

''ယခုဖြစ်ပျက်တဲ့ကိစ္စဟာ ကျောင်းသားကိစ္စတစ်ခုတည်းမဟုတ်ဘဲ နိုင်ငံရေးပယောဂအမှောင့်များ ဖမ်းစားတယ်ဆိုတာ ကျွန်ုပ်တော်တို့ ရိပ်စားမိပါတယ်။ ကျွန်တော်တို့ကို အပြောဘဝမှာ နှစ်ပွန်းစေခြင်းအားဖြင့် အလုပ်ပျက်အောင်ရည်ရွယ်ပြီး တမင်တကာ လုပ်နေကြတာဆိုရင်တော့ ကျွန်တော်နောက်ထပ်ဘာမှမပြောလိုတော့ဘူး။ အနည်းဆုံး ဓားကို ဓားနဲ့၊ လှံကို လှံနဲ့ (Face to Face) ရင်ဆိုင်ဖို့သာရှိပါတော့တယ်။ အပျက်သဘောနဲ့ အပြုသဘော ခွဲခြားဝေဖန်နိုင်ကြပါစေ''လို့ ပြောဆိုပြီး ကျောင်းသားထုတစ်ရပ်လုံးနဲ့ ပြည်သူလူထုကို စော်ကားသွားခဲ့တယ်။

သံချပ်ကာတပ်ရင်းက ဒုဗိုလ်မှူးကြီးလှမြင့် (မွေးကြီး/ဆိပ်ကမ်း/ဘဲအယ်လျား)က တကသအဆောက်အဦ မိုင်းခွဲဖျက်ဆီးဖို့ တာဝန်ယူခဲ့တယ်။ အဲဒီအချိန် ပင်မလက်နက်နဲ့ ခဲယမ်းမီးကျောက်တပ် (မင်္ဂလာဒုံ) မှာ တာဝန်ရှိဝန်ထမ်းတွေက တပ်ရင်းမှူး ဗိုလ်မှူးကြီးသာဒွန်းနဲ့ ညတာဝန်ကျအရာရှိ ဗိုလ်ကြီးတင်အောင်တို့ ဖြစ်ကြပါတယ်။ ဒုဗိုလ်မှူးကြီးလှမြင့် ထုတ်ယူသွားတဲ့ ခဲယမ်းမီးကျောက်တွေကို ဘယ်နေရာမှာ အသုံးပြုမယ်ဆိုတာကို ထုတ်ပေးလိုက်ကြရတဲ့ တာဝန်ကျအရာရှိတွေ မသိလိုက်ကြပါဘူး။ အထက်အမိန့်အရ ထုတ်ပေးလိုက်ကြရတာပါပဲ။

Generated by CamScanner from intsig.com

ဒီနေရာမှာ ဇူလိုင် ၇ ရက် အရေးတော်ပုံကာလမှာ အဓိကနေရာမှာ ပါဝင်ခဲ့သူတစ်ဦးဖြစ်တဲ့ ကိုလှရွှေရဲ့ ပုဂ္ဂိုလ်ရေးအရ ဒီအရေးတော်ပုံနဲ့ ဆက်စပ်နေခဲ့တဲ့ အပိုင်းကို အနည်းငယ်ပြောပြချင်ပါတယ်။ ကိုလှရွှေရဲ့ ၁၉၅၆–၁၉၆၃ ကာလ ကျောင်းသားလှုပ်ရှားမှုတွေအတွင်း ပါဝင်ခဲ့တဲ့ သူ့ရဲ့အခန်းကဏ္ဍဟာ ခုလိုရှိခဲ့ပါတယ်။

၁၉၅၆–၁၉၆၂ အတွင်းမှာ ကိုလှရွှေဟာ

၁။ ထီးတန်းကျောင်းဆောင်နှင့် ပဲခူးဆောင် သဟာယနှင့်စာဖတ်အသင်း အတွင်းရေးမှူး။

၂။ ရန်ကုန်တက္ကသိုလ် မန္တလေးဆောင် သဟာယနဲ့ စာဖတ်အသင်း အထွေထွေအတွင်းရေးမှူးနှင့် ဥက္ကဋ္ဌ၊

၃။ ရန်ကုန်တက္ကသိုလ် သဟာယနဲ့ စာဖတ်အသင်းများအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး။

၄။ ရန်ကုန်တက္ကသိုလ် ကျောင်းသားညီညွတ်ရေးတပ်ဦး အထွေထွေ အတွင်း ရေးမှူး။

၅။ ရန်ကုန်တက္ကသိုလ် ကျောင်းဆောင်ကော်မတီ တကသကိုယ်စားလှယ်၊

၆။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် အတွင်းရေးမှူး အဖွဲ့ဝင်၊

၇။ ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂအမှုဆောင် အိုးဝေမဂ္ဂဇင်း တာဝန်ခံ၊

စတဲ့တာဝန်တွေကို ထမ်းဆောင်နေရတာပါ။ ၁၉၆၁–၁၉၆၂ ပညာသင် နှစ်မှာ ဝိဇ္ဇာတန်းအောင်မြင်ပြီး သူ့ရဲ့ဇနီးဖြစ်လာမယ့် မခင်မာအေးနဲ့ ဇူလိုင်လ ၅ ရက်နေ့မှာ နှစ်ဖက်လူကြီးမိဘများရဲ့ သဘောတူညီချက်နဲ့ ရန်ကုန်ခရိုင် (၁) ရာဘက် တရားသူကြီး ဦးထွန်းရှိန်ရှေ့မှောက်မှာ တရားဝင်လက်မှတ်ရေးထိုး လက်ထပ်ခဲ့ကြ ပါတယ်။ မင်္ဂလာလက်ထပ်ပွဲ အခမ်းအနားတစ်ခုလုံးကို ဝတ်လုံတော်ရရှေ့နေကြီး ဦးဘကျော် (ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဦးဆောင်တဲ့ ပြည်တွင်းငြိမ်းချမ်းရေး ကော်မတီအဖွဲ့ဝင်နဲ့ စာရေးဆရာ ဗန်းမော်တင်အောင်ရဲ့ ဖဆပလအစိုးရလက်ထက် တရားစွဲဆို ထောင်ချခံရတဲ့ ဝတ္ထု ၅ ပုဒ်အမှုမှာ လိုက်ပါဆောင်ရွက်ခဲ့တဲ့ အကျိုး ဆောင် ရှေ့နေကြီး) က စီမံခန့်ခွဲပေးခဲ့တယ်။ ထင်ရှားတဲ့ သမဂ္ဂခေါင်းဆောင်တွေ ဖြစ်ကြတဲ့ ကိုသက်၊ ကိုတင်ထွန်း။ ကိုဗဆွေလေး။ ကိုလှကြည်၊ ကိုမြသန်း(ဟာကို)၊

Generated by CamScanner from intsig.com




၇ • ၇ • ၁၉၆၇ နေ့က
လက်နက်မပါဘဲ အေးချမ်းစွာဆန္ဒပြနေသော
ကျောင်းသားထုကို ရန်သူ့နယ်မြေသဖွယ်
စစ်သားများ ဤသို့ ဝိုင်းဝန်းပစ်ခတ်ကြသည်။

ကိုသာဘန်း စတဲ့ တပ်ဦး။ ဗကသ၊ တကသ၊ ရကသခေါင်းဆောင်တွေ တက်ရောက်ခဲ့ကြတယ်။ ညနေပိုင်းမှာတော့ ပန်းဆိုးတန်းလမ်းအလယ်မှာရှိတဲ့ Blue Sky စားသောက်ဆိုင်မှာ အကျဉ်းရုံးတဲ့ ညစာစားပွဲလေးတစ်ခု ပြုလုပ်ပါတယ်။

တကယ့်မင်္ဂလာညစာစားပွဲကိုတော့ ဇူလိုင်လ ၈ ရက်နေ့ မနက် ၉ နာရီကနေ မွန်းတည့် ၁၂ နာရီအထိ တက္ကသိုလ်သမဂ္ဂအစည်းအဝေးခန်းမမှာ ကျင်းပဖို့ စီစဉ်ထားခဲ့တယ်။ တကသဥက္ကဋ္ဌ ကိုဗဆွေလေးကိုယ်တိုင် သူ့ရဲ့ လက်ဝဲစာလုံး လက်ရေးနဲ့ ဖိတ်စာရေးပြီး သမဂ္ဂဝင် ကျောင်းသားအတော်များများကို ဖိတ်ကြားထားခဲ့တယ်။ ကိုလှရွှေနဲ့ မခင်မာအေးတို့ဟာ သမဂ္ဂမှာ တက်ကြွစွာ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြတဲ့ သမဂ္ဂဝင်တွေ ဖြစ်ကြတဲ့အလျောက် အားလုံးက အားရဝမ်းသာစွာနဲ့ သူတို့နှစ်ဦးရဲ့ မင်္ဂလာညစာစားပွဲကို တက်ရောက်အားပေးဖို့ အားခဲထားခဲ့ကြတယ်။ အများစုက မင်္ဂလာလက်ဖွဲ့ပစ္စည်းတွေကို ကြိုတင်ပေးထားကြလို့ သမဂ္ဂရဲ့ ဥက္ကဋ္ဌ

အခန်းမှာပဲ ထားခဲ့ကြတယ်။ ဇူလိုင် (၇) ရက် သမဂ္ဂအစည်းအဝေးခန်းမမှာ အစည်းအဝေးပွဲရှိနေလို့ အခမ်းအနား မပြင်ကြရသေးပါဘူး။ (၇) ရက်နေ့ အစည်းအဝေးပြီးမှပဲ အခမ်းအနားပြင်ဆင်ဖို့ စီစဉ်ထားကြတာပါ။

အဲဒီအချိန်မှာ သူတို့က အမှတ် (၈)၊ ဇေယျာလမ်း၊ ရောက်ပင်ခြံရပ်၊ လှည်းတန်း၊ ကမာရွတ်မှာနေကြတာပါ။ ဇူလိုင်(၆)ရက်ည မန္တလေးဆောင်မှာ ပြဿနာဖြစ်လာတော့ အခြေအနေကိုထိန်းသိမ်းဖို့အတွက် ကိုလှရွှေဟာ တက္ကသိုလ်ဝင်းထဲကို ရောက်ရှိလာခဲ့တာ နောက်ဆုံး သမဂ္ဂအဆောက်အဦကြီးကို မိုင်းနဲ့ ဖြိုခွဲဖျက်ဆီးပစ်ခဲ့တဲ့အချိန်အထိပါပဲ။ (၈)ရက်နေ့မနက်မှာကျင်းပမယ့် သူတို့ရဲ့ မင်္ဂလာညစာခံပွဲလည်း မကျင်းပဖြစ်လိုက်၊ ကျင်းပမယ့်နေရာ သမဂ္ဂအဆောက်အဦကြီးလည်း ဖြိုခွဲဖျက်ဆီးခံ



၈ . ၇ . ၁၉၆၂ နေ့က
ကျဆုံးရှာလေသူ ရဲဘော်အချို့မှာ ဤသို့တိတ်တဆိတ် သုသာန်ပို့
မြေမြှုပ်သင်္ဂြိုဟ်ခံခဲ့ကြရရှာလေသည်။
တက္ကသိုလ်ကျောင်းတော်ကြီးကိုလည်း
ရက်အကန့်အသတ်မရှိ ပိတ်လိုက်ကြသည်။

Generated by CamScanner from intsig.com



လိုက်ရ၊ သူတို့နှစ်ဦးအတွက် မိတ်ဆွေအပေါင်းအသင်းတွေက ဝိုင်းဝန်းလက်ဖွဲ့ထားတဲ့ မင်္ဂလာဦးခန်းဝင်ပစ္စည်းတွေနဲ့ သူတို့နှစ်ဦးရဲ့ အိမ်ထောင်သည်ဘဝနုနုလေးလည်း ဗြုန်းခနဲဖျက်ဆီးခံလိုက်ရတဲ့ သမဂ္ဂအဆောက်အဦကြီးနဲ့အတူ ဝစ်စတစ်မှုန်စီ ကြေမွ ပျက်စီး သွားခဲ့တာပါပဲ။

ဒါဟာ ဗြုန်းခနဲဖျက်ဆီးခံလိုက်ရတဲ့ သမဂ္ဂအဆောက်အဦကြီးနဲ့အတူ သမဂ္ဂဝင်ခေါင်းဆောင်တစ်ဦးရဲ့ ပုဂ္ဂလိကဘဝ အရည်တည်ခ ကနဦးကာလမှာကတည်းက ချေမွဖျက်ဆီးခံခဲ့ရတဲ့ ဖြစ်ရပ်မှန်တစ်ခုပါပဲ။ လုပ်ကြံပန်တီးရေးသားချက် မဟုတ်ပါဘူး။

ဒီအခြေအနေတစ်ခုလုံးကို အကြမ်းဖျင်းကြည့်မယ်ဆိုရင် ကျောင်းသားထုကို တက္ကသိုလ်ပရိဝုဏ်အတွင်းမှာ ပစ်ခတ်သတ်ဖြတ် အရေးယူလောက်စရာ၊ သမိုင်းဝင် တကာသအဆောက်အဦကို လက်စတုံး ဖုံးခွဲဖျက်ဆီးပစ်လောက်စရာ ဘယ်လိုနိုင်ငံမှာတဲ့အကြောင်းပြချက်မှမရှိဘူးဆိုတာ တွေ့ရမယ်။ ဒါဖြင့် ခုလို ပစ်ခတ်သတ်ဖြတ် ဖောက်ခွဲဖျက်ဆီးမှုဖြစ်ရတဲ့ အဓိကအကြောင်းကဘာလဲ။ ကျောင်းသားသမဂ္ဂ၊ ကျောင်းသားလှုပ်ရှားမှုနဲ့ ကျောင်းသားထုဟာ ၁၉၅၈ ခုနှစ် အာဏာသိမ်းမှုကိုဖြစ်စေ၊ ၁၉၆၂ ခုနှစ် အာဏာသိမ်းမှုကိုဖြစ်စေ စစ်အာဏာရှင်စနစ်မှတစ်ပါး အခြားဘာမှမဟုတ်ဘူးဆိုတာကို ပြတ်ပြတ်သားသား ရပ်ခံခဲ့ကြလို့ပဲဖြစ်တယ်။

ဒီနေရာမှာ သတိပြုသင့်တဲ့ကိစ္စတစ်ခု ရှိပါတယ်။ ကျယ်ဝန်းတဲ့ နိုင်ငံရေးနယ်ပယ်ကြီးတစ်ခုလုံးကိုကြည့်ရင် နိုင်ငံရေးဟာ ကွဲတတ်တဲ့သဘောရှိကြောင်း သတိပြုသင့်တယ်။ ကွဲရတာ၊ ခွဲရတာမှန်သမျှ လူထုအကျိုးပေါ်က ကြည့်ရမယ်။ ကွဲရတာဖြစ်ဖြစ်၊ ခွဲရတာဖြစ်ဖြစ် လူထုအကျိုးအတွက်ဖြစ်တယ်ဆိုရင် သတ္တိရှိရှိ ဆောင်ရွက်ဖို့ပဲ။ လူထုအကျိုးနဲ့ ဆန့်ကျင်နေတယ်ဆိုရင် ကွဲအောင်လုပ်တဲ့သူ၊ ခွဲတဲ့

Generated by CamScanner from intsig.com

သူဟာ သမိုင်းတရားခံ ဖြစ်တတ်တယ်။ ညီညွတ်ရေးရှုံ့ဟာ လူထုအကျိုးပဲဆိုတာ တွေ့ရမယ်။ တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့အကျိုးအတွက် ကွဲတာ၊ ခွဲတာလုပ်ရင် လုပ်တဲ့သူ၊ လုပ်တဲ့အဖွဲ့အစည်း၊ လုပ်တဲ့ပေါ်လစီက တာဝန်ယူရမှာပဲဖြစ်တယ်။

၁၉၆၂ ခုနှစ် စစ်အုပ်စုက ဒုတိယအကြိမ်အာဏာသိမ်းတဲ့အခါ သဘောထားအမြင်ကွဲလွဲမှုတွေ ဖြစ်လာတယ်။ အစိုကဆန့်ကျင်တဲ့ အင်အားစုတွေဟာ ကျောင်းသားသမဂ္ဂတွေနဲ့ လူငယ်အဖွဲ့အစည်းတချို့၊ နိုင်ငံရေးပါတီတချို့ပဲ ရှိတယ်။ ပြည်သူ့တိုးတက်ရေးပါတီ၊ ကရင်အမျိုးသားအဖွဲ့ချုပ်၊ မွန်အမျိုးသားအဖွဲ့ချုပ်၊ လူငယ့်တပ်ဦး (ဗမာနိုင်ငံ)၊ လူငယ်ဗမာ့သမဂ္ဂ (ဗမာနိုင်ငံ)၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ကိုယ်စားပြုတဲ့ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့တို့က ဒီအာဏာသိမ်းမှုကို ကန့်ကွက်ခဲ့ကြတယ်။ လက်နက်ကိုင်တော်လှန်ရေးလုပ်နေတဲ့ အင်အားစုအားလုံးက ကန့်ကွက်



ကိုကျော်လှိုင်



ကိုလှရွှေ



ကိုထွားစိန်



ကိုခင်မောင်အုန်း



ကိုပြသန်း(လက်ပံတန်း)

ခဲ့ကြတယ်။

ဗကသများအဖွဲ့ချုပ်ရဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့အတွင်းမှာ သဘောထားကွဲလွဲခဲ့ကြတယ်။ ဗကသဥက္ကဋ္ဌ ကိုခင်မောင်အုန်း ခေါင်းဆောင်တဲ့ ဗဟိုအလုပ်အမှုဆောင် (၅) ဦးက ဒီအာဏာသိမ်းမှုကို ကြိုဆိုထောက်ခံခဲ့ကြတယ်။ ကိုခင်မောင်အုန်း၊ ကိုမြသန်း(နောင် ဒေါက်တာမြသန်း)၊ ကိုမင်းထွေး၊ ကိုရဲထွဋ် ကိုဝင်းကြည်နဲ့ ကိုတင်သိန်းတို့ဖြစ်တယ်။ ဒုဥက္ကဋ္ဌကိုသက်နဲ့ အထွေထွေအတွင်းရေးမှူး ကိုတင်ထွန်း (ဖျာပုံ)တို့ ခေါင်းဆောင်တဲ့ ၆ ဦးက ဒီစစ်အာဏာသိမ်းမှုကို ဆန့်ကျင်ကန့်ကွက်ခဲ့ကြတယ်။ တိုက်ပွဲကိုဆက်ပြီး ခေါင်းဆောင်ခဲ့ကြတယ်။ ကိုလှရွှေ၊ ကိုသိန်းမြင့်၊ ကိုထွားစိန်နဲ့ ကိုကျော်လှိုင်တို့ဖြစ်တယ်။

ဥပဒေတွင်း ဒီမိုကရေစီရေးလှုပ်ရှားမှုအတွင်းမှာ အဓိကအတိုက်အခံအဖြစ် ရပ်တည်နေတဲ့ ဝိဇ္ဇာရသခင်ချစ်မောင် ခေါင်းဆောင်တဲ့ ''မြန်မာနိုင်ငံ အလုပ်သမားညီညွတ်ရေးပါတီ''(မလညပ)နဲ့ ''ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု''(ပမညတ) တို့က ဒီအာဏာသိမ်းမှုကို အချက် (၃)ချက်နဲ့ ထောက်ခံလိုက်ကြတယ်။

၁။ တပ်မတော်ဟာ တော်လှန်ရေးအစဉ်အလာရှိတဲ့ အမျိုးသားနိုင်ငံရေးအင်အားစုကြီးတစ်ရပ် ဖြစ်တယ်။

၂။ တပ်မတော်ခေါင်းဆောင်တွေဟာ ခေတ်ရှင်ပေါက်စ ပညာတတ်များဖြစ်ကြတယ်။ အတန်းအစားအရ မိတ်ဆွေဖြစ်တယ်။

၃။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဟာ ပူးပေါင်းဆောင်ရွက်နိုင်တဲ့ ဘုံလုပ်ငန်းစဉ်ဖြစ်တယ်ဆိုတဲ့ အကြောင်းပြချက်များဖြစ်တယ်။ မောင်စူးစမ်း (ရဲဘော်ချမ်းအေး) ကလည်း ဒီလိုပဲသဘောထားခဲ့ပါတယ်။

''မလညပ'' နဲ့ ''ပမညတ'' တို့ဟာ ရှလိုင် (၇) ရက် လှုပ်ရှားမှုကို တိတ်တိတ်ဆန့်ကျင်ခဲ့တယ်။ လူသိရှင်ကြားကန့်ကွက်တာမျိုး မလုပ်ခဲ့ဘူး။

ပမညတရဲ့ အစည်းအဝေးတစ်ခုမှာ နာမည်ကြီး သခင်တစ်ဦးက ''(၇) ရှလိုင် အရေးအခင်းဟာ ဆိုရှယ်လစ်သန္ဓေသားကို သားလျှောအောင်လုပ်တာ''လို့ ပြောဆိုလာတဲ့အထိ ဖြစ်ခဲ့လို့ ဦးခင်မောင်မြင့်က ''ဒီမှာ သခင် •• ခင်ဗျားဘာပြောတာလဲ''လို့ ဒေါကြီးမောကြီး ပြန်မေးရာမှာ အဲဒီသခင်က ''သဘောပြောတာပါ''လို့ ပြန်ဖြေတော့ ''သဘောပြောတယ်ဆိုလည်း သဘောလို့ပြောတာကို မှတ်တမ်းတင်ထားပါ''လို့ အခိုင်အမာ အစည်းအဝေးမှာ မှတ်တမ်းယူခဲ့တယ်။ ရှလိုင် (၇) ရက်

Generated by CamScanner from intsig.com

ကျောင်းသားသတ်ပွဲကြီးပြီးတဲ့နောက် ပြည်သူလူထုအတွင်း စစ်အစိုးရနဲ့ပတ်သက်လို့ အမြင်ရှင်းသွားခဲ့ကြတယ်။ အဲဒီကာလက နိုင်ငံရေးနဲ့ပတ်သက်လာရင် ဒီလူသတ်ပွဲ အပေါ် ရှုမြင်ပုံ၊ ရပ်တည်ပုံပေါ် မူတည်ပြီး အကဲဖြတ်ခဲ့ကြတယ်။ ဒါဟာ အဲဒီတုန်းက လူပုဂ္ဂိုလ်တစ်ဦးချင်းစီနဲ့ အဖွဲ့အစည်းတွေကို တိုင်းတာတဲ့ "စံ"တစ်ခုပါပဲ။

ဥပဒေတွင်း ဒီမိုကရေစီအင်အားစုတွေအတွင်းမှာ စစ်အုပ်စုနဲ့ပေါင်းသူ၊ မပေါင်းသူ ဆိုပြီး အတိအလင်း ကွဲပြားသွားခဲ့တယ်။ ပေါင်းသွားတဲ့သူတွေထဲမှာ နာမည်ကြီးသူတွေ၊ နိုင်ငံရေးအစဉ်အလာကြီးသူတွေ ပါကြပါတယ်။ ဒါပေမဲ့ သူတို့ဟာ အဲဒီအချိန်ကစပြီး ပြည်သူလူထုနဲ့ ကင်းကွာသွားလိုက်ကြတာ နိုင်ငံရေးအရ လုံးလုံးပြန်နာလန်မထူခဲ့တော့ပါဘူး။ ဒါကြောင့် ဇူလိုင် (၇) ရက် အရေးတော်ပုံဟာ အဲဒီအခါက ဘီလူးစည်း လူ့စည်း ခွဲခြားရာမှာ အင်မတန်အရေးကြီးတဲ့ အခန်းကဏ္ဍက ပါရှိခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

နောက်တစ်ချက်က ကျောင်းသားတွေဟာ သမိုင်းမှာ မကြုံဖူးအောင် ရက်စက်သတ်ဖြတ်မှုကြီးနဲ့ ဖိနှိပ်ဖြိုခွဲခံလိုက်ရပေမယ့် နောက်တွန့်တွေဝေမသွားဘဲ သမဂ္ဂလုပ်ငန်းတွေကို မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ရတဲ့နည်းပေါင်းစုံနဲ့ ဆက်လက်သယ်ဆောင် တိုက်ပွဲဝင်နေကြဆဲ ဆိုတာပါပဲ။ ဗမာပြည်မှာ ကျောင်းသားဆိုတာရှိနေသရွေ့ ကျောင်းသားသမဂ္ဂဆိုတာ တည်ရှိနေမှာပါပဲ။

ဒီလိုအခြေအနေမျိုးမှာ ကျောင်းသားသမဂ္ဂတွေ၊ ကျောင်းသားလှုပ်ရှားမှုနဲ့ ကျောင်းသားထုက စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေးကို ပြတ်ပြတ်သားသားလုပ်ဆောင်ကြသလို စစ်အစိုးရကလည်း ရဲရဲတင်းတင်း သတ်ဖြတ်ခဲ့တာ ဖြစ်တယ်။ ကျောင်းသားသမဂ္ဂတွေ၊ ကျောင်းသားလှုပ်ရှားမှုနဲ့ ကျောင်းသားခေါင်းဆောင်တွေကို လက်စတုံးပစ်ဖို့ ကြံရွယ်ချက်နဲ့ ကျောင်းသားသမဂ္ဂအဆောက်အဦကိုပါ ဗိုင်းခွဲဖျက်ဆီးခဲ့တာဖြစ်တယ်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရတဲ့အချိန်အထိ တကာသအဆောက်အဦကို ဗြိတိသျှနယ်ချဲ့အစိုးရက လက်ဖျားနဲ့ မတို့ရဲခဲ့ဘူး။ စစ်အစိုးရက ဒီနေရာကို ဖြိုဖျက်ပစ်တာဟာ အဆောက်အဦတစ်ခုကို ဖြိုဖျက်ပစ်တာမျိုး မဟုတ်ဘူး။ ဒီနေရာဟာ

(၁) နယ်ချဲ့ဆန့်ကျင်ရေးနဲ့ လွတ်လပ်ရေးတိုက်ပွဲအတွက် အရေးပါတဲ့ ကျောင်းသားသမဂ္ဂ၊ ကျောင်းသားလှုပ်ရှားမှုနဲ့ ကျောင်းသားခေါင်းဆောင်တွေကို မွေးထုတ်ပေးခဲ့တဲ့နေရာ ဖြစ်တယ်၊ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေးအတွက် အရေးပါတဲ့ ကျောင်းသားသမဂ္ဂ၊ ကျောင်းသားလှုပ်ရှားမှုနဲ့ ကျောင်းသား

Generated by CamScanner from intsig.com

ခေါင်းဆောင်တွေကို ဆက်လက်မွေးထုတ်ပေးတဲ့နေရာ ဖြစ်တယ်။

(၂) မြန်မာ့လွတ်လပ်ရေးအတွက် ကြံ့ခိုင်တဲ့ ပထမဆုံး နိုင်ငံရေးခေါင်းဆောင်မျိုးဆက်တစ်ဆက်ကို မွေးထုတ်ပေးတဲ့နေရာ ဖြစ်တယ်။ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးတိုက်ပွဲအတွက် နိုင်ငံရေးမျိုးဆက်တွေကို မွေးထုတ်ပေးခဲ့၊ မွေးထုတ်ပေးဆဲ နေရာ ဖြစ်တယ်။

(၃) နိုင်ငံလွတ်လပ်ဖို့ လက်နက်ကိုင်အင်အားတစ်ရပ်ရှိမှဖြစ်မယ် ဆိုတဲ့ သမိုင်းဝင်နိုင်ငံရေးသိမြင်မှုကို ဒီနေရာမှာ ကျောင်းသားသမဂ္ဂနဲ့ တို့ဗမာအစည်းအရုံးခေါင်းဆောင်တွေ ဆွေးနွေးရရှိ အကောင်အထည်ဖော်ခဲ့ကြတဲ့နေရာ ဖြစ်တယ်။ ဒီနေရာဟာ ပထမ၊ ဒုတိယ စစ်အိုးရအဆက်ဆက်ကို အခိုင်မာဆုံး၊ အပြတ်သားဆုံး ဆန့်ကျင်တိုက်ပွဲဝင်ခဲ့တဲ့နေရာ ဖြစ်တယ်။ အာဇာနည်ကျောင်းသားတွေ စစ်အာဏာရှင်ဆန့်ကျင်ရေးအတွက် ပထမဆုံး အသက်စတေးခဲ့ရတဲ့ ဇူလိုင် (၇) ရက် အရေးတော်ပုံကြီး ဖြစ်ပေါ်ခဲ့တဲ့နေရာဖြစ်တယ်။

ကျောင်းသားသမဂ္ဂခေါင်းဆောင်တွေ စုစည်းရရှိတဲ့အထောက်အထားများအရ ကျောင်းသား ရာကျော် သတ်ဖြတ်ခံခဲ့ရတယ်လို့ ဖော်ထုတ်ခဲ့ကြတယ်။ ရန်ကုန်ဆေးရုံကြီးကို သေဆုံးဒဏ်ရာရ ကျောင်းသား (၈၆) ယောက် ရောက်ရှိလာတယ်လို့ အဲဒီတုန်းက ဆေးရုံအုပ်ကြီး ဒေါက်တာအောင်သိန်းက ဇူလိုင်လ (၉) ရက်နေ့မှာ ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲအတွင်း ဆေးရုံကြီးကိုရောက်တဲ့ (၈၆) ယောက်ထဲမှာ (၁၇) ယောက်သေဆုံးပြီး ကျန်လူတွေ ဒဏ်ရာရရှိခဲ့တယ်လို့ သတင်းဌာနတစ်ခုကို ထုတ်ဖော်ပြောခဲ့တယ်။ တရားဝင်မဟုတ်တဲ့ သတင်းတွေအရ တပ်မတော်စစ်ဆေးရုံကိုလည်း သေဆုံးဒဏ်ရာရ (၆၈) ယောက် ရောက်ရှိကြောင်း စစ်သူနာပြုအမျိုးသမီးတစ်ဦးရဲ့ ပြောပြချက်အရ သိရတယ်။ သေဆုံးတဲ့ကျောင်းသားတွေကို ဘယ်နေရာမှာ မြှုပ်နှံထားတယ်ဆိုတာကို ဒီကနေ့အထိ ဖုံးဖိထားကြဆဲဖြစ်တယ်။ စစ်အစိုးရက (၁၆) ယောက်သာ သေဆုံးကြောင်း သတင်းထုတ်ပြန်ခဲ့တယ်။ အဲဒီစဉ်က ကျောင်းဆောင်ဌာနရဲ့ ကျောင်းဆောင်နေခွင့် ထုတ်ပြန်ချက်မှုအရ သေဆုံးသွားတဲ့ ကျောင်းသားစာရင်းအမှန်ကို ဖုံးဖိထားနိုင်တယ်။ အဲဒီတုန်းက ဇူလိုင်လ ကျောင်းဖွင့်စဆိုတော့ ကျောင်းဝင်ခွင့်စာရင်းမှာ တရားဝင်ထုတ်ပြန်ထားပေမယ့် အဆောင်နေခွင့်စာရင်းကတော့ အားလုံးမထုတ်သေးဘူး။ ဥပမာ– ကျောင်းသားတစ်ယောက်က အဆောင်နေခွင့်ရထားပြီဆိုရင် အခြားနေခွင့်မရသေးတဲ့ သူ့ရဲ့သူငယ်ချင်းတွေက သူ့အခန်းမှာ သုံးလေးယောက်စုပြီး နေကြတာမျိုးတွေရှိတယ်။ ၁၉၅၇–၁၉၅၈ တကသဥက္ကဋ္ဌ

ဟောင်း၊ ဦးစိုးသိန်းရဲ့တူ မြောင်းမြက ကိုကျော်ဝင်းဟာ မန္တလေးဆောင်နံရံတစ်ခုမှာ "၇-၇-၆၂ မမေ့ကြနဲ့" လို့ သွေးသွေးတွေနဲ့ ရေးထားခဲ့တယ်။ ဇူလိုင် (၇) ရက် တစ်နှစ်မြောက်အခမ်းအနား ပြီးသွားပြီးတဲ့နောက် နောင် ပညာရေးဝန်ကြီး ဖြစ်လာမယ့် ဒေါက်တာခင်မောင်ဝင်းက တွေ့ချင်တယ်ဆိုလို့ နောက်ဆုံး မန္တလေးဆောင် သဟာယနှင့်စာဖတ်အသင်းဥက္ကဋ္ဌ ကိုလှရွှေနဲ့ အတွင်းရေးမှူး ကိုချစ်စိန်တို့က ပညာရေးတက္ကသိုလ်ဝင်းအတွင်းက သူ့အိမ်မှာ သွားတွေ့ခဲ့ကြတယ်။ ဒေါက်တာခင်မောင်ဝင်းက မန္တလေးဆောင်တစ်ဆောင်တည်းကတင် ကျောင်းသား(၁၆)ယောက် သေဆုံးခဲ့တယ်၊ နောင်တစ်ချိန် လိုအပ်လို့ သက်သေခံရမယ်ဆိုရင် သူကိုယ်တိုင် သက်သေခံပေးမယ်လို့လည်း ပြောခဲ့ဖူးတယ်။ ခုတော့ ဒေါက်တာခင်မောင်ဝင်းလည်း ကွယ်လွန်သွားခဲ့ပါပြီ။ စစ်မှန်တဲ့ စုံစမ်းရေးကော်မတီတစ်ခုဖွဲ့ပြီး အဲဒီစဥ်က တက္ကသိုလ်ဝင်ခွင့်တရင်းနဲ့ တိုက်ဆိုင်စစ်ဆေးကြည့်မှသာ မှန်ကန်တဲ့ သေဆုံးကျောင်းသား အရေအတွက်ကို ရနိုင်မှာဖြစ်တယ်။

ဇူလိုင် (၇) ရက်ပစ်ခတ်မှုနဲ့ သမဂ္ဂဗိုင်းခွဲဖျက်ဆီးတဲ့နေ့က မြန်မာ့အသံ (BBS - Burma Broadcasting Service) မှာ ကြွပ်ကဲရေးရုံးဖွင့်လှစ်ထားရှိပြီး အခြေအနေကို ကြပ်ကဲခဲ့တယ်လို့ ဆိုတယ်။ ဇူလိုင် (၇) ရက် ပစ်ခတ်မှုနဲ့ သမဂ္ဂအဆောက်အဦကို ဗိုင်းခွဲဖျက်ဆီးခဲ့တဲ့ ဒီသဗိုင်းဝင် ရက်စက်ရမ်းကားတဲ့အမိန့်ကို ဘယ်သူပေးခဲ့သလဲဆိုတာ တစ်ကမ္ဘာလုံးက သိကြတယ်။ ဒီကနေ့ လူထုဘက်ကို ရောက်နေကြတဲ့ တပ်မှူးကြီးတွေလည်း သိတယ်။ ၁၉၇၇ ခုနှစ်အတွင်းမှာ ဇူလိုင် (၇) ရက်နဲ့ ပတ်သက်တဲ့ တာဝန်ကို ဗိုလ်အောင်ကြီးအပေါ် ပုံချတဲ့ လှို့ဆော်မှုတစ်ခု မဆလပါတီအတွင်းမှာ ဖြစ်ပေါ်ခဲ့တယ်။ ဗိုလ်အောင်ကြီးက ဒီကိစ္စနဲ့ပတ်သက်ပြီး စာ (၂) စောင်ထုတ်ပြီး ငြင်းပယ်ခဲ့တယ်။ ဘယ်သူ့မှာတာဝန်ရှိတယ်ဆိုတာကိုတော့ သိရက်နဲ့ ဖုံးထားပေးခဲ့တယ်။ ဇူလိုင် (၇) ရက်ဖြစ်တဲ့နေ့က မြန်မာ့အသံ ကြွပ်ကဲရေးရုံးမှာ ...

၁။ ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးကျော်စိုး (တော်လှန်ရေးကောင်စီဝင်) ကြည်း-၃၃၂၆

၂။ ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ ဒုဥက္ကဋ္ဌ ဗိုလ်မှူးကြီး သန်းစိန် (တော်လှန်ရေးကောင်စီဝင်) ကြည်း-၃၅၇၄

၃။ ဗိုလ်မှူးကြီးလှဟန် (တော်လှန်ရေးကောင်စီဝင်)

၄။ မြန်ကြားရေးဌာနတာဝန်ခံ ဗိုလ်မှူးကြီးစောမြင့် (တော်လှန်ရေးကောင်စီ

ဝင်) ကြည်း-၃၅၁၀

၅။ လမ်းပန်းဆက်သွယ်ရေးဌာနတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး ဘနီ

၆။ ရဲချုပ် ဦးဘအေး

၇။ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်ဦးကာတို့ ရှိနေကြတယ်။

ပစ်ခတ်မှုကို ဒုတိယဗိုလ်မှူးကြီးစိန်လွင်က တာဝန်ယူထမ်းဆောင်ခဲ့တယ်။ ဗိုလ်နေဝင်းက ၁၉၈၈ ခုနှစ် မဆလရဲ့ ဇူလိုင် ၂၃ ရက်နေ့ ကျိုက္ကဆံကွင်း ဆရာစံခန်းမမှာ ပြုလုပ်တဲ့ နောက်ဆုံးအရေးပေါ်ညီလာခံမှာ ဇူလိုင် ၇ ရက် သတ်ဖြတ်မှုနဲ့ တကသ အဆောက်အဦ ဗိုင်းခွဲဖျက်ဆီးမှုအတွက် သူ့မှာတာဝန်မရှိသလို ထပ်ပြီး ရှင်းလင်းပြောကြားခဲ့တယ်။ အခုအခါမှာ သူတို့အားလုံး မရှိသလောက်ဖြစ်နေကြပြီ။ ဇူလိုင် (၇)ရက်နဲ့ပတ်သက်တဲ့ ရက်စက်ရမ်းကားတဲ့အမိန့်ကို ဘယ်သူပေးခဲ့တယ်၊ ဘယ်သူတွေမှာ ပူးတွဲတာဝန်ရှိတယ်ဆိုတာ တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် အရိုးတွန်မှာ သေချာသလောက်ဖြစ်တယ်၊ တပ်မတော် စစ်ဝိုင်ပေးမှတ်တမ်းများမှာ မှတ်တမ်းရှိပြီး ဖြစ်ပါတယ်။ ဒါကို ပါဝင်ပတ်သက်သူအားလုံး ကြောက်နေကြမှာ သေချာတယ်။

၁၉၆၃ ခုနှစ် ဧပြီလဆန်းမှာ စစ်အစိုးရက အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် အမိန့်တစ်ရပ် ထုတ်ပြန်ခဲ့တယ်။ ၁၉၆၃ ခုနှစ် ဇွန်လ ဒုတိယပတ်ထဲမှာ ပြည်တွင်း ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို စစ်အစိုးရက တောတွင်းလက်နက်ကိုင် အင်အားစုအားလုံးကို ဖိတ်ခေါ်တဲ့ ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့တယ်။ ဒီနိုင်ငံရေးအခြေအနေဖြစ်ပေါ်မှုတွေနဲ့ ဆက်စပ်ပြီး သမဂ္ဂကြီး ၃ ခုက ကျောင်းသားအဖွဲ့ အစည်းအသီးသီးနဲ့ သက်ဆိုင်ရာကျောင်းသားခေါင်းဆောင်တွေဟာ ထိန်းသိမ်းရာက လွတ်မြောက်လာကြပြီး တရားဝင်ရပ်တည်လှုပ်ရှားခွင့်တွေ ပြန်လည်ရရှိလာကြတယ်။ သမဂ္ဂတွေ တရားဝင်ရပ်တည်လှုပ်ရှားခွင့်မရှိတဲ့ကာလမှာ သမဂ္ဂကိုယ်စား "ကျောင်းသားအခွင့်အရေးကာကွယ်မှုကော်မတီ" (SAC - Students Action Committee) ကို ဖွဲ့စည်းပြီး လှုပ်ရှားခဲ့တယ်။ ဥက္ကဋ္ဌဟာ နေ့ကျောင်းသူကျောင်းသားများအသင်းရဲ့ ဥက္ကဋ္ဌ ကိုတင်မောင်ဝင်း(NLD – ခရမ်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်၊ ၁၉၉၁ ဇန်နဝါရီလ ၁၈ ရက်နေ့ အင်းစိန်ထောင်တွင်း၌သေဆုံး)နဲ့ အတွင်းရေးမှူးက ကိုသိန်းထွန်းဖြစ်တယ်။ ကော်မတီဝင် ၁၀ ဦးပါဝင်တယ်။ ကျန်တဲ့ ကော်မတီဝင်တွေက ကိုခင်ဆွေ(ခရမ်း)၊ ကိုကြည်ဝင်း(ပခုက္ကူ၊ တက္ကသိုလ်တို့ ကျောင်းတစ်နေရာ သီချင်းစာသားသွင်းသူ)၊ ကိုမြင့်ဖေ၊ ကိုမိုးဟိန်း(ဂျာနယ်ကျော် ဦးချစ်မောင်၏ သား)၊ ကိုတင်အေး(မြင်းခြံ)၊ ကိုခင်ဝင်း(ခေါ်)ကိုစိုးမြင့်(ဓလွန်)၊

Generated by CamScanner from intsig.com

ကိုတင်ထွန်း(ကျောက်တံခါး)၊ ကိုဖိုးသိမ်း(မောင်ဝံသ)တို့ ဖြစ်ကြတယ်။

ဇူလိုင် (၇) ရက်အရေးတော်ပုံနဲ့ ဆက်စပ်တဲ့ တစ်နှစ်နီးပါးမျှကာလကို ကျောင်းသားအခွင့်အရေးကာကွယ်မှုကော်မတီက တာဝန်ခံဆောင်ရွက်ခဲ့တာဖြစ်တယ်။



ကိုခင်ဝင်း၊



ကိုသိန်းထွန်း၊



ကိုတင်မောင်ဝင်း၊

ဖိနှိပ်ချုပ်ချယ်တဲ့ ကျောင်းဆောင်စည်းကမ်းဆိုးများအတွက် ဇူလိုင် (၇) ရက်ညရဲ့ ၅ လမြောက် ဒီဇင်ဘာ (၇) ရက်နေ့မှာ အဆောင်တွေကထွက်ပြီး ဆန္ဒပြခဲ့ကြတယ်။ ၁၉၆၂ ခု၊ ဒီဇင်ဘာ ၂၀ ရက် ၂၄ ကြိမ်မြောက် ဗိုလ်အောင်ကျော်နေ့ကို ခမ်းခမ်းနားနား စုပေါင်းကျင်းပကြပြီး အဓိပတိလမ်းနဲ့ တက္ကသိုလ်ရိပ်သာလမ်းရှိ ခြင်္သေ့တံခါးမကြီးကို ဆန္ဒပြ ပိတ်ပစ်လိုက်ကြတယ်။ ဗိုလ်အောင်ကျော်ရုပ်ပုံကို တံခါးဝထိပ်မှာ ချိတ်ဆွဲထားလိုက်ကြတယ်။

ဇူလိုင် (၇) ရက် ၆ လပြည့်(၁၉၆၃ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)မှာ သံဃာအပါး ၅၀ ကို ပင့်ဖိတ်ဆွမ်းကျွေးပြီး ကျဆုံးသွားသူတွေအတွက် ရေစက်ချ အမျှဝေခဲ့ကြတယ်။ သမဂ္ဂအဆောက်အဦရဲ့ရှေ့မှာ ဗိုလ်အောင်ကျော်အထိမ်းအမှတ် ကျောက်တိုင်ရှိတယ်။ ဗိုလ်အောင်ကျော်ကျောက်တိုင်နဲ့ ကပ်လျက်ရှေ့တည့်တည့် အဓိပတိလမ်းမဘက်မှာ လေမှာအမြဲလွင့်ပျံနေတဲ့ ခွပ်ဒေါင်းအလံတင်ထားတဲ့ အလံတိုင် ရှိတယ်။ ဇူလိုင် (၇) ရက်၊ ၆ လပြည့် အထိမ်းအမှတ် ရာကျော်ကျောက်တိုင်ကို ဗိုလ်အောင်ကျော်ကျောက်တိုင်နဲ့ယှဉ်တွဲပြီး ၁၉၆၃ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက်နေ့မှာ စိုက်ထူခဲ့ကြတယ်။ ကျောက်တိုင်ကို စက်မှုတက္ကသိုလ်ကျောင်းသားတွေက တာဝန်ခံပြီး ညတွင်းချင်း အပြီးဆောက်လုပ်ခဲ့ကြတာဖြစ်တယ်။ အောက်ခြေပတ်လည် ၆၂ လက်မ၊ အမြင့် ၇ ပေ ၇ လက်မ ရှိတယ်။ မမေ့အပ်တဲ့ ၇၊၇၊၆၂ ကို သင်္ကေတယူထားတာဖြစ်ပြီး ကျောက်တိုင်မှာ "ကျောင်းသားရာကျော်ကိုစတေး၍ ရပ်တည်ခဲ့ရသည်။ အရေးတော်ပုံကျောက်တိုင် ကမ္ဘာတည်သရွေ့ တည်စေသော်" လို့ စာသားရေးထိုးထားခဲ့တယ်။

၁၉၆၃ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်၊ ဇူလိုင် (၇) ရက် ၇ လပြည့်မှာ ရာကျော်ကျောက်တိုင်ဖွင့်ပွဲနဲ့အတူ ဖက်ဆစ်အလောင်းကောင်မီးရှို့ပွဲကို ကျောင်းသားအခွင့်အရေးကာကွယ်မှုကော်မတီက ဦးဆောင်ကျင်းပခဲ့တယ်။ ပိုစတာတွေ၊ အလံနက်တွေ ကိုင်ဆောင်ပြီး အဓိပတိလမ်းတစ်လျှောက် လှည့်လည်ဆန္ဒပြခဲ့ကြတယ်။

၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက်မှာ ကျောင်းသားအခွင့်အရေးကာကွယ်မှုကော်မတီဝင်တွေ၊ သဟာယနဲ့ စာဖတ်အသင်းများအဖွဲ့မှ အမှုဆောင်တွေ၊ တက္ကသိုလ်ဥပစာတန်းနဲ့ နေ့ကျောင်းသားများအဖွဲ့က ကျောင်းသားတို့ စုပေါင်းပြီး ၁၂ နာရီကြာ တကာသ အဆောက်အဦရှေ့မှာ အစာတော်ခံဆန္ဒပြခဲ့ကြတယ်။

၁၉၆၃ ခုနှစ်၊ မတ်လ ၇ ရက်၊ ရှစ်လပြည့် ဇူလိုင် ၇ ရက်အရေးတော်ပုံ အခမ်းအနားကို အရေးတော်ပုံကျောက်တိုင် ရင်ပြင်နီစခန်းမှာ စာမေးပွဲကြီး နီးကပ်

Generated by CamScanner from intsig.com

နေပေမယ့် ငြိမ်းချမ်းညီညွတ်စွာ ဦးညွှတ်အလေးပြုခဲ့ကြတယ်။

၁၉၆၃ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့ နွေရာသီကျောင်းပိတ်ခါနီးမှာ ဦးဆောင်သူကျောင်းသားတွေက ငြိမ်းချမ်းရေးဖခင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းထံ သွားပြီး ဇူလိုင် (၇) နဲ့ (၈) ရက်နေ့က စစ်အစိုးရရဲ့ ရက်စက်ယုတ်မာမှုကြီးကို ရှိုးကန်တော့ တင်ပြခဲ့ကြတယ်။ ''သမဂ္ဂအဆောက်အဦကိုသာ ဖြိုလို့ရမယ်။ အမောင်တို့ရင်ထဲက သမဂ္ဂစိတ်ဓာတ်ကိုတော့ ဘယ်သူမှဖြိုလို့မရပါဘူး''လို့ ဆရာကြီး က ပြန်ပြောခဲ့ပါတယ်။

၁၉၆၃ ခု၊ ဧပြီလ ၁ ရက် တက္ကသိုလ်ကျောင်းတော်ကြီးကို နွေရာသီ အတွက် လုံးဝပိတ်လိုက်ပြီဖြစ်လို့ နောက်ဆုံးချန်ရစ်ခဲ့ကြတဲ့ ကော်မတီဝင်ကျောင်း သားရဲဘော်တွေက မူလ ဆန္ဒပြပိတ်ထားခဲ့တဲ့ ခြသေ့်တံခါးမကြီးကို ဖွင့်ပေးလိုက်ကြ တယ်။

လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်ထွက်လို့ လွှတ်လာကြတဲ့အခါမှာ သမဂ္ဂ ခေါင်းဆောင်တွေနဲ့ ကျောင်းသားအဖွဲ့အစည်းအားလုံးက စုစည်းပြီး ကျောက်တိုင်မှာ အလေးပြုခဲ့ကြတယ်။ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးတိုက်ပွဲကို အဆုံးတိုင် တိုက်ပွဲဝင်သွားကြမယ့်အကြောင်း အဓိဋ္ဌာန်ပြုကြတယ်။ အလေးပြုအခမ်းအနားမှာ ဝမ်းပမ်းတနည်း ငိုကြပါတယ်။

လွှတ်မြောက်လာတဲ့ ကျောင်းသားခေါင်းဆောင်တွေနဲ့ စုစည်းမိတဲ့ ကျောင်း သားအဖွဲ့အစည်းအားလုံးက ခေါင်းဆောင်တွေပါဝင်တဲ့ စုံညီအခမ်းအနားက ...


၁။ ဇူလိုင် (၇) ရက် တစ်နှစ်မြောက်နေ့ အထိမ်းအမှတ်နေ့အခမ်းအနား ကျင်းပဖို့၊

၂။ အခမ်းအနားမှ တကသအဆောက်အဦကို အမြန်ဆုံး ပြန်လည်တည် ဆောက်ဖို့၊


၃။ ဇူလိုင် (၇) ရက် အထိမ်းအမှတ် ဓာတ်ပုံပြပွဲ ကျင်းပဖို့ စည်းဝေးဆုံး ဖြတ်ခဲ့ကြတယ်။

လိုအပ်တဲ့ ဓာတ်ပုံတွေကို ကြေးမုံသတင်းစာတိုက်က အကြီးတန်း ဓာတ်ပုံသတင်းထောက် ဦးခင်ကြိုင် (၁၉၈၃ ခုနှစ်၊ မြောက်ကိုရီးယား ကွန်မန်ဒိုများရဲ့ အာဇာနည်ကုန်း ဗုံးဖောက်ခွဲစဉ် ကျဆုံးသွားခဲ့သူ) နဲ့ The Nation သတင်းစာတိုက် က အကြီးတန်း ဓာတ်ပုံသတင်းထောက် ဦးခင်မောင်ရွှေတို့က ကူညီရှာဖွေပေးခဲ့ ကြတယ်။


သမဂ္ဂကြီး (၃) ခုက ဇူလိုင် (၇) ရက် တစ်နှစ်ပြည့်တဲ့အခါ တစ်နှစ်ပြည့် အထိမ်းအမှတ်အပီ ဖြိုဖျက်ခံရတဲ့ သမဂ္ဂအဆောက်အဦအစား သမဂ္ဂအဆောက်အဦ တစ်ခုကို အမြန်ဆုံး တည်ဆောက်ခဲ့ကြတယ်။ အလျား ပေ ၂၀၀၊ အနံ ပေ ၂၀ ရှိ ယာယီသမဂ္ဂအဆောက်အဦကို ဝါး၊ ဓနိတွေနဲ့ ဆောက်လုပ်ခဲ့ကြတယ်။ တစ်နှစ် ပြည့်အခမ်းအနားကို ပကသများအဖွဲ့ချုပ်က အခြားသမဂ္ဂကြီးတွေနဲ့အတူ ကျင်းပခဲ့ တယ်။ ယာယီတကသအဆောက်အဦမှာ သံယာတော်တွေကို ပင့်ဖိတ်ပြီး ဆွမ်း ကျွေး၊ ရေစက်ချ အမျှဝေခဲ့ကြတယ်။ အခမ်းအနားမှာ တကသ (၁၉၃၀-၃၁) ပထမဆုံး ဥက္ကဋ္ဌ ဦးကျော်ခင်၊ (၁၉၄၈-၄၉) ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ကျော်၊ (၁၉၅၇-၅၈) ဥက္ကဋ္ဌ ဦးစိုးသိန်းနဲ့ တကသ(၁၉၆၁-၆၂) နောက်ဆုံးဥက္ကဋ္ဌ ကိုပဆွေလေးတို့ဟာ ဝမ်းနည်းဂုဏ်ပြုမိန့်ခွန်းများ ပြောခဲ့ကြရင်း မျက်ရည်ကြီးပေါက်



၇ • ၂ • ၁၉၆၃
ဖက်ဆစ်အလောင်းကောင်ကို မီးရှို့ဖျက်ဆီးကြပြီးနောက် တက္ကသိုလ်ရာဇဝင်တွင် မကြုံဘူးသော ကျောင်းသားထုအားဖြင့် ဝိုစတာများ၊ အလံနက်များကိုကာ အဓိပတိလမ်းမတစ်လျှောက် ဤသို့ အသံတိတ် စီတန်းလမ်းလျှောက်ဆန္ဒပြကြသည်။



၇ • ၂ • ၁၉၆၃ ရက်၇ ရက်၊ ဇူလိုင် ၇ လပြောက်နေ့တွင်
''အရေးတော်ပုံကျောက်တိုင်ဖွင့်ပွဲနှင့် ဖက်ဆစ်အလောင်းကောင်
မီးရှို့ပွဲအခမ်းအနားကို ဤသို့ ကျောင်းသားထုက ပြုလုပ်လိုက်ကြသည်။



၇ • ၂ • ၁၉၆၃ နေ့က ဖိနှိပ်ချုပ်ချယ်မှု ဖက်ဆစ်အလောင်းကောင်ကို
ကျောင်းသား အခွင့်အရေးကာကွယ်မှုကော်မတီဝင် ကျောင်းသားရဲဘော်များက
ဤသို့ စုပေါင်းမီးရှို့ လိုက်ကြသည်။

Generated by CamScanner from intsig.com

ကျခဲ့ကြတယ်။ အခမ်းအနားကို တက်ရောက်လာတဲ့ ကျောင်းသားကျောင်းသူများ ဟာလည်း မျက်ရည်ကြီးပေါက်ကျခဲ့ကြတယ်။ ရှလိုင် (၇) ရက်အထိမ်းအမှတ်ကျောက် တိုင်ဟာ ပန်းခွေပန်းခြင်း၊ အမှတ်တရပစ္စည်းတွေ၊ ကဗျာစာတန်းတွေနဲ့ ဖုံးလွှမ်း မတတ်ရှိခဲ့တယ်။ အရေးတော်ပုံနဲ့ပတ်သက်တဲ့ ဓာတ်ပုံတွေနဲ့ အထိမ်းအမှတ်ပစ္စည်း ပြပွဲတစ်ခုကိုပါ ခင်းကျင်းပြသခဲ့တယ်။ ရင်ပြင်နီစခန်းမှာ မိုးတဖြိုင်ဖြိုင်ရွာသွန်းနေတဲ့ ကြားက ကျဆုံးခဲ့တဲ့ ရှလိုင် (၇) ရက်ရဲဘော်တွေကို ဦးညွှတ်အလေးပြုခဲ့ကြတယ်။

ရာကျော်ကျောက်တိုင်မှာ ဗကသများအဖွဲ့ချုပ်ကိုယ်စား ဥက္ကဋ္ဌကိုသက်နဲ့ အတွင်းရေးမှူး ကိုတင်ထွန်း(ဖျာပုံ)၊ တကသကိုယ်စား ဥက္ကဋ္ဌ ကိုဗဒွေလေးနဲ့ အတွင်းရေးမှူး ကိုသာဒိုး၊ ကျောင်းသားညီညွတ်ရေးတပ်ဦးကိုယ်စား ဥက္ကဋ္ဌ ကိုညို ဝင်းနဲ့ အတွင်းရေးမှူး ကိုလှရွှေ၊ ရန်ကုန်ခရိုင်ကျောင်းသားသမဂ္ဂကိုယ်စား ဥက္ကဋ္ဌ ကိုမိုးထင်နဲ့ အတွင်းရေးမှူး ကိုဉာဏ်ဝင်းတို့က လွမ်းသူ့ပန်းခွေ ချခဲ့ကြတယ်။

၁၉၆၃ ခုနှစ်အတွင်း ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ဖြစ်ပေါ်လာတဲ့ အခါ ကျောင်းသားသမဂ္ဂကြီးတွေက ပြည်တွင်းငြိမ်းချမ်းရေးလှုပ်ရှားမှုတွေမှာ အင်တိုက် အားတိုက် ပါဝင်ခဲ့ကြတယ်။ ဥပဒေတွင်းရှိ ဒီမိုကရေစီပါတီအသင်းအဖွဲ့အားလုံး



၇ • ၃ • ၁၉၆၃ စာမေးပွဲနီးကပ်နေချိန်တွင် ကျောင်းသားရဲဘော်အများထုကို ငဲ့သောအားဖြင့် ဦးဆောင်သူရဲဘက်များက ရှလိုင် (၇)ရက်၊ ရှစ်လပြည့်အခမ်းအနားကို အရေးတော်ပုံကျောက်တိုင် ရင်ပြင်နီစခန်းတွင် ဤသို့ ငြိမ်းချမ်းစွာ ဦးညွှတ်ကြသည်

Generated by CamScanner from intsig.com

ပါဝင်ဖွဲ့စည်းထားတဲ့ ပြည်သူ့ကော်မတီအတွင်းမှာ ကျောင်းသားသမဂ္ဂနဲ့ ကျောင်းသားတွေ ပါဝင်တာဝန်ယူခဲ့ကြတယ်။ ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာ ၁၀ ရက် မြို့တော်ခန်းမရှေ့မှာ ကျင်းပတဲ့ ၆ ခရိုင် ငြိမ်းချမ်းရေးဆန္ဒပြပွဲမှာ ကျောင်းသားသမဂ္ဂတွေ ခေါင်းဆောင်တဲ့ တက္ကသိုလ်နဲ့ ရန်ကုန်ခရိုင်အတွင်းရှိ ကျောင်းသားထုတစ်ရပ်လုံး သောင်းချီပြီး ပါဝင်ခဲ့ကြတယ်။ ၆ ခရိုင် ငြိမ်းချမ်းရေးဆန္ဒပြပွဲကို လူထု ၅ သိန်းနီးပါး တက်ရောက်ခဲ့ကြတယ်။

၁၉၆၃ ခုနှစ်၊ နိုဝင်ဘာ ၁၄ ရက်မှာ ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားသွားခဲ့ရတယ်။ စစ်အစိုးရက နိုဝင်ဘာ ၁၄ ရက်နေ့ကစပြီး ဥပဒေတွင်းရှိ ဒီမိုကရေစီအသင်းအပွဲ့အသီးသီးက တာဝန်ရှိသူတွေကို အစုလိုက်အပြုံလိုက်ဖမ်းဆီးခဲ့တယ်၊ တစ်နိုင်ငံလုံး နိုင်ငံရေးသမား ၃၀၀၀ နီးပါး အဖမ်းခံခဲ့ရကြောင်း မှတ်တမ်းတွေမှာ တွေ့ရှိရတယ်။ တက္ကသိုလ်ကောလိပ်အသီးသီးမှ သပဂ္ဂခေါင်းဆောင်တွေ၊




၁၈ • ၂ • ၁၉၆၃ နေ့က
မောင်တို့က နေပူကြဲကြဲဝယ် အစာငတ်ခံဆန္ဒပြ တိုက်ပွဲဝင်နေချိန်ဝယ်
မယ်တို့တတွေကလည်း ဤသို့ ရေပူရေချမ်း ကမ်းလှမ်းကူညီကြသည်၊
မောင်နှမတစ်စုတ၏ စည်းလုံးညီညွတ်ခြင်း ပြရှစ်ပေတည်း။

Generated by CamScanner from intsig.com



၁ • ၄ • ၁၉၆၃ တက္ကသိုလ်ကျောင်းတော်ကြီးကို နွေရာသီအတွက် လုံးဝပိတ်လိုက်ပြီဖြစ်၍ နောက်ဆုံးချန်ရစ်သူ ကော်မတီဝင်ကျောင်းသားများက မူလဆန္ဒပြ ပိတ်ထားခဲ့သောတံခါးကြီးကို ဤသို့ဖွင့်ပေးလိုက်ကြသည်။



ကျောင်းသားရာကျော်ကိုစတေး၍ ရပ်တည်ခဲ့ရသည်။
တက္ကသိုလ် ဒို့ကျောင်းတစ်နေရာမှ ယာယီတကာသ အဆောက်အဦနှင့်
အရေးတော်ပုံ ကျောက်တိုင်
(ကမ္ဘာတည်သရွေ့ တည်စေသော်)



၇ • ၇ • ၁၉၆၃ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့်
တကသ ရဲဘော်များ ပြန်လည်လွတ်လာပြီးနောက် ဇူလိုင် (၇)ရက်
နှစ်ပတ်လည်အခမ်းအနားကို ကျောင်းသားများကိုယ်တိုင် ဆောက်လုပ်ထားသည့်
ယာယီ တကသ အဆောက်အဦတွင် သံဃာတော်များအား
ဆွမ်းကျွေးခြင်း၊ လွမ်းသူ့ပန်းခွေချ၍ အမျှဝေခြင်းအမှုပြုလုပ်သည်။



၇ • ၇ • ၁၉၆၂ မှ
၁ • ၄ • ၁၉၆၃ နွေရာသီ
ကျောင်းပိတ်သည်အထိ
အရေးတော်ပုံ
တိုက်ပွဲကာလအတွင်း
ရဲဘော်ရဲဘက်
ကျောင်းသားထု၏
စာပေ၊ ပန်းချီ
အနုပညာ စွမ်းအားစုံ
ပေါ်ကွန်းတည်
ကမ္ပည်းထိုးခဲ့သည့်
သမိုင်းဝင် ကဗျာ၊
ဆောင်းပါး၊ မှတ်တမ်း
စာအုပ်များ

Generated by CamScanner from intsig.com

## ၁၉၆၂ - ၁၉၆၃ အရေးတော်ပုံတိုက်ပွဲကာလအတွင်း တတပ်တအား ပါဝင်ခဲ့ကြသည့် ရှုလိုင် သမိုင်းဝင်စာအုပ်စာရင်း

၁။ ရင်ပြင်နီ (မန္တလေးဆောင်)
၂။ တက္ကသိုလ်ဝန်းကျင်(မောင်ကြည်ဝင်း-ပခုက္ကူ) (မောင်သူမွန်-ဝါးခယ်မ)
၃။ အောင်ကျော်စေ့အလက်ာများ (ကဗျာစာပေအသင်း)
၄။ ပိတောက်လမ်း (ကဗျာစာပေအသင်း)
၅။ မြကျွန်းသာကဗျာများ (ကလောင်အသင်း)
၆။ အရေးတော်ပုံ (အင်းဝဆောင်)
၇။ အနိုင်မခံ (သန်းထွန်းဦး-အင်းဝဆောင်) (ရင်ပြင်နီခင်ဆွေ)
၈။ ချယ်ရီပွင့်လွှာကဗျာများ (ရှမ်းပြည်နယ်ကျောင်းသူကျောင်းသားများအသင်း)
၉။ ဥဒါန်းမကြေ (ဒဂုန်ဆောင်)
၁၀။ သွေးမော်ကွန်း (ပဲခူးခရိုင် ဗကသ)
၁၁။ အရေးတော်ပုံကပ်ပြား (ကျောင်းသားအခွင့်အရေးကာကွယ်ရေးကော်မတီ)
၁၂။ အရေးတော်ပုံပြကွဒိန် (ရွှေဘိုဆောင်)
၁၃။ ခွပ်ဒေါင်းခဲ့အတူ (စိုးသိန်း)

---

မြို့နယ်၊ ခရိုင်၊ တိုင်းအသီးသီးမှ ကျောင်းသားခေါင်းဆောင်အများအပြား ဖမ်းဆီးခံခဲ့ကြရတယ်။ ၁၉၆၈ ခုနှစ်အတွင်း နိုင်ငံရေးအကျဉ်းသမားတွေကို ဒုတိယအကြိမ် ကိုကိုးကျွန်းကိုပို့ဆောင်ခဲ့တယ်။ ဒီအထဲမှာ ကျောင်းသားခေါင်းဆောင် (၄၁)ယောက် ပါပါတယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားသွားပြီးတဲ့အခါ မြန်မာ့နိုင်ငံရေး အခြေအနေဟာ တစ်ဆင့်တိုးပြီးတင်းမာလာခဲ့တယ်။ ၁၉၆၄ ခုနှစ်၊ မတ်လ ၂၈ ရက်မှာ စစ်အစိုးရက အမျိုးသားစည်းလုံးညီညွတ်ရေးဥပဒေဆိုတာကို ထုတ်ပြန်ပြီး နိုင်ငံရေးပါတီအသင်းအဖွဲ့အားလုံးကို ဖျက်သိမ်းပစ်ခဲ့တယ်။

ကျောင်းသားသမဂ္ဂကြီး (၃) ခုကလည်း အခက်အခဲအမျိုးမျိုးကြားထဲက နေ ၁၉၆၇ ခုနှစ်၊ ဧပြီလအထိ သမဂ္ဂအလံကို ဆုပ်ကိုင်ထားခဲ့ကြတယ်။ ဧပြီလ အတွင်းမှာ သမဂ္ဂကြီး (၃) ခုရဲ့ လုပ်ငန်းတာဝန်တွေကို တာဝန်ခံဆောင်ရွက်နေ

Generated by CamScanner from intsig.com

ကြတဲ့ သမဂ္ဂအဖွဲ့ဝင်တွေ ဆက်လက်ဖမ်းဆီးခံရတဲ့အတွက် အဲဒီအချိန်ကစပြီး ကျောင်းသားသမဂ္ဂတို့ရဲ့ ပုံမှန်လုပ်ငန်းတွေ ရပ်ဆိုင်းသွားခဲ့ရတယ်။ စစ်အစိုးရက ကျောင်းသားသမဂ္ဂ၊ ကျောင်းသားလှုပ်ရှားမှုနဲ့ ကျောင်းသားတွေကို တစ်ဆင့်တိုး ဖိနှိပ်ဖို့ကြံရွယ်တဲ့ ပညာရေးဆိုင်ရာလုပ်ငန်းအများအပြားကို လုပ်ဆောင်လာခဲ့တယ်။ တက္ကသိုလ်နဲ့ကောလိပ်တွေ ဖြန့်ခွဲတာ၊ ကျောင်းဝင်ခွင့်နဲ့ စာမေးပွဲပုံစံတွေ ပြောင်းလဲပစ်တာ၊ ကျောင်းစည်းကမ်းမျိုးစုံပြဋ္ဌာန်းတာ စတာတွေ လုပ်လာတယ်။ အထက်တန်းကျောင်းတွေမှာ ဝိဇ္ဇာသိပ္ပံ ခွဲတာစတာ၊ အစိုးရစစ်စာမေးပွဲတွေကို လျှော့တာတင်းတာ လုပ်ခဲ့တယ်။ စစ်အစိုးရလက်ထက်မှာ ပညာရေးစနစ်ဟာ ပိုမိုပြီး ကမောက်ကမ ဖြစ်လာတယ်။ ပညာရေးစနစ် တိုးတက်ကောင်းမွန်ဖို့ထက် ကျောင်းသားလှုပ်ရှားမှုတွေ ပေါ်မလာအောင် ထိန်းချုပ်ရေးကို ပိုမိုရည်မှန်းချက်ထားပြီး လုပ်ခဲ့တယ်။

ပါလီမန်ဒီမိုကရေစီခေတ်ဟာ ယေဘုယျအားဖြင့်ပြောရရင် ၁၉၆၂ ခု၊ မတ်လ စစ်တပ်ကအာဏာသိမ်းတဲ့အချိန်အထိ ဖြစ်တယ်။ တကယ်က ပါလီမန်ခေတ်ဟာ ၁၉၄၈ မှ ၁၉၅၈ ကာလအထိ ဖြစ်တယ်။ ၁၉၅၈–၁၉၆၂ ကာလဟာ ပါလီမန်စနစ်နဲ့ စစ်အာဏာရှင်စနစ် အားပြိုင်နေတဲ့ကာလ ဖြစ်တယ်။ ဒီအားပြိုင်မှုကို စစ်အုပ်စုက ၁၉၆၂ ခု မတ်လမှာ နိုင်ချုပ်ခဲ့တယ်။ ဒီလိုဖြစ်ခဲ့ရတာဟာ အဓိက အကြောင်းခံကြီး ၄ ခု ကြောင့် ဖြစ်တယ်။

၁။ ဗိုလ်နေဝင်းက ပြည်တွင်းစစ်ကြောင့် ဗမာ့တပ်မတော်ကို စီးမိသွားရုံသာမက ပြောင်းလဲလာတဲ့ ပြည်တွင်းပြည်ပအခြေအနေတွေကို အသုံးချပြီး စစ်အုပ်စု၊ စစ်အာဏာရှင်စနစ်၊ စစ်အစိုးရ ထူထောင်ခဲ့တာဖြစ်တယ်။

၂။ ၁၉၅၈ ခုနှစ်ကစပြီး ဖဆပလအဖွဲ့ချုပ် ကိုယ်စားပြုထားတဲ့ ပါလီမန်ဒီမိုကရေစီအင်အားစုတွေအတွင်း နိုင်ငံရေး၊ စည်းရုံးရေးသြဇာ တဖြည်းဖြည်းကျဆင်းလာပြီး ဖဆပလအဖွဲ့ချုပ် ပြိုကွဲသွားတာကြောင့် ဖြစ်တယ်။

၃။ တရုတ်–ဆိုဗီယက် သဘောထားကွဲလွဲမှုတွေကို အကြောင်းပြုပြီး မြန်မာနိုင်ငံရှိ ဥပဒေတွင်း ဥပဒေပ လက်ဝဲနိုင်ငံရေးအင်အားစုတို့အတွင်းမှာလည်း အယူဝါဒရေး၊ နိုင်ငံရေး၊ စည်းရုံးရေးအရ ဂိုဏ်းကွဲနေကြပြီး နိုင်ငံရေးအရ သြဇာကျဆင်းနေတာ၊ လက်နက်ကိုင်တော်လှန်ရေး ကျဆင်းနေတာတို့ကြောင့်ဖြစ်တယ်။

၄။ ပမညတကို ကိုယ်စားပြုတဲ့ ဥပဒေတွင်း ဒီမိုကရေစီအင်အားစုတွေက စစ်အစိုးရကို နိုင်ငံရေးအရ ထောက်ခံလိုက်ပြီး လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲနေတဲ့ နိုင်ငံရေးအင်အားစုတွေနဲ့ စစ်ရေး၊ နိုင်ငံရေးအရ စည်းရုံးညီညွတ်မှုမရှိတာကြောင့်

Generated by CamScanner from intsig.com

ဖြစ်တယ်။ ဒီကာလအတွင်း နိုင်ငံတကာအခြေအနေကလည်း စစ်အာဏာရှင်စနစ်၊ စစ်အစိုးရတွေပေါ်ပေါက်ဖို့ တွန်းဆော်နေတာကြောင့်လည်း ဖြစ်တယ်။

လွတ်လပ်ရေးခေတ်ဦးကာလဖြစ်တဲ့ ဒီကာလတွေအတွင်း ဖြစ်ပေါ်ခဲ့တဲ့ အပြောင်းအလဲတွေဟာ ကျောင်းသားသမဂ္ဂနဲ့ ကျောင်းသားလှုပ်ရှားမှုတွေကို လာရောက်ရိုက်ခတ်နေတာဖြစ်တယ်။ လေ့လာကြည့်တဲ့အခါ ခုလိုတွေ့ရတယ်။

၁။ လွတ်လပ်ရေးခေတ်အစောပိုင်းက ကျောင်းသားသမဂ္ဂနဲ့ ကျောင်းသားလှုပ်ရှားမှုတွေအတွက် ရရှိခဲ့တဲ့ လွတ်လပ်ခွင့်ကို တပြည်းပြည်း ကန့်သတ်ချုပ်ချယ်မှုများ လုပ်လာကြောင်း တွေ့ရတယ်။ ၁၉၆၂ ခုနှစ် စစ်အစိုးရတက်လာတဲ့အခါ တက္ကသိုလ်သမဂ္ဂနဲ့ ကျောင်းသားလှုပ်ရှားမှုတို့ရဲ့ ငြင်းမရတဲ့သမိုင်းကို ဖယ်ရှားဖျောက်ဖျက်ပစ်ဖို့ ကြိုးပမ်းတာဖြစ်တယ်။

၂။ ကျောင်းသားသမဂ္ဂနဲ့ ကျောင်းသားလှုပ်ရှားမှုတွေကို တပြည်းပြည်း လက်နက်နဲ့ အကြမ်းပက်ဖိနှိပ်မှုသုံးပြီး လုပ်ဆောင်လာခဲ့ရုံမက စစ်အစိုးရလက်ထက်မှာ ဇူလိုင် (၇) ရက် သတ်ဖြတ်မှုကြီးကိုပင် ပြုလုပ်ခဲ့တယ်။ ထင်ရှားတဲ့ ကျောင်းသားခေါင်းဆောင်အများစုကို ပုဒ်မ (၅) နဲ့ ဖမ်းဆီးထိန်းသိမ်းခဲ့တယ်။ ကိုကိုးကျွန်းအကျဉ်းထောင်လို နေရာမျိုးအထိ ပို့ဆောင်ထားခဲ့တယ်။ ရာဇ်ပြီး ကျောင်းထုတ်ပစ်ခဲ့တယ်။ ပညာသင်ကြားခွင့်နဲ့ ကျောင်းဆောင်နေခွင့်တွေကို ပိတ်ပင်လာတယ်။ အကျဉ်းထောင်စည်းကမ်းထက် ပိုမိုတင်းကြပ်တဲ့ ကျောင်းဆောင်စည်းကမ်းကို ပြဋ္ဌာန်းလာတယ်။ ပညာရေးစနစ် တိုးတက်ကောင်းမွန်လာဖို့နဲ့ ကျောင်းသားတွေရဲ့နေထိုင်မှုနဲ့ ပညာသင်ကြားမှုအခြေအနေ တိုးတက်ကောင်းမွန်စေဖို့ ရည်ရွယ်တာမဟုတ်ဘဲ ကျောင်းသားသမဂ္ဂနဲ့ ကျောင်းသားလှုပ်ရှားမှုတွေကို ကန့်သတ်ထိန်းချုပ် ဖိနှိပ်ဖို့ ကြံရွယ်လုပ်ဆောင်တာ ဖြစ်တယ်။

၃။ တက္ကသိုလ်ကောလိပ်နဲ့ အထက်တန်းကျောင်းတွေအတွင်းမှာ သမဂ္ဂတို့နဲ့အပြိုင် အစိုးရက တိုက်ရိုက်ကိုယ်စားပြုတဲ့ ကျောင်းသားအဖွဲ့အစည်းအမျိုးမျိုး ဖွဲ့စည်းလှုပ်ရှားလာစေခဲ့တယ်။ (၁၉၅၃ ခုနှစ် ဒီအက်စ်အို၊ ၁၉၅၆ ခုနှစ် ကျောင်းကောင်စီအထက၊ ၁၉၅၆–၅၉ ကြားနေကျောင်းသားများ အင်အားစု)တို့ ဖြစ်တယ်။ "ကျောင်းသားဟာ ကျောင်းသားပဲဖြစ်တယ်။ နိုင်ငံရေးမလုပ်ရဘူး။ လွတ်လပ်ရေးမရခင်က နိုင်ငံရေးလုပ်တာ မှန်တယ်" စတဲ့ ကျောင်းသားနဲ့ ကျောင်းသားသမဂ္ဂ၊ ကျောင်းသားလှုပ်ရှားမှုကို ခွဲခြားတဲ့၊ ကျောင်းသားနဲ့ နိုင်ငံရေးကို ခွဲခြားတဲ့ လှုံ့ဆော်မှုတွေ လုပ်လာတယ်။ ဒီလုပ်ဆောင်မှုဟာ ကျောင်းသားညီညွတ်ရေးကို ဖြိုခွဲပစ်တဲ့၊

ကျောင်းသားနဲ့ နိုင်ငံရေးကို ဖြိုခွဲပစ်တဲ့၊ ပညာရေးလောကတစ်ခုလုံးရဲ့ တည်ငြိမ်အေးချမ်းမှုကို ဖျက်ဆီးပစ်တာဖြစ်တယ်။

၄။ တက္ကသိုလ်ကောင်စီ၊ ကျောင်းဆောင်ကော်မတီ၊ တက္ကသိုလ်ဆရာအသင်းနဲ့ တက္ကသိုလ်နဲ့သက်ဆိုင်တဲ့ ဌာနအသီးသီးကို ချုပ်ကိုင်ဖို့ အစိုးရက တဖြည်းဖြည်း ကြိုးပမ်းမှုတွေ ရှိလာတယ်။ အထူးသဖြင့် ကျောင်းသားသမဂ္ဂကို တိုက်ရိုက်ထိန်းချုပ်ဖို့အတွက် ''ကျောင်းသားရေးရာမှူး''တွေ ခန့်ထားလာတယ်။ ကျောင်းသားထုက သူ့ဝန်ကို ''ကျောင်းသားပုလိပ်''လို့ ခေါ်ကြတယ်။ သူတို့ဟာ ဆရာ ဆရာမ တာဝန်တွေကို ထမ်းဆောင်တာမဟုတ်ဘူး။ စည်းကမ်းထိန်းသိမ်းဖို့ ကြံရွယ်ချက်နဲ့ ခန့်ထားလာတဲ့ ပညာရေးဖျူရိုကရက်အရာရှိတွေ ဖြစ်တယ်။ ဆရာများခန့်ထားရာမှာလည်း အစိုးရရဲ့ ကျောင်းသားလှုပ်ရှားမှု ထိန်းချုပ်ရေးကြံရွယ်ချက်ကို တာဝန်ခံနိုင်မယ့်သူတွေကို ပိုမိုခန့်ထားလာတယ်။ ဒါကြောင့် ဆရာ ကျောင်းသား ဆက်ဆံရေး ယိုယွင်းပျက်ပြားလာခဲ့တယ်။ တက္ကသိုလ်ပညာရေးတိုးတက်ဖို့ လိုလားတဲ့ ဆရာ ဆရာမတွေကို တဖြည်းဖြည်း ဖယ်ထုတ်ခပြုလာတယ်။

၅။ လွတ်လပ်ရေးခေတ်တစ်လျှောက်လုံးမှာ ရန်ကုန်တက္ကသိုလ်အပါအဝင် တစ်ပြည်လုံး ပညာရေးလောကတစ်ခုလုံးမှာ ပညာရေးလွတ်လပ်ခွင့် (Academic Freedom) ခိုင်ခိုင်ခံ့ခံ့ ရှိခဲ့တယ်။ ၁၉၅၆ ခုနှစ် သမဂ္ဂတွေကို ကန့်သတ်မှုလုပ်လာတာနဲ့ တပြိုင်နက် တဖြည်းဖြည်း ပညာရေးလောကကို အစိုးရရဲ့ ဝါဒဖြန့်ချိရေးယန္တရားအဖြစ် ပြောင်းလဲအသုံးချလာကြောင်း တွေ့ရတယ်။ ပညာရှင်များရဲ့ အခန်းကဏ္ဍကို လျှော့ချလာပြီး အစိုးရအာဏာရပ်ကို တဖြည်းဖြည်း ပိုအသုံးချလာတယ်။ ပညာရေးလွတ်လပ်ခွင့်ဟာ စစ်အစိုးရတွေလက်ထက်မှာ လုံးဝပျက်ပြားသွားခဲ့ရတယ်။

''ဖြိုဖျက်ခံလိုက်ရတဲ့ ကျောင်းသားသမဂ္ဂအဆောက်အဦနေရာကိစ္စကို ဘယ်လိုများ စဉ်းစားထားတာရှိသလဲ'' ဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး တကသနဲ့ ပတ်သက်ခဲ့သူတွေ၊ ကျောင်းသားခေါင်းဆောင်ဟောင်းတွေ၊ စိတ်ပါဝင်စားသူတွေဟာ ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံအပြီး နိုင်ငံရေးပါတီတွေ ပွဲစည်းတည်ထောင်ဝ ကာလမှာ တွေ့ဆုံဆွေးနွေး စဉ်းစားကြည့်ခဲ့ကြဖူးပါတယ်။ ဒီနေရာဟာ စစ်အစိုးရရဲ့ ပွဲဦးထွက် ရမ်းကားရက်စက်မှုတွေကို မှတ်တမ်းတင်ထ...ခဲ့နေရာ ဖြစ်တယ်။ ၁၉၆၂ ခု နောက်ပိုင်းမှာ ပေါ်ပေါက်ခဲ့တဲ့ အရေးအခင်းတွေဟာ ဒီနေရာမှာ ဖြစ်တယ်။ ဒါကြောင့် ဒီသမိုင်းခြေရာလက်ရာတွေကို ထိန်းသိမ်းကာကွယ်တဲ့အနေနဲ့ သမဂ္ဂအဆောက်အဦကို သူ့မူလ (Blue Print) အတိုင်း ပြန်လည်တည်ဆောက်ဖို့

ဆန္ဒရှိကြကြောင်း ဖော်ထုတ်ခဲ့ကြတယ်။ ဒီနေရာကို သမဂ္ဂအဆောက်အဦ ပြန်လည်တည်ဆောက်ပြီးတဲ့နောက် မြန်မာနိုင်ငံရဲ့ ကျောင်းသားသမဂ္ဂ၊ ကျောင်းသားလှုပ်ရှားမှုတွေရဲ့ သမိုင်းပြတိုက်နဲ့ ကျောင်းသားသမဂ္ဂ၊ ကျောင်းသားလှုပ်ရှားမှုနဲ့ ကျောင်းသားခေါင်းဆောင်တို့ ဆင်နွှဲတဲ့ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေးသမိုင်းပြတိုက်အဖြစ်ထားရှိသွားဖို့၊ ၁၉၆၂ ခုနှစ် ဇူလိုင် (၇) ရက်နေ့က ကျဆုံးခဲ့ကြတဲ့ ကျောင်းသားရာကျော်အတွက် ဂုဏ်ပြုတည်ဆောက်ခဲ့တဲ့ ရာကျော်ကျောက်တိုင်ကို ဗိုလ်အောင်ကျော် ကျောက်တိုင်ဘေးမှာ ပြန်လည်တည်ဆောက်ဖို့ အကြံပြုထားကြတာတွေရှိပါတယ်။ ကျောင်းသားသမဂ္ဂအဆောက်အဦသစ်ကိုတော့ နောင်ပေါ်ပေါက်လာမယ့်ကျောင်းသားသမဂ္ဂ၊ ကျောင်းသားခေါင်းဆောင်တို့ရဲ့ စိတ်ဆန္ဒအတိုင်း စဉ်းစားတည်ဆောက်ကြဖို့ အကြံပြုထားချက်များ ရှိပါတယ်။ ဒီနေရာမှာ အရေးအကြီးဆုံးကဘယ်စစ် အာဏာရှင် တစ်ကောင်တစ်မြီးရဲ့လက်နဲ့မှ သမဂ္ဂအဆောက်အဦကို အုတ်မြစ်ချခွင့်မပြုဖို့၊ သမဂ္ဂအဆောက်အဦဟောင်းနေရာမှာ တခြား ဘယ်လိုအဆောက်အဦကိုမှ ဆောက်လုပ်ခွင့်မပြုဖို့ တားဆီးသွားကြဖို့ သဘောထားများ ရှိခဲ့ပါတယ်။ ၁၉၆၂၊ ဇူလိုင်(၇)ရက် အရေးတော်ပုံကိုလည်း ဒီလိုဆောင်ရွက်ပေးရပါမယ်။

လူ့စုလူဝေးနဲ့ ဆန္ဒပြမှုတွေကို အာဏာပိုင်အဖွဲ့က လူစုပြိုခွဲနှိမ်နင်းလို့ သေကြေဒဏ်ရာရကြတဲ့အခါ တရားဥပဒေစိုးမိုးရေးအရ သက်ဆိုင်ရာအစိုးရအနေနဲ့ ကော်မရှင်ဖွဲ့ပြီး စုံစမ်းစစ်ဆေးမှုတွေ လုပ်ကြရပါတယ်။ ဥပမာ အင်္ဂလိပ်နယ်ချဲ့ခေတ် ၁၉၃၈ ခုနှစ် ၁၃၀၀ ပြည့် အရေးတော်ပုံကာလတုန်းက ဖြစ်ပျက်ခဲ့တဲ့ ရန်ကုန်အတွင်းဝန်များရုံးရှေ့ ကျောင်းသားကိုအောင်ကျော်ကို သတ်ဖြတ်မှု၊ မန္တလေးအာဇာနည် ၁၇ ဦးကို သတ်ဖြတ်မှု၊ နောက် ဖဆပလအစိုးရလက်ထက် ၁၉၅၆ ခုနှစ် မတ်လခုနှစ်တန်းကျောင်းသားလေး ဟယ်ရီတန့်ကိုသတ်ဖြတ်မှု စတဲ့ သေကြေမှုကိစ္စတွေမှာ တရင်းဖေယားတွေ ရှိခဲ့တယ်။ စုံစမ်းစစ်ဆေးရေးကော်မရှင်တွေဖွဲ့ပြီး စစ်ဆေးအရေးယူမှုတွေ ရှိခဲ့တယ်။

ဒီနေရာမှာ အနီးကာလဖြစ်တဲ့ ဖဆပလအစိုးရလက်ထက် ၁၉၅၆ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့က ဖြစ်ပျက်ခဲ့တဲ့ကိစ္စကို ဥပမာတစ်ခုအနေနဲ့ အနည်းငယ်ရှင်းပြချင်ပါတယ်။

"ကျောင်းသားများအား သေနတ်နှင့်ပစ်မှု စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာ" (၁၉၅၆ ခုနှစ်) ကို အကျဉ်းဖော်ပြရရင် ...

"၁၉၅၆ ခုနှစ်၊ မတ်လ ၂၂ ရက်၊ ကြာသပတေးနေ့တွင် ဗမာ့ခေတ်

Generated by CamScanner from intsig.com

သတင်းစာတိုက်အနီး စုဝေးလျက်ရှိသော ကျောင်းသားထုအား ရဲအဖွဲ့က သေနတ်ဖြင့် ပစ်ခတ်လူစုခွဲသဖြင့် အချို့ဒဏ်ရာရရှိ၊ ကျောင်းသားတစ်ယောက် သေဆုံးသည့်အတွက် ဤစုံစမ်းရေးကော်မတီကို ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက ဖွဲ့စည်းပြီးလျှင် စုံစမ်းစစ်ဆေးစေခဲ့သည်။ ဤကော်မတီ၏ တာဝန်ဝတ္တရားမှာ အဖြစ်အပျက်အမှန်ကို သိရှိရန် စစ်ဆေးဖို့ဖြစ်သည်။ သို့ရာတွင် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း သေနတ်နှင့်ပစ်ခတ် လူစုခွဲရန် မလိုလားသည့်ကိစ္စဖြစ်ပါက၊ ယင်းသို့ သေနတ်နှင့်ပစ်ခတ် လူစုခွဲသည့်အတွက် မည်သည့်ပုဂ္ဂိုလ်များတွင် တာဝန်ရှိသနည်း ဟူသော မေးမြန်းချက်ကြောင့် သက်ဆိုင်ရာပုဂ္ဂိုလ်များအဖို့ ကျွန်ုပ်တို့၏ အစီရင်ခံချက်မှာ များစွာအရေးကြီးသောကိစ္စ ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် သက်ဆိုင်ရာပုဂ္ဂိုလ်အားလုံးတို့အား ဤကော်မတီရှေ့တွင် မိမိတို့ကိုယ်တိုင် လာရောက်အစစ်ဆေးခံသည့်အပြင်၊ အခြားသက်သေများကို စစ်ဆေးသည့်အခါ မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိ၏ကိုယ်စား ရှေ့နေရှေ့ရပ်များဖြင့်ဖြစ်စေ ထိုသက်သေများကို မေးခွန်းထုတ်ခွင့်ပြုခဲ့၏။ ထို့ပြင် ဤစုံစမ်းခြင်းကို အများပြည်သူလူထုနှင့် သတင်းစာများတို့က စိတ်ဝင်စားလျက်ရှိကြောင်း သိရှိသည့်အပြင်၊ အများပြည်သူလူထုနှင့် သတင်းစာများ၏ အကူအညီရမှသာလျှင် မှန်ရာသို့ရောက်အောင် စုံစမ်းဖို့ လွယ်ကူလိမ့်မည် ဟူ၍ သဘောရရှိသည့်အတွက် ကော်မတီ၏ ပထမအစည်းအဝေးဖြစ်သည့် ၁၉၅၆ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် အောက်ပါအတိုင်း ဆုံးဖြတ်သည်။

၁။ စုံစမ်းမှုကို အများရှေ့တွင် တရားလွှတ်တော်ရုံးခန်းအမှတ်(၈)တွင် ပြုလုပ်ရန်။

၂။ ယေဘုယျအားဖြင့် ယခုအမှုတွင် စုံစမ်းရာ၌ စုံစမ်းစစ်ဆေးရေးကော်မရှင် (၁၉၅၀ ခု၊ အက်ဥပဒေအမှတ် ၄) အက်ဥပဒေ၌ ပြဋ္ဌာန်းထားသည့်အတိုင်း လိုက်နာရန်။

၃။ ယခု နို့တစ်စာထုတ်၍ ခေါ်ယူမည်ဖြစ်သော ပုဂ္ဂိုလ်များကို မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကိုယ်စားရှေ့နေရှေ့ရပ်များအားဖြင့် သော်လည်းကောင်း၊ သို့တည်းမဟုတ် တရားဝင်ကိုယ်စားလှယ်များအားဖြင့်သော်လည်းကောင်း စုံစမ်းရေးပြုလုပ်နေသည့်တစ်လျှောက်တွင် ရှိစေရန် ခွင့်ပြုရန်။

၄။ စုံစမ်းမှုကျင်းပစဉ် ရှိနေကြသော သက်သေများအား (စုံစမ်းရေးကော်မရှင်၊ ၁၉၅၀ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၊ ပုဒ်မ ၆ နှင့် ၉ အရ) စစ်ဆေးမေးမြန်းခြင်း

Generated by CamScanner from intsig.com

ပြုရန်။

၅။ သက်သေများအား ရာဇဝတ်ရုံးများတွင် လာရောက်သက်သေခံသူများကို ပေးသည့် သက်သေခန္နန်းထားများအတိုင်း ပေးရန်။

၆။ ပြည်သူလူထုအား စုံစမ်းစစ်ဆေးရာတွင် ကူညီသည့်သဘောဖြင့် ပဋိပက္ခမှုနှင့်ပတ်သက်၍ မိမိကိုယ်တိုင် တွေ့မြင်သိရှိရသမျှ အဖြစ်အပျက်အမှန်ကို နှုတ်ဖြင့်သော်လည်းကောင်း။ စာရွက်စာတမ်းဖြင့်သော်လည်းကောင်း။ သို့တည်းမဟုတ် အခြားမည်သည့်နည်းဖြင့်မဆို ပြောဆိုပြသနိုင်သူ မည်သူမဆိုလာရောက်၍ စာရင်းများတင်သွင်းနိုင်ကြောင်းကို အင်္ဂလိပ်-မြန်မာ သတင်းစာများမှသော်လည်းကောင်း။ အသံလွှင့်ဌာနမှသော်လည်းကောင်း ကြေညာချက်တစ်ရပ်ထုတ်ရန် ..စသည်တို့ ဖြစ်သည်။

ထို့ပြင် အောက်ပါပုဂ္ဂိုလ်များအား အဖွဲ့ရှေ့သို့လာရန် ဆင့်ဆိုခဲ့သည်။

၁။ နိုင်ငံတော်ရှေ့နေချုပ်ကြီး။

၂။ ဦးခင်မောင်ဖြူ၊ အတွင်းဝန်ချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန။

၃။ ဦးခင်မောင်မောင်၊ ရဲမင်းကြီး၊ ရန်ကုန်မြို့။

၄။ ဦးဘဘွား၊ ပညာရေးမင်းကြီး။

၅။ ဦးအုန်းခင် (အုပ်ချုပ်သူ)၊ ဗမာ့ခေတ်သတင်းစာ၊ ရန်ကုန်မြို့။

၆။ (က) ဥက္ကဋ္ဌနှင့် (ခ) အတွင်းရေးမှူး၊ မြန်မာပြည်သတင်းစာဆရာများအစည်းအရုံး။

၇။ (က) ဥက္ကဋ္ဌနှင့် (ခ) အတွင်းရေးမှူး၊ ကျောင်းသားအရေးတော်ပုံကော်မတီ၊ ရန်ကုန်မြို့။

၈။ ဦးပါစိမြမောင်၊ အရှေ့ပိုင်းနယ် ရာဇဝတ်တရားသူကြီး၊ ရန်ကုန်မြို့။

၉။ ဦးသန်း၊ လက်ထောက်ရဲမင်းကြီး။

ဆင့်ဆိုခြင်းခံရသော ပုဂ္ဂိုလ်များသည် ၁၉၅၆ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် စုံညီစွာ စုံစမ်းစစ်ဆေးခြင်း ကျင်းပမည့်ဌာနဖြစ်သော တရားလွှတ်တော်အဆောက်အဦ ရုံးခန်းအမှတ် (၈) သို့ ရောက်ရှိလာကြသည်''လို့ ဖော်ပြထားပါတယ်။

ကျောင်းသားတို့အတွက် လာရောက်သူတွေက ကျောင်းသားအရေးတော်ပုံကော်မတီဥက္ကဋ္ဌ ကိုခင်မောင်အုန်းနဲ့ အတွင်းရေးမှူး ကိုဇော်ဝင်းတို့ ဖြစ်ကြတယ်။ စုံစမ်းရေးကော်မတီ သဘာပတိက ကြွရောက်လာကြတဲ့ ပုဂ္ဂိုလ်တွေကို ကော်မတီအဖွဲ့ရဲ့ အစီအစဉ်တွေကို ရှင်းလင်းပြောဆိုနေစဉ်မှာ ကျောင်းသားကိုယ်စားလှယ်

Generated by CamScanner from intsig.com

အဖွဲ့က ''စုံစမ်းရေးကော်မတီ အဖွဲ့အမည်'' နဲ့ ''ကော်မတီမှာ ကျောင်းသားကိုယ်စား လှယ်များ မပါတဲ့အချက်'' တွေကို ကန့်ကွက်ကြောင်း ပြောကြားခဲ့တယ်။ အဲဒီနေ့က ကျင်းပခဲ့တဲ့ ကော်မတီရဲ့မှတ်တမ်းမှာ ခုလိုတင်ပြထားခဲ့တာကို တွေ့ရပါတယ်။

''ဤကဲ့သို့ သဘာပတိက ရှင်းပြနေစဉ် ကျောင်းသားအရေးတော်ပုံကော်မတီအဖွဲ့ဥက္ကဋ္ဌ ကိုခင်မောင်အုန်းက ကော်မရှင်အဖွဲ့ကို ''ကျောင်းသားနှင့်ရဲ ပဋိပက္ခမှု စုံစမ်းရေးကော်မရှင်အဖွဲ့'' ဟု အမည်ပေးထားခြင်းကိုသော်လည်းကောင်း၊ ကော်မရှင်အဖွဲ့တွင် ကျောင်းသားကိုယ်စားလှယ်များ မပါရှိ၍သော်လည်းကောင်း၊ မိမိတို့ ကော်မတီအစည်းအဝေးမှ ဆုံးဖြတ်ချက်အရ မကြိုက်မနှစ်သက်ရုံသာမက ဤအဖွဲ့ ကိုလည်း အသိအမှတ်မပြုနိုင်ကြောင်း၊ ၎င်းအပြင် ယနေ့ မိမိနှင့် အတွင်းရေးမှူး ကိုဇော်ဝင်းတို့ လာရခြင်းမှာ သက်သေခံရန်မဟုတ်၊ ဒီတစ်စာဖြင့် ခေါ်ရုံသာဖြစ်၍ လာကြောင်း။ ဤအဖွဲ့ကိုလည်း အကူအညီမပေးနိုင်ကြောင်း ပြောကြားသွားသည့် အတိုင်း မှတ်တမ်းတင်ထားသည်။ ဆက်လက်၍ အတွင်းရေးမှူး ကိုဇော်ဝင်းက ''ရ တန်းကျောင်းသားကလေးကို သေနတ်ဖြင့် ပစ်ခတ်မှု စုံစမ်းရေးအဖွဲ့'' ဟု ခေါ်တွင်စေပါလျှင် ထိုအဖွဲ့အား မိမိတို့ကတစ်ဆင့် ကူညီမည်ဖြစ်ကြောင်း၊ ၎င်းအပြင် အဖွဲ့တွင် ကျောင်းသားကိုယ်စားလှယ်များ ထည့်သွင်းပေးပါက နောက်ထပ်တဆင့် တိုး၍ စုံစမ်းရေးတွင် အကူအညီပေးရန် အဆင်သင့်ရှိမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ကော်မရှင်အဖွဲ့ရဲ့ သဘာပတိက သူတို့အဖွဲ့ဟာ အစိုးရက ချမှတ်ထားတဲ့ ဆုံးဖြတ်ချက်အရ ခန့်ထားတဲ့အဖွဲ့ဖြစ်လို့ အဲဒီအဖွဲ့ကို သူတို့မှာ ပြောင်းလဲပြည့်စွက်၊ နုတ်သိမ်းနိုင်တဲ့အာဏာ မရှိကြောင်း။ ဒီကိစ္စဟာ အစိုးရကသာ လုပ်ပိုင်ခွင့်ရှိကြောင်း တို့ကို ပြန်ပြီးရှင်းပြခဲ့တယ်။

အဲဒီနောက် ကျောင်းသားကိုယ်စားလှယ်တွေက နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုနဲ့ တွေ့ဆုံကြရာမှာ ဝန်ကြီးချုပ်က စုံစမ်းရေးကော်မတီအဖွဲ့ရဲ့အမည်ကို ပြောင်းဖို့ သဘောတူလိုက်တယ်။ ဒီသဘောတူညီချက်ကြောင့် ၁၉၅၆ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့မှာ ပြည်ထဲရေးဝန်ကြီးဌာနက ဒီအဖွဲ့ကိုပေးပို့တဲ့ စာအမှတ် ၁၅၆-ဟာစ-၅၆ မှာ နိုင်ငံတော်ဝန်ကြီးချုပ်က ကော်မရှင်ကို ''ကျောင်းသားနှင့်ရဲ ပဋိပက္ခမှု စုံစမ်းရေးကော်မရှင်'' အစား ''ကျောင်းသားများအား သေနတ်နှင့်ပစ်မှု စုံစမ်းရေး ကော်မရှင်'' ဆိုတဲ့အမည်ကို ပြောင်းလဲသုံးဖို့ မေတ္တာရပ်ခံကြောင်း ဖော်ပြထားခဲ့တယ်။

အဲဒီမေတ္တာရပ်ခံချက်အရ စုံစမ်းရေးကော်မတီရဲ့ အမည်ကို ပြောင်းလဲ

Generated by CamScanner from intsig.com

လိုက်ပြီးနောက် ၁၉၅၆ ခု၊ မေ ၂၄ ရက်မှာ ကျောင်းသားတွေအတွက် လွှတ်တော်ရှေ့နေကြီးတွေဖြစ်တဲ့ မစ္စတာ တီပီဝဗ်းနဲ့ ဦးတင်မောင်တို့ဟာ ကော်မရှင်အဖွဲ့ရဲ့ရှေ့မှာ လိုက်ပါဆောင်ရွက်ခဲ့ကြတယ်။

''ကျောင်းသားများအား သေနတ်နှင့်ပစ်မှု စုံစမ်းရေးကော်မရှင်''မှာ ပါဝင်ခဲ့တဲ့သူတွေကတော့

၁။ တရားလွှတ်တော် တရားဝန်ကြီး ဦးစံမောင် – (သဘာပတိ)

၂။ တရားလွှတ်တော် တရားဝန်ကြီး ဦးအောင်သာကျော် – (အဖွဲ့ဝင်)

၃။ တရားလွှတ်တော် တရားဝန်ကြီး မဟာသိရိသုဓမ္မ ဦးသောင်းစိန် – (အဖွဲ့ဝင်)

၄။ ဦးမောင်မောင်ကြည် ဘီအေ၊ ဘီ၊ အယ်(လ်)၊ တရားဌာနဝန်ထမ်း အထက်တန်း (အတွင်းရေးမှူး)၊ ပြည်ထဲရေးဝန်ကြီးဌာနက ခန့်ထားသူတို့ ဖြစ်ကြပါတယ်။

ဒီကော်မရှင်ကို ဝိုင်းဝန်းပံ့ပိုး ကူညီသူတွေကတော့ တရားလွှတ်တော်က မြန်မာလက်ရေးတိုစာရေး မခင်၊ သူ့ရဲ့လက်ထောက်တွေဖြစ်တဲ့ အထက်တန်းလက်ထောက်စာရေးကြီး ဦးညွန့်မောင်နဲ့ လက်ရေးတိုစာရေး မကြည်ကြည်မြတို့ ဖြစ်ကြပါတယ်။ ကော်မရှင်ဟာ ဖွဲ့စည်းတဲ့နေ့ကစတင်ပြီး နှစ်လအတွင်း အစီရင်ခံစာကို မြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်သွင်းရပါတယ်။ ကော်မရှင်ရဲ့ တာဝန်ဝတ္တရားတွေက ...

၁။ အထက်ပါ ပဋိပက္ခမှု မည်သို့စတင်ဖြစ်ပေါ်လာသည်။

၂။ ဖြစ်ပေါ်လာရခြင်း၏ အကျိုးအကြောင်း။

၃။ သေနတ်ဖြင့်ပစ်ခတ် လူစုခွဲခြင်းသည် ဖြစ်ပေါ်နေသည့်အခြေအနေအရ လိုအပ်သည်၊ မလိုအပ်သည်။ သို့တည်းမဟုတ် အခြားနည်း လူစုခွဲနိုင်စွမ်းရှိ၊ မရှိ။

၄။ သေနတ်ဖြင့်ပစ်ခတ် လူစုခွဲရန် မလိုအပ်သည့်ကိစ္စဖြစ်ပါက ဤသေနတ်ဖြင့်ပစ်ခတ် လူစုခွဲရာ၌ မည်သည့်ပုဂ္ဂိုလ်များတွင် တာဝန်ရှိသည်။

၅။ နောက်နောင် အလားတူကိစ္စများ ဖြစ်ပေါ်ခြင်းကို တားဆီးရန် မည်သို့ဆောင်ရွက်သင့်သည်။

၆။ ကော်မရှင်မှ အခြားအကြံပေးချက်များ စတာတွေဖြစ်ပါတယ်။

ကော်မရှင်က ပညာမင်းကြီးရဲ့ စရင်းမှာပါတဲ့ သက်သေ ၁၉ ယောက်၊

Generated by CamScanner from intsig.com

ခဲမင်းကြီးစာရင်းအရ ၃၂ ယောက်၊ ဗမာ့ခေတ်သတင်းစာတိုက်ပိုင် ဦးအုန်းခင်ရဲ့ စာရင်းအရ ၂၂ ယောက်၊ ကျောင်းသားတွေရဲ့စာရင်းအရ ၁၄ ယောက်နဲ့ ဖိမိဆန္ဒအရ လာရောက်အစစ်ခံတဲ့ သက်သေ ၄ ယောက်တို့ကို စစ်ဆေးခဲ့တယ်။

ဒီနေရာမှာ အဓိကထောက်ပြချင်တာက ကော်မရှင်ရဲ့ ဝေ့ရားတွေထဲက အမှတ်စဉ် ၃၊ ၄ နဲ့ ၅ တို့ဖြစ်ပါတယ်။ သေနတ်နဲ့ပစ်ခြင်း လိုအပ်သည်/မလိုအပ်သည်အကြောင်းကို ကော်မရှင်က ခုလိုတင်ပြထားခဲ့ပါတယ်။

''ယခုကျွန်ုပ်တို့ ဆက်လက်၍ စဉ်းစားရန်လိုသည့်အချက်မှာ အချင်းဖြစ်သောနေ့က သေနတ်ဖြင့်ပစ်ခတ် လူစုခွဲခြင်းသည် ယခုဖြစ်ပေါ်နေသည့်အခြေအနေအရ လိုအပ်သည်/မလိုအပ်သည်။ သို့မဟုတ် အခြားနည်းဖြင့် လူစုခွဲနိုင်စွမ်းရှိ/မရှိ ဟူသော အချက်ဖြစ်သည်။ ထိုအချက်နှင့်တွဲဖက်၍ စဉ်းစားရမည်မှာ အကယ်၍ သေနတ်ဖြင့်ပစ်ခတ် လူစုခွဲနိုင်မည်ဆိုလျှင် ဤသို့ သေနတ်ဖြင့်ပစ်ခတ် လူစုခွဲရာ၌ မည်သည့်ပုဂ္ဂိုလ်များတွင် တာဝန်ရှိသည် ဟူသောအချက်ပင်ဖြစ်ပေသည်။

သေနတ်ဖြင့်ပစ်ခတ် လူစုခွဲခြင်းသည် ဖြစ်ပေါ်နေသည့် အခြေအနေအရ လိုအပ်သည်၊ မလိုအပ်သည် ဟူသောပြဿနာမှာ ကျွန်ုပ်တို့ လွယ်ကူစွာ ဖြေကြားနိုင်သော ပြဿနာမဟုတ်ပေ။ ယေဘုယျအားဖြင့်ဆိုလျှင် ရဲအမှုထမ်း အရာထမ်းများတွင် အများပြည်သူတို့၏ အသက်အိုးအိမ်ပစ္စည်းများကို အန္တရာယ်မှ ကာကွယ်ပေးရန် တာဝန်ရှိကြသည်။ ၎င်းဖြင့် အများပြည်သူတို့ ငြိမ်းချမ်းသာယာမှုကို ထိန်းသိမ်းရန်လည်း တာဝန်အပြောက်အမြားရှိပေသည်။ ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးများနှင့် စပ်လျဉ်း၍ သက်ဆိုင်သော ဥပဒေများမှာ ရာဇသတ်ကြီးပုဒ်မ ၁၄၁၊ ၁၄၂၊ ၁၄၅၊ ရာဇသတ်ကျင့်ထုံးပုဒ်မ ၁၂၇၊ ၁၂၈ တို့ဖြစ်သည်။ ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးဆိုသည်မှာ ၅ ဦး၊ သို့တည်းမဟုတ် ၅ ဦးထက်ပိုမိုသော လူများသည် ရာဇသတ်ကြီးပုဒ်မ ၁၄၁ တွင်ဖော်ပြထားသည့် ရည်ရွယ်ချက်တစ်ခုခုဖြင့် စုဝေးကြခြင်းဖြစ်၏။ ထိုရည်ရွယ်ချက်များအနက် အကျိုးမျက်စီးမှုကို ကျူးလွန်ရန် ရာဇဝတ်ပြစ်ဒဏ်ထိုက်သော ကျော်နင်းမှုကို ကျူးလွန်ရန်နှင့် အခြားပြစ်မှုများကို ကျူးလွန်ရန် ရည်ရွယ်ချက်များ ပါဝင်သည်။

မည်သူမဆို ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးဖြစ်မြောက်စေသည့် အကြောင်းခြင်းရာများကို သိပါလျက်နှင့် ထိုအစုအဝေးတွင် ပါဝင်လျှင်၊ သို့တည်းမဟုတ် ဆက်လက်ပါဝင်နေလျှင် ထိုသူသည် ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတွင် ပါဝင်သူဖြစ်သည်ဟု ယူဆနိုင်သည်။

ပုဒ်မ (၁၄၂) ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးများကို လူစုခွဲရန် အမိန့်ပေးနိုင်သည့်အာဏာမှာ ရာဇဝတ်တရားသူကြီးများနှင့် ရဲအုပ်ထက်အဆင့် အတန်းမနိမ့်သော ရဲအရာရှိများတွင်ရှိသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ (၁၂၇)၊ အကယ်၍ လူစုခွဲရန် ပေးသောအမိန့်ကို မနာခံလျှင် သို့တည်းမဟုတ် လူစုခွဲရန် အမိန့်ပေးစေကာမူ မည်သည့်နည်းဖြင့်မဆို လူစုခွဲလိမ့်မည်မဟုတ် ဟူသော အမူအရာကိုပြသလျှင် ရာဇဝတ်တရားသူကြီး သို့တည်းမဟုတ် ရဲအုပ်ထက် အဆင့်အတန်းမနိမ့်သော ရဲအရာရှိတို့သည် ထိုဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးကို အကြမ်းနည်းဖြင့် လူစုခွဲနိုင်သည်။ သို့ရာတွင် မည်၍မည်မျှ အကြမ်းဖက်ရမည်မှာ အခြေအနေကိုကြည့်၍ ဆောင်ရွက်ရသည်။ ထိုအချက်နှင့်စပ်လျဉ်း၍ အောက်တွင်ဖော်ပြထားသည့် အချက်များကို သတိချပ်ရမည်။

"The degree of force which may be lawfully used in the suppression of an unlawful assembly depends on the nature of such assembly, for the force used must always be moderated and proportioned to the circumstances of the case and to the end to be obtained. (Lord Bowen's report on the colliers' Strike and Riot 1893) The taking of the life can only be justified by the necessity for the protection persons or properity against various forms of violent crime, or by the necessity of dispersing a riotous crowd which is dangerous unless dispersed."

ဤမြွက်ဆိုချက်ကို ထောက်ရှုကာ သေနတ်ဖြင့်ပစ်ခတ်ပြီး ဖြိုကျင်းရန်မှာ လူသတ္တဝါများကိုသော်လည်းကောင်း၊ အိုးအိမ်ပစ္စည်းကိုသော်လည်းကောင်း ကာကွယ်ရန်လိုအပ်သည့် အခြေအနေသို့ ဆိုက်ရောက်ရမည်။ သို့တည်းမဟုတ် ယင်းသို့မဖြိုကျင်းလျှင် ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးကြီးသည် ကြောက်မက်ဖွယ်ကောင်းသော အကြမ်းဖက်မှုများကို ဆက်လက်ပြုကျင့်မည့်အသွင်ဆောင်လျက် နေရမည်။ သို့မှသာလျှင် လူသေစေလောက်သည့် အကြမ်းနည်းဖြင့် ထိုဥပဒေနှင့်ဆန့်ကျင်သောအစုအဝေးကို လူစုခွဲနိုင်သည်။

ယခုဖြစ်ပေါ်ခဲ့သောအခြေအနေကို သုံးသပ်ကြည့်ရှုပါလျှင် ... အချို့သော အတင့်ရဲသူတို့သည် သစ်သားတံခါးကို ကျော်နင်းကာ ဝင်းအတွင်းသို့ဝင်ပြီး အနီး

Generated by CamScanner from intsig.com

အနားရှိ ခဲများဖြင့် ဆက်လက်ပစ်ပေါက်ကြ၏။ ထို့ကြောင့် ထိုသူများကို အကြမ်းနည်းဖြင့် လူစုခွဲမည်ဆိုလျှင် ဥပဒေအရ ပြုကျင့်နိုင်သည်။ သို့ရာတွင် သေနတ်ဖြင့်ပစ်ကာ လူစုခွဲရန် အခြေအနေသို့ ဆိုက်ရောက်ပြီဟူ၍ ကျွန်ုပ်တို့ မယူဆနိုင်ပေ။ (၈) အမှတ်ဖြင့် သက်သေခံတင်သွင်းသော မြေပုံကို သေချာစွာကြည့်ပါလျှင် ဗမာ့ခေတ်ဝင်းအတွင်းသို့ ရောက်ရှိနေကြသော ရဲအရာရှိနှင့် ရဲသားများသည် အန္တရာယ်ကင်းသောနေရာမှ အကာအကွယ်ယူပြီး ဗမာ့ခေတ်အဆောက်အဦကို စောင့်ရှောက်လျက် နေနိုင်သေးကြောင်း ထင်ရှားသည်။ ရိုင်ဖယ်သေနတ်ကိုင်ရဲသား ခြောက်ဦးအပြင်၊ တော်မီဂန်းကိုင် ရဲသားတစ်ယောက်ရှိသေး၏။ ဤမျှလောက် သေနတ်လက်နက်များနှင့် ပြည့်စုံသော ရဲသားတို့နှင့် ရဲအရာရှိတို့သည် ခဲများကိုင်ဆောင်လာသောသူများအား မိမိတို့၏အသက်ကို အန္တရာယ်ပြုလုပ်မည်ဟူ၍ ကြောက်ရွံ့စရာ ဘာအကြောင်းမျှမရှိ။ ကုန်းမြင့်များပေါ်မှလည်းကောင်း၊ အခြား အကာအကွယ်ကောင်းသောနေရာများမှလည်းကောင်း စောင့်ဆိုင်းနေရန် အလွန်သင့်လျော်ပေသည်။ ယခုမှုကား စုံးရိမ်သင့်သည်ထက်ပို၍ စိုးရိမ်ခဲ့သော တရားသူကြီး ဦးမြမောင်၏ အမိန့်အရ လူသေသည်အထိ လက်နက်များကို အသုံးပြုခဲ့သည်။

တရားသူကြီး ဦးမြမောင်၏ အမိန့်အရသာလျှင် သေနတ်နှင့်ပစ်ခတ်ရသော ရဲသား မောင်ဘဝင်း၊ မောင်စံအောင်နှင့် ဌာနအုပ် ဦးဖေသန်းတို့တွင် အခြေအနေအရ မည်သည့်တာဝန်မှမရှိ ဟူ၍ ကျွန်ုပ်တို့ ယူဆသည်။ ဦးမြမောင်၏ အဖို့မှုကား အခြေအနေကို သုံးသပ်ဆင်ခြင်သည့်အရာဝယ် ချွတ်ချော်လွဲမှားကာ သေနတ်နှင့်ပစ်ခတ်သင့်သည်ဟု ယူဆချက်ကြောင့် အပြစ်တင်ဖွယ်ရာဖြစ်သည်။ သို့ရာတွင် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၃၂ တွင် မည်သည့်တရားသူကြီး သို့မဟုတ် ရဲအရာရှိမဆို အကယ်၍ အကြမ်းနည်းဖြင့် လူစုခွဲရာတွင် သဘောရိုးဖြင့် ပြုကျင့်ခဲ့သော် ထိုတရားသူကြီး သို့မဟုတ် ရဲအရာရှိတွင် တရားဥပဒေအရ အပြစ်မရှိဟူ၍ ပြဋ္ဌာန်းထားသည်။ ယင်းသို့ပြဋ္ဌာန်းထားသော ကင်းလွတ်ချက်၏အကျိုးကို ဦးမြမောင်အဖို့ ရသင့်သည်ဟု ကျွန်ုပ်တို့ သဘောရရှိသည်။

ဤကဲ့သို့ သေနတ်ဖြင့်ပစ်ခတ် လူစုခွဲသည့်အတွက် ဦးမြမောင်အား တိုက်ရိုက်အပြစ်တင်ဖွယ်ရာအကြောင်းရှိသည့်အပြင် အခြားသော တာဝန်ခံအရာရှိကြီးများ အပေါ်၌လည်း သွယ်ဝိုက်သောနည်းဖြင့် အပြစ်တင်ဖွယ်ရာအကြောင်းများ ပေါ်ပေါက်လျက်ရှိပေသည်။

အလားတူကိစ္စမျိုးမဖြစ်ပွားရန် အကြံပေးချက်များမှာတော့ ခုလိုတင်ပြထား

ပါတယ်။ အချို့ကိုဖော်ပြရရင် •••

''အလားတူကိစ္စဆိုသည်မှာ ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးများကို လူစုခွဲသည့်ကိစ္စတွင် ယခုကဲ့သို့ သေနတ်နှင့်ပစ်ခတ်၍ သေကြေပျက်စီးခြင်းကို ဆိုလိုသည်ဟု ကျွန်ုပ်တို့ အဓိပ္ပာယ်ကောက်ယူသည်။ ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးများကို လူစုခွဲရာတွင် အဆင့်ဆင့်ပြုလုပ်ရန်သင့်သော အချက်များမှာ

၁။ ဥပဒေနှင့်ဆန့်ကျင်ကာ စည်းဝေးသောအစုအဝေးကို လူစုခွဲဖို့ အမိန့်ပေးရမည်။ ယင်းသို့ အမိန့်ပေးနိုင်ရန်အလို့ငှာ၊ ရဲဌာနဘက်ရှိ ဝိုင်ယာလက်ကားများတွင် အသံချဲ့စက်တပ်ဆင်ထားရန် အထူးလိုအပ်ပေသည်။

၂။ လူစုခွဲရန် လိုသည်ဟူ၍ ဒါရိုက်ရှိသည်နှင့်တစ်ပြိုင်နက် အသုံးပြုနိုင်ရန် မျက်ရည်ယိုဗုံးအဖွဲ့ အဆင်သင့်ရှိရမည်။ ယင်းသို့ အဆင်သင့်ရှိစေရန်အလို့ငှာ ရဲဌာနချုပ်၌ အဖွဲ့တစ်ဖွဲ့၊ ထို့ပြင်တတ်နိုင်ပါက မဂိုဂါတ်ကဲ့သို့သော ဌာနကြီးများ၌ အဖွဲ့တစ်ဖွဲ့ ရှိရမည်။

၃။ ရဲသားအားလုံးတို့ကို နံပါတ်တုတ်အသုံးပြုနည်း ကောင်းစွာသင်ကြားပေးထား၍ ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးများကို လူစုခွဲရန်အမိန့်ရရှိသည့်အခါ မည်ကဲ့သို့ဆောင်ရွက်ရမည်ကို သင်ကြားပေးထားရမည်။

၄။ ရဲဌာနတိုင်းတွင် ရိုင်ဖယ်သေနတ်ပစ်ခတ်ခြင်းကို ကောင်းစွာတတ်ကျွမ်းသော ရဲသားများရှိစေရမည်။ ထိုရဲသားများကို ရတ်တရက်ရှောင်တခင် အသုံးပြုနိုင်ရန် ရဲဌာနမှ ခွဲခွာပြီးသွားရမည့် အလုပ်ဝတ္တရားများ မထမ်းဆောင်စေရ၊ ဥပမာဆိုလျှင် ၎င်းတို့ကို အလုည့်ကျရဲဌာနကို စောင့်ရှောက်သော (Guard Duty) တာဝန်ဝတ္တရားများသာ ထမ်းဆောင်စေရမည်။

၅။ ရဲအုပ်ထက် အဆင့်အတန်းမနိမ့်သော ရဲအရာရှိအားလုံးတို့အား (Riot Manual) တွင်ပါသော အချက်အလက်များကို ကောင်းစွာသင်ကြားပေးရမည်။ ထို့ပြင် ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတို့ကို မည်ကဲ့သို့ လူစုလူဝေးခွဲရမည်ကို လေ့ကျင့်ခန်းပေးရမည်။

၆။ ရန်ကုန်မြို့လို မြို့ကြီးများ၌ အေးအေးဆေးဆေး အမြော်အမြင်ကြီးစွာဖြင့် ဆောင်ရွက်တတ်သော တရားသူကြီးများကိုသာလျှင် ရွေးချယ်ကာ ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတို့ကို မည်ကဲ့သို့ လူစုလူဝေးခွဲရမည်ကို လေ့ကျင့်ခန်းပေးရမည်။

၇။ တတ်နိုင်ပါက သေနတ်ဖြင့်မပစ်ခတ်မီ ယင်းသို့သေနတ်နှင့်ပစ်ခတ်

Generated by CamScanner from intsig.com

တော့မည်ဟူ၍ အမြဲအသံချဲ့စက်ဖြင့် ကြေညာရမည်။

၈။ လေထဲသို့ သေနတ်ပစ်ဖောက်ခြင်းမှာ လိုရာခရီးမရောက်၊ ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးပါဝင်သူများကို ပိုမို၍ အတင့်ရဲစေတတ်သဖြင့် ဤနည်းအားဖြင့် ခြောက်လှန့်ခြင်းကို ရှောင်ကြဉ်ရမည်။

၉။ ရဲသားစံအောင်ကဲ့သို့ သေနတ်ပစ်မကျွမ်းကျင်သော ရဲသားများကို သေနတ်စွဲကိုင်ခွင့်မပြုစေရ၊ ယင်းသို့သော မကျွမ်းကျင်သည့် ရဲသားများ ရန်ကုန်မြို့တွင် အမြောက်အမြားရှိကြောင်း ရဲမင်းကြီးက ဝန်ခံထားသည်။

၁၀။ လူစုခွဲရာတွင် မီးသတ်စက်များ၏ အကူအညီကို တောင်းယူသင့်သည်။ အဘယ့်ကြောင့်ဆိုသော် မီးသတ်စက်အသုံးပြုခြင်းအားဖြင့် ဒဏ်ရာအကြီးအကျယ်မဖြစ်စေဘဲ လူစုခွဲနိုင်သည်။ ထို့အပြင် မီးသတ်စက်များမှာ အမြဲတမ်းအကူအညီပေးရန် အသင့်ရှိသည်။

ဖော်ပြခဲ့တာတွေကတော့ ဖဆပလအစိုးရလက်ထက် ကျောင်းသားထုအပေါ် အကြမ်းဖက်နှိမ်နင်းခဲ့တဲ့ကိစ္စကို စုံစမ်းခဲ့တဲ့ပြဿနာဖြစ်ရပ်ပါ။

ဆက်လက်ပြီး ဒုတိယစစ်အစိုးရကာလ ဇူလိုင် (၇) ရက်နဲ့စပ်လျဉ်းတဲ့ ကိစ္စကို ကြည့်ကြရအောင်။

သမဂ္ဂအဆောက်အဦ ဘယ်သူဖျက်သလဲ ဆိုတဲ့ပြဿနာကို စတင်ဖော်ထုတ်တာ မိုလ်နေဝင်း (ကြည်း-၃၅၀၂) ပါ။ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ မေခလမ်း၊ အမှတ် (၁၉) နေ၊ ဦးသိန်း (အမိ ဒေါ်သိန်းညွန့်)၊ ဦးငွေစိုး၊ ဦးအေးအောင်ဝင်း (အမိ ဒေါ်တင်တင်)၊ ဒေါက်တာ ဒေါ်လဲ့လဲ့ဝင်း၊ ဒေါ်သီတာဝင်း၊ ဒေါက်တာ ဒေါ်သော်တာဝင်း (အမိ ဒေါ်ခင်မေသန်းနဲ့ ဒေါက်တာတောင်ကြီးနဲ့ရတဲ့မယားပါသမီးများ)၊ ဒေါက်တာ ဒေါ်ခင်စန္ဒာဝင်း၊ ဦးမြိုးဝေဝင်း၊ ဒေါက်တာဒေါ်ကြေးမုံဝင်း (အမိ ဒေါ်ခင်မေသန်း) သားသမီး ကိုးယောက်တို့ရဲ့ ဖခင် မိုလ်နေဝင်းဟာ သူ့ရဲ့ တရားဝင် ပဥ္စမမြောက်ဇနီး ရတနာနတ်မယ်နဲ့ လက်မထပ်မီ (၁၉၇၆ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်နေ့) ကနဲ့ စတုတ္ထမြောက်ဇနီး သမိုင်းဆရာမ ဒေါ်နီနီမြင့်နဲ့ လက်ထပ်ခဲ့တဲ့ (၁၉၇၃ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့) အထိ ကြားကာလ၊ ဒေါ်နီနီမြင့်နဲ့လည်း မကွဲမီ၊ ၁၉၇၅ ခုနှစ်နှောင်းပိုင်း ပုဂံလျှောင်အပြီးမှာ ပုဂံကို အလည်အပတ်ခရီးထွက်ခဲ့ကြတယ်။

ပုဂံသိဒ္ဓိပုဂ္ဂယာဟိုတယ်မှာ နားနားနေနေ စကားပြောကြရင်း သမိုင်းဆရာမ ဒေါ်နီနီမြင့်နဲ့ သူမရဲ့ တက္ကသိုလ်တုန်းက ရင်းနှီးခဲ့ဖူးကြတဲ့ ကျောင်းသူဟောင်းတချို့

တွေ့ဆုံကြရာမှာ စကားစပ်ရင်း သမဂ္ဂအဆောက်အဦကိစ္စ ရောက်သွားတယ်။ "သမိုင်းဖြစ်ရပ်မှန်ကို ဘယ်လောက်ပဲလိမ်လိမ် တစ်နေ့ သမိုင်းတရားခံအမှန်ပေါ်မှာပဲ" ဆိုတဲ့ ပြောဆိုသံတွေကို ဗိုလ်နေဝင်း ကြားသိခဲ့ရတယ်။ ဒီအခါမှာ ဗိုလ်နေဝင်းကိုယ်တိုင် ချောက်ချားပြီး ပုဂံက ချက်ချင်းပြန်လာခဲ့တယ်။ နောက်တော့ အဲဒီစဉ်က ကွပ်ကဲရေးအဖွဲ့မှာ ရှေ့တန်းက ပါဝင်ခဲ့ကြတဲ့ သက်ရှိထင်ရှားရှိနေသူတချို့ကိုခေါ် "လှဟန်လာဦး၊ ကျော်စိုးလာဦး၊ စောမြင့်လာဦး ..အဲဒီနေ့က အဖြစ်အပျက်မှာ မင်းတို့ ပါဝင်ခဲ့သမျှ ရေးကြစမ်း" ဆိုပြီး အဲဒီပုဂ္ဂိုလ်တွေရဲ့ တစ်ဦးချင်းဆိုင်ရာတင်ပြချက်တွေကို ရယူထားတဲ့အထိ ကိုယ်လွတ်ရုန်းထွက်ဖို့ ကြိုးပမ်းခဲ့တယ်။ သူတို့ရဲ့ ရေးသားချက်တွေကို မဆလပါတီဌာနမှာ အစီရင်ခံစာ တင်သွင်းစေခဲ့တယ်၊ ဒီအစီရင်ခံစာတွေမှာ ဇူလိုင် (၇) ရက် အဖြစ်အပျက်တွေနဲ့ပတ်သက်ပြီး ဗိုလ်နေဝင်းမှာ တာဝန်မရှိကြောင်း နည်းမျိုးစုံနဲ့ ဖုံးဖိပေးထားကြောင်း တွေ့ရတယ်။

ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံအတွင်းမှာ ဒီအစီရင်ခံစာဖိုင်တွဲတွေဟာ အများပြည်သူလက်ထဲ ရောက်ရှိလာခဲ့တယ်။ ဗိုလ်နေဝင်းက ဇူလိုင် ၇ ရက် ကျောင်းသားတွေသတ်ဖြတ်မှုနဲ့ သမဂ္ဂအဆောက်အဦပျက်တဲ့ကိစ္စကို သူဘာမှ မသိကြောင်း။ ဗိုလ်အောင်ကြီး (ကြည့်-၅၄၅၈)နဲ့ ဗိုလ်လှဟန်တို့ သူ့ဆီကိုလာခဲ့ကြောင်း။ သူတို့ကလည်း ဗိုလ်နေဝင်းကို ဘာမှမပြောခဲ့ကြောင်း။ နောက်တစ်နေ့ မနက် ရေဒီယိုကပြောရာမှာတော့ သူကလူကြီးဖြစ်တဲ့အတွက် ဝုပေါင်းခေါင်းဆောင်မှုကို တာဝန်ယူပြီး ပြောလိုက်တာဖြစ်ကြောင်း ရှင်းပါတယ်။

မဆလ ဗဟိုကော်မတီထံ အစီရင်ခံတဲ့စာတွေကို ဗိုလ်အောင်ကြီးက သူ့ မေမြို့မှာရှိနေတုန်း ရတာပါ။ ဒါနဲ့ သူကလည်း ၁၉၇၇ ခုနှစ်အတွင်းမှာပဲ စာတမ်းတစ်စောင်ရေးပြီး ဖြန့်ဝေခဲ့ပါသေးတယ်။ ပြန်လည်ရှင်းလင်းရာမှာတော့ အချုပ်အားဖြင့် ဇူလိုင် (၇) ရက်ဖြစ်ပျက်တဲ့နေ့က သူမရှိခဲ့ဘူးလို့ ဆိုပါတယ်။ ထောက်ပို့တပ်က ဗိုလ်မှူးကြီးမြဝင်း အသုဘကို လိုက်ပို့ပြီးအပြန် ကြည့်မြင်တိုင်က သူ့အစ်မရဲ့အိမ်မှာ ရှိနေပါတယ်တဲ့။ တက္ကသိုလ်ဝင်းထဲမှာ ပစ်ခတ်သတ်ဖြတ်မှုတွေ ပြီးတော့မှ အဲဒီတုန်းက သူ့ရဲ့ကိုယ်ရေးအရာရှိ ဗိုလ်ကြီးသောင်း (ယခု နည်းပညာဝန်ကြီး)က ကြည့်မြင်တိုင် အိုးဘိုလမ်းရဲ့ခန်းကနေ အဖြစ်အပျက်တွေကို သတင်းပေးခဲ့တယ်။ ပြီးတော့မှ သူ မြန်မာ့အသံကွပ်ကဲရေးဌာနရှိရာကို လိုက်သွားတဲ့အခါမှာ ဗိုလ်ကျော်စိုးတို့အစုနဲ့ တွေ့ပါတယ်။ ဗိုလ်ကျော်စိုးက ဗိုလ်သင်တန်းကျောင်း (OTS) မှာ ကျောင်းအုပ်လုပ်ခဲ့ဖူးတဲ့သူဆိုတော့ အဲဒီမှာ သူက ဗိုလ်ကျော်စိုးကို (Military

Aid to Civil Power) အရပ်ဘက်အုပ်ချုပ်မှုတွင် စစ်ဘက်မှ ဝင်ရောက်ထောက်ကူရခြင်း အကြောင်းကို ပြောပြခဲ့သေးတယ်လို့ဆိုပါတယ်။ နောက်မှ သူတို့တိုင်ပင်ကြပြီး ဗိုလ်အောင်ကြီးနဲ့ ဗိုလ်လှမှာန်တို့ နှစ်ဦးတည်း ဗိုလ်နေဝင်းဆီ သွားတွေ့တယ်။ အဲဒီအချိန်မှာ ဗိုလ်နေဝင်းက ဂေါက်ပ်ဒိုက်ရာက ပြန်လာတာဖြစ်ပြီး ရှူးရှူးရှားရှားနဲ့ ဒေါသတကြီးဖြစ်နေခဲ့တယ်။ ပါးစပ်ကနေ ဆဲဆိုကြိမ်းမောင်းနေတယ်လို့ ဆိုပါတယ်။ ဒါနဲ့ ဗိုလ်အောင်ကြီးနဲ့ ဗိုလ်လှမှာန်တို့လည်း ဘာတစ်ခုမှမပြောဖြစ်ခဲ့ဘူးဆိုပါတယ်။ ဗိုလ်နေဝင်းက သူတို့ကို "မင်းတို့ ထမင်းစားပြီးပြီလား။ စားသွားကြဦးလေ။ ဘာသောက်မလဲ" ဆိုပြီး ပြောခဲ့သေးတယ်။ သူတို့လည်း ဘာမှမစားမသောက်တော့ဘဲ လှည့်ပြန်လာခဲ့ကြတယ်။

အောင်ကြီးရဲ့တတမ်းထဲမှာတော့ သမိုင်းဝင်ကျောင်းသားသမဂ္ဂအဆောက်အဦကို ဖြိုဖျက်တဲ့ကိစ္စမှာ သူမပတ်သက်ကြောင်း၊ ဥက္ကဋ္ဌကြီးလည်း မပတ်သက်ရာ၊ ဗိုလ်ကျော်စိုးလုပ်တာဖြစ်မယ် ဆိုတဲ့သဘောမျိုး။ ဟိုလိုလိုဒီလိုလို ဆင်ဝှေ့ရန်ရှောင် ပြောဆိုရေးသားထားခဲ့တယ်။ ဒါနဲ့ ဗိုလ်နေဝင်းက ဗိုလ်အောင်ကြီးကို မေမြို့ကနေ ခေါ်ယူပြီး အင်းလျားလမ်း အမှတ် ၁၄ ညှိဂေဟာမှာ ၂ ရက်လောက်ထားပြီးမှ လာတွေ့တယ်။ ဗိုလ်အောင်ကြီးရဲ့ တတမ်းအဆိုအရ ဗိုလ်နေဝင်းက တရားခံစာရင်း လွှတ်သွားတဲ့အတွက်ရယ်၊ ဗိုလ်အောင်ကြီးက သူလည်း မေမြို့မှာမနေရဲတော့ကြောင်း။ ဗကပများက မိုးကုတ်၊ မိုးမိတ်၊ ကျောက်ဂူ၊ နောင်ဗိုးနားအထိလောက် ထိုးဖောက်လာနေကြောင်း။ ဒီအတွက် သူ့မှာလည်း အန္တရာယ်ရှိလာနိုင်ကြောင်း အသနားခံတဲ့အတွက်ရယ်ကြောင့် သူကောင်းပြုတဲ့အနေနဲ့ စမ်းချောင်းက ဒေါ်ထူး အလုပ်ရုံမှာ လက်ဖက်ရည်ဆိုင်ဖွင့်စေပြီး ဂျုံ၊ နို့ဆီ၊ သကြား စတာတွေကို အစိုးရဈေးနဲ့ ဝယ်ယူနိုင်ခွင့်တွေ ပေးခဲ့တယ်။

ဗိုလ်ကျော်စိုးကလည်း သမဂ္ဂဖြိုတဲ့ကိစ္စဟာ သူ့ဘက်ကို မြားဦးလှည့်လာတဲ့အတွက် ဒီကိစ္စ သူမပတ်သက်ကြောင်း ဗိုလ်သန်းစိန်ကလည်း သူမပတ်သက်ကြောင်း သူတို့တပ်ထဲမှာ လိုက်ရှင်းကြတယ်။ ဒါနဲ့ ဗိုလ်နေဝင်းက သူတို့ကိုခေါ်ကန်ပြီး ဗိုလ်ကျော်စိုးကို ဗဟိုနိုင်ငံရေးတက္ကသိုလ်ကျောင်းအုပ်ကနေ ဖောင်ကြီးပြည်သူ့ဝန်ထမ်းကျောင်းအုပ်အဖြစ် ပြောင်းရွှေ့လိုက်ပြီး ရဲလုံခြုံရေးအဆင့်နဲ့ပဲ ထားခဲ့တယ်။ ဗိုလ်သန်းစိန်ကိုလည်း စစ်ရာထူးခန့်ဌာနကို ပြောင်းရွှေ့ပစ်ခဲ့တယ်။

တကယ်တော့ ကျောင်းသားသမဂ္ဂအဆောက်အဦကြီးကို ဖြိုခွဲပြီးတဲ့ညက ဗိုလ်နေဝင်းတစ်ယောက် အမူးလွန်ကြပြစ်နေခဲ့တယ်လို့ တပ်မတော်အရာရှိအသိုင်း

အဝိုင်းက ပြောဆိုခဲ့ဖူးပါတယ်။ ဗိုလ်နေဝင်းက "သမဂ္ဂအဆောက်အဦဟာ ကွန်မြူနစ်ကျောင်းသားတွေ ခိုလှုံရာနေရာ ဖြစ်တယ်။ ဒီမြေပေါ်မှာ သမဂ္ဂအဆောက်အဦမရှိရင် သူတို့ ခိုလှုံဖို့ မရှိတော့ဘူး။ အဲဒီလိုဆိုရင် ကွန်မြူနစ်တွေ နယ်စွန်နယ်ဖျားမှာပဲ နေရတော့မယ်။ သီပေါမင်းပါတော်မူစက ထခဲ့တဲ့ ဗမာသူပုန်တွေလိုပဲ နယ်စပ်မှာပဲ တစ်စတစ်စ ဗိုဗိန်ချုပ်စရာပဲရှိတော့တယ်" လို့ ပြောဆိုခဲ့ဖူးကြောင်း ဆိုပါတယ်။

အဲဒီလို ဗိုလ်နေဝင်း၊ ဗိုလ်အောင်ကြီး၊ ဗိုလ်ကျော်စိုး၊ ဗိုလ်သန်းစိန်တို့ ပတ်လည်ပတ်ရှုပ် အပြန်အလှန်ခြေခုတ်နေကြတဲ့ကာလ မရှေးမနှောင်းမှာ ဇူလိုင် (၇) ရက် အရေးအခင်းနဲ့ ပတ်သက်ပြီး လက်ကမ်းစာစောင်တစ်ခု ထွက်ပေါ်လာခဲ့တယ်။

၁၉၇၈ ခုနှစ်၊ ဇူလိုင် (၇) ရက်နေ့မတိုင်မီ "အရေးတော်ပုံသမိုင်း"ဆိုတဲ့ ခေါင်းစဉ်နဲ့ လက်ကမ်းစာစောင်တစ်ခုကို သမဂ္ဂခေါင်းဆောင်ဟောင်းတစ်ဦးဖြစ်တဲ့ ဦးခင်မောင်မြင့် (ကိုကိုးကျွန်းပြန်၊ ၁၉၈၉ ခု၊ ဇွန်လတတိယပတ်မှာ ပြည်သူ့တိုးတက်ရေးပါတီဥက္ကဋ္ဌတာဝန် ထမ်းဆောင်နေစဉ် ဖမ်းဆီးခံရပြီး၊ ၁၉၉၃ ခု၊ ဖေဖော်ဝါရီလ ၁၆ ရက် အင်းစိန်ထောင်တွင်း၌ ကွယ်လွန်) က ဦးဆောင်ရေးသားပြီး မှိုင်းရာပြည့် အရေးအခင်းအပြီးမှာ အဖမ်းမခံလိုက်ရဘဲ ကျန်ရှိခဲ့တဲ့ စက်မှုနဲ့ ဆေး(၂) ကျောင်းသားတချို့နဲ့ ပူးပေါင်းဖြန့်ဝေခဲ့တယ်။ အဲဒီကိစ္စအတွက် ၁၉၇၈ ခုမှာ ပါဝင်ပတ်သက်သူအားလုံး ဖမ်းဆီးခံရပြီး ပုဒ်မ ၅(ည) နဲ့ တရားရုံးမှာ အမှုရင်ဆိုင်နေစဉ်အတွင်း ၁၉၈၀ ခုနှစ် ၂/၈၀ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ပြန်လည်လွတ်မြောက်လာခဲ့တယ်။

အဲဒီစာတမ်းမှာ ဇူလိုင် (၇) ရက် အရေးတော်ပုံကို ဖြစ်ပေါ်စေတဲ့ ရေခံမြေခံ နိုင်ငံရေးနောက်ခံ၊ ၁၉၆၂ ခု၊ ဇူလိုင် (၇) ရက်နေ့ အဖြစ်အပျက်များနဲ့ နောက်ဆက်တွဲဖြစ်ပေါ်လာခဲ့တဲ့ ရိုက်ခတ်ချက်များကို ဖော်ပြထားတယ်။ နောက်တစ်ချက်က သမဂ္ဂအဆောက်အဦကို ဖျက်ဆီးတဲ့ကိစ္စအပေါ် သူက ခုလို ကောက်ချက်ဆွဲပြခဲ့တယ်။

"၁၉၆၃ ခုနှစ် ငြိမ်းချမ်းရေးဆွေးနွေးပွဲခေါ်တဲ့အချိန်မှာ ထိန်းသိမ်းရာက လွတ်လာခဲ့ကြတဲ့ သမဂ္ဂခေါင်းဆောင်တွေက ယာယီသမဂ္ဂအဆောက်အဦကို ပြန်ဆောက်ခဲ့ကြတယ်။ ရုပ်ရှင်ဒါရိုက်တာ ဦးချစ်ခင်က ငွေကျပ် ၂၀၀၀ စတင်လှူတယ်။ ဦးဗဆွေနဲ့ မယားညီအစ်ကိုတော်တဲ့ ဗိုလ်မှူးကြီးဟောင်း ကြည်ဝင်းက ကျပ် ၅၀၀ လှူတယ်။ ၁၉၆၃ ခု၊ နိုဝင်ဘာလ ငြိမ်းချမ်းရေးဆွေးနွေးပွဲပျက်ပြီးတဲ့ နောက်တစ်ညှ အဲဒီသမဂ္ဂတဲကြီးကို ဘယ်သူဖျက်ခဲ့တာလဲ။ အဲဒီအချိန် တော်လှန်ရေးကောင်စီ

Generated by CamScanner from intsig.com

ထဲမှာ ဗိုလ်အောင်ကြီးမရှိတော့ဘူး။ ကာကွယ်ရေးဌာန ညွှန်ကြားလွှာအမှတ် ၄/၅၃၊ အပုဒ် ၅(က) (၂) အရ တပ်မတော်(ကြည်း)မှာ စစ်မှုထမ်းခြင်းက ရပ်စဲခဲ့ပြီးဖြစ်တယ်။ တော်လှန်ရေးကောင်စီထဲကနေ ၁၉၆၃ ခု၊ ဖေဖော်ဝါရီလ ၇ ရက်နေ့က ဖြုတ်ထုတ်ခံရပြီး အကျယ်ချုပ်နဲ့ မချမ်းဘောဲရောက်နေပြီဖြစ်တယ်။ သမိုင်းအစဉ်အလာရှိတဲ့ အုတ်အဆောက်အဦကိုဖျက်မှ သမဂ္ဂကိုဖျက်ရာရောက်တာမဟုတ်ဘူး။ တဲကိုဖျက်တာလည်း သမဂ္ဂကိုဖျက်တာပဲ။ ဒါကို ဗိုလ်နေဝင်း ဘယ်လိုပြောမလဲ'' လို့ တရားခံကို ရှင်းရှင်းလင်းလင်းကြီး မီးမောင်းထိုးပြခဲ့တယ်။ ဒါကြောင့် ကျောင်းသားသမဂ္ဂအဆောက်အဦဟာ နှစ်ကြိမ်ဖြိုချဖျက်ဆီးခံရတယ်လို့ ဦးခင်မောင်မြင့်က အသေအချာပြောနိုင်တယ်။

ဒီနေရာမှာ ရှစ်လေးလုံးကာလအတွင်းမှာ ဗိုလ်အောင်ကြီးဖြန့်ဝေခဲ့တဲ့ ၄၂ မျက်နှာစာတမ်းပါ အချက်အချို့ကို ကောက်နှုတ်ပြချင်ပါတယ်။ သူပေးပို့တဲ့ သူတွေရဲ့ အမည်၊ နေ့စွဲ ဗိတ္တူပေးတဲ့ဌာနတွေနဲ့ သူ့ရဲ့မှတ်ပုံတင်အမှတ်ပါ ထည့်သွင်းဖော်ပြထားပါတယ်။

ရန်ကုန်မြို့

၁၉၈၈ ခု၊ မေလ ၉ ရက်

၁၃၅၀ ခု၊ ကဆုန်လဆုတ် ၉ ရက်

၁။ ဗိုလ်ဝန်းယု (ကြည်း-၃၅၆၉)

၂။ ဗိုလ်အေးကို (ကြည်း-၆၁၃၃)

၃။ ဗိုလ်စိန်လွင်

၄။ ဗိုလ်မောင်မောင်ခ

၅။ ဗိုလ်လှဟန်

၆။ ဗိုလ်ကျော်ထင် (ကြည်း-၅၃၃၂)

၇။ ဗိုလ်တွန်းတင် (ကြည်း-၅၅၉၁)

၈ တော်လှန်ရေးကောင်စီဝင်ဟောင်းများ

လေးစားစွာဖြင့်

(RGN-0000027)

(အောင်ကြီး) မှူးချုပ် - (ငြိမ်း)

Generated by CamScanner from intsig.com

၉၊၅၊၈၈

(၁) လုပ်ဖော်ကိုင်ဖက်များ
(၂) တပ်မတော်မော်ကွန်းတိုက်
(၃) သမိုင်းဌာန
(၄) တက္ကသိုလ်စာကြည့်တိုက်များအား အသိပေးပါသည်။

"ဗိုလ်ချုပ်သံသယရှိတဲ့ကိစ္စဟာ ကျောင်းသားကိစ္စနဲ့တူပါတယ်။ ကျောင်းသားကိစ္စ (၁၉၆၂ ခုနှစ်)ဟာ ကျွန်တော် တမင်ခေါင်းရှောင်တာမဟုတ်ပါ။ တော်လှန်ရေးကောင်စီထဲမှာ ဗိုလ်တင်ပေ ပြောလို့ထင်ပါရဲ့။ အစိုးရဝန်ကြီးဌာနအသီးသီးမှာ တစ်ယောက်ကိစ္စ တစ်ယောက်ဝင်မစွက်ရလို့ ဆိုပါတယ်။ ခါတိုင်းခါတိုင်းတော့ ဘယ်ကိစ္စမဆို တပ်မတော်ခေါင်းဆောင်တစ်ယောက်အနေနဲ့ လေ့လာတိုင်ပင်ကြတဲ့ အစဉ်အလာရှိပါတယ်။ ကျောင်းသားကိစ္စဖြစ်တော့ အသံလွှင့်ရုံမှာ (Contorl Committee) ဆိုတာ ဖွင့်လိုက်ပါတယ်။ လုံခြုံရေးကောင်စီက ကိုင်ပါတယ်။ ကိုကျော်စိုး ပြည်ထဲရေးက ဥက္ကဋ္ဌ၊ ရဲက ဦးဘအေး၊ ပညာရေး ဗိုလ်မှူးလှဟန်၊ စစ်ရုံးကိုယ်စားလှယ် ဗိုလ်သန်းစိန်၊ ပြန်ကြားရေး ဗိုလ်စောမြင့်၊ ကမာရွတ်ရှေ့တန်းမှာ တပ်ရင်း (၄) ဗိုလ်စိန်လွင်၊ (တောင်ပိုင်းစစ်ဌာနချုပ် ဗိုလ်စိန်ဝင်းရောက်နေတယ် ထင်ပါတယ်) ပြည်ထဲရေး မြင်းဗိုလ်ကျော် စတဲ့လူတွေနဲ့ တစ်ပြုံကြီးရှိကြပါတယ်။ နေ့လယ် ကျောင်းသားတွေဆူချိန်လောက်မှာပဲ စစ်ရုံးက ဗိုလ်ချုပ်မြင့်တို့၊ ဗိုလ်ဘနီ စတဲ့လူတွေနဲ့ ဌာနဆိုင်ရာအကြီးအကဲတွေဟာ (ကျွန်တော်အပါအဝင်) မင်္ဂလာဒုံမှာ ကွယ်လွန်သွားတဲ့ ဗိုလ်မှူးကြီးမြဝင်း (ဌာနကြီးမှူး)ရဲ့ ရှာပနကို သွားကြပါတယ်။ မီးသဂြိုဟ်ပြီးနောက် စစ်ဆေးရုံမှာ ခေတ္တနေနေရတဲ့ သူ့ဇနီးထံ ဝင်ကြပါတယ်။ နည်းနည်းလေးနောက်ကျမှ ကျွန်တော် ရန်ကုန်ပြန်ပါတယ်။

အပြန်ကားပေါ်မှာ စိတ်မောလူမောဖို့ အိပ်ပျော်လာပါတယ်။ ကမာရွတ်ရဲ့ဌာနအရောက်မှာ ကျောင်းသားတွေနဲ့ စစ်တပ် နည်းနည်းပြင်းထန်လာချိန်မို့ တပ်အရာရှိတချို့ကတားပြီး သတင်းပို့မလို့ဟာ ကျွန်တော်အိပ်ပျော်လာလို့ မတားဘဲ လွှတ်လိုက်ပါတယ်။ ဒဂုန်ရိပ်သာရောက်တော့ ကောင်စီရုံးအတွင်းရေးမှူး ဗိုလ်ကိုကိုက ကျောင်းသားတွေ တော်တော်လေးဆူနေတယ်။ ဗိုလ်ချုပ်ကိုတားပြီး သတင်းပို့မလို့ဟာ အိပ်ပျော်နေလို့ မတားဖြစ်ဘူးလို့ ပြောပါတယ်။ အသံလွှင့်ရုံမှာ ဘယ်သူတွေ

Generated by CamScanner from intsig.com

ရှိကြသလဲမေးတော့ လုံခြုံရေးကောင်စီတစ်ခုလုံးအပြင် (Control Committee) တစ်ခုလုံး ရှိနေကြတယ်ဆိုတာနဲ့ ဒါပြင့်လုံလောက်သားပဲဆိုပြီး မသွားမိပါ။ ဗိုလ်ချုပ်ကြီးက သူများဌာနတွေ ဝင်မစွက်နဲ့ဆိုတာလည်း သတိရလို့ပါ။

နောက် ရေမိုးချိုးပြီး အရပ်ဝတ်နဲ့ ကြည့်မြင်တိုင် အိုးဘိုလမ်း အမကြီးနေမကောင်းတာ သွားမေးပါတယ်။ အဲဒီမှာရှိစဉ် (ADC) ဗိုလ်သောင်းက ကမာရွတ်မှာ ပစ်ခတ်ကုန်ကြပြီ၊ တော်တော်သေသူသေ၊ ဒဏ်ရာရသူရ၊ တော်တော်ကြီးများတယ်ဆိုတာ အိုးဘိုလမ်းဂါတ်တဲမှတစ်ဆင့် ကျွန်တော့်ကို သတင်းပို့အကြောင်းကြားပါတယ်။ (စကားချပ် ADC - Academy Cadet = အကယ်ဒမီဆုရဗိုလ်လောင်း)

ကျွန်တော်က ကားနဲ့ ကျွန်တော့်ကိုလာခေါ်ဖို့ အမိန့်ပေးပြီး သူ့ကားနဲ့ ဒဂုန်ရိပ်သာသွား။ ယူနီဖောင်းပြန်လဲပြီး အသံလွှင့်ရုံကို လိုက်သွားပါတယ်။ ဒီကျောင်းသားကိစ္စမှာ ဗိုလ်ချုပ်ဟာ ကျွန်တော့်အပေါ် အတော်အထင်လွဲပါတယ်။ အထင်ဘယ်လိုစ''လွဲ''တယ်ဆိုတာ ကျွန်တော် ရိပ်မိလိုက်ပါတယ်။ ကျွန်တော်တို့ တပ်မတော်အစဉ်အလာမှာ ကျွန်တော် ပါပါ မပါပါ အတူတူတာဝန်ရှိတယ်ဆိုတာ ထုံးစံဖြစ်ခဲ့ပါတယ်။ ဗိုလ်မောင်မောင် လုပ်လုပ်၊ ကျွန်တော်လုပ်လုပ်၊ အပြစ်တင်ခံရရင်လည်း အတူတူ၊ တာဝန်ယူရင်လည်း အတူတူယူကြပါတယ်။ တပ်မတော်မှာ ကျွန်တော်တို့နှစ်ယောက်ဟာ ဗိုလ်ချုပ်ပြီးရင် အကြီးဆုံးခေါင်းဆောင်တွေဖြစ်ပါတယ်။ ကျောင်းသားတွေ ပစ်ရခတ်ရတဲ့အချိန်မှာတော့ ဗိုလ်မောင်မောင်ဟာ သံအမတ်နဲ့ နိုင်ငံခြားသွားနေရပြီးဖြစ်ပါတယ်။ အဲဒီတော့ ဗိုလ်ချုပ်ပြီးရင် ကျွန်တော် တာဝန်အရှိဆုံးလို့ ယူဆပါတယ်။

အဲဒီကျောင်းသားတွေ ပစ်ကြခတ်ကြချိန်မှာ ကျွန်တော် မဂ်လာဒုံ ဗိုလ်မြဝင်း အသုဘသွားနေလို့ မရှိတာကို တပ်မတော်တစ်ခုလုံး၊ နိုင်ငံရေးသမားတွေအားလုံး၊ ကျောင်းသားတွေအားလုံး သိကြပါတယ်။ နောက်ပိုင်းမှကျွန်တော်ရောက်တာလည်း အားလုံးသိကြပါတယ်။ ကျောင်းသားသမဂ္ဂကြီး ဒိုင်းနမိုက်နဲ့ခွဲတဲ့ကိစ္စမှာတော့ ဗိုလ်ချုပ်ကြီးမပါကြောင်း ယေဘုယျသဘောပေါက်ပါတယ်။ ဗိုလ်ချုပ်ကြီးက သူ အမိန့်မပေးဘူးဆိုတာ အတိအလင်း တပ်မှူးများညီလာခံမှာ ကြေညာပါတယ်။ တပ်မတော်မှာတော့ ဗိုလ်ချုပ်ကြီးမဟုတ်ရင် ဒီလောက်ကြီးကျယ်တဲ့ကိစ္စ အမိန့်ပေးရဲတာ ဗိုလ်အောင်ကြီးပဲဖြစ်မယ်လို့ အများက ယူဆကြပါတယ်။ ဗိုလ်ချုပ်ကြီးကိုယ်တိုင်က ''ပစ်နိုင်းတာသူ၊ သမဂ္ဂဖြိုခိုင်းတာ ဗိုလ်အောင်ကြီးလို့ပြောတယ်''လို့လည်း ကျွန်တော် မချမ်းဘောမှာနေစဉ် ကြားခဲ့ပါတယ်။ မှန်မမှန်တော့ မသိပါ။ ကျွန်တော်

တပ်ထဲမှာရှိနေတုန်းမှာပဲ သမဂ္ဂလုပ်ဖော်ကိုင်ဖက်တွေ၊ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်တွေဟာ ဗိုလ်မောင်မောင်တို့၊ ဗိုလ်အောင်ရွှေ၊ ဗိုလ်ကြည်ဝင်း၊ ဗိုလ်ချစ်ခိုင်တို့ တပ်ကထုတ်ပစ်အောင်လုပ်တာလည်း ဒီကောင်ပဲ၊ သမဂ္ဂခွဲခိုင်းတာလည်း ဒီကောင်ပဲလို့ စွပ်စွဲပါတယ်။ ကျွန်တော်ဘယ်တော့မှ ကျွန်တော်မဟုတ်ပါဘူးလို့ မငြင်းပါဘူး။ ''တပ်မှာ CQ ကြီးကတော့ ကောင်းပါတယ်။ (Adjuntant) အရာရှိတင့်ကြီးက ဆိုးတာပါ'' ဆိုတာမျိုး ခံရရိုးထုံးစံလို့ သဘောထားပြီး သူများတံတွေးခွက် အမျော ခံခဲ့ပါတယ်။ တစ်ခါတော့ ရဲဘော်ရဲဘက် မိတ်ဆွေတစ်ယောက်က ရင့်ရင့်သီးသီး ပြောလွန်းတော့ မခံနိုင်လွန်းလို့ '' ခင်ဗျားတို့သမဂ္ဂကြီး ကျပ်ရွှေအုတ်နဲ့ ပြန်ဆောက်ပေးမယ်ဗျ' လို့ စိတ်ဆိုးဆိုးနဲ့ အော်ပြောခဲ့ဖူးပါတယ်။ အဲဒီလူတွေကတော့ ဂါးဒီးယန်း ဦးစိန်ဝင်းနဲ့ ဒေါက်တာသာဒင်(ခေတ်မှန်ရောင်ခြည်ပါရဂူ) တို့ဖြစ်ပါတယ်။

ကျွန်တော် တပ်ကထွက်တာက ၁၉၆၃ ခု၊ ဖေဖော်ဝါရီလ (၁၉)ရက် ထင်ပါတယ်။ ၁၉၇၇ ခုနှစ်လောက်မှာ ဘာအကြောင်းကြောင့်မှန်းမသိ၊ လူတွေမေ့လောက်တဲ့အချိန် ရောက်ခါမှ တက္ကသိုလ်ကျောင်းသားသမဂ္ဂအဆောက်အဦကြီး ဖြိုတာဟာ ဗိုလ်အောင်ကြီးဆိုတာ တပ်တွေမှာလိုက်ရှင်းပြီး ပါတီမှာ ကျွန်တော့်ကို အပုပ်ချဖို့ အကြီးအကျယ် တစ်ပြည်လုံးမှာလုပ်ကြဖို့ အစီအစဉ်တွေလုပ်၊ အစည်းအဝေးတွေလုပ်နေတယ်ဆိုတာ မေမြို့မှာနေတုန်း သိရပါတယ်။ အဲဒီအချိန်အထိ ကျွန်တော်ဟာ သစ္စာစောင့်ပြီး လူတကာ ကျွန်တော်ပဲလို့စွပ်စွဲတာ ငြိမ်ခံနေခဲ့ပါတယ်။ ယခုလို ကျွန်တော့်ကို နိုင်ငံရေး အကြီးအကျယ်အပုပ်ချမယ်ဆိုတာကတော့ လွန်အားကြီးလို့ ရှင်းတမ်းကြီးတစ်စောင် တစ်ပြည်လုံးဝေခဲ့ပါတယ်။ အဲဒီမှာတော ထိခိုက်တဲ့လူတွေ ထိခိုက်မှာစိုးလို့ အကုန်မရေးပြပါဘူး။ ထိမ်ချန်ထားပါတယ်။

တကယ်အမိန့်ပေးတဲ့စာ ယူလာပြီး မရမ်းကုန်းကိုပေးလာသူဟာ ဗိုလ်သန်းစိန်ပါ။ သတင်းစာထဲမှာ နောက်တစ်နေ့ ငြင်းခိုင်းတဲ့အကြောင်းကတော့ သူ့ကိုကလေးတွေ ရန်ရှာမှာစိုးလို့ပါ။ သမဂ္ဂဖြိုဖို့ ဒိုင်းနမိုက်တွေ (B.E.A) အင်ဂျင်နီယာတပ်ခွဲမှာ။ အဲဒီမှာမလုံလောက်လို့ (C.O.D) ပင်မစက်ပစ္စည်းသိုလှောင်ရေး သွားယူခိုင်းသူဟာ ဗိုလ်ကျော်စိုးပါ။ (C.O.D)တပ်မှူးဗိုလ်ဝင်းကို လိုက်ရှာပြီး အင်းတိုင်သွားထုတ်ယူရတာပါ။ ခွဲဖို့အမိန့်ပေးသူဟာ ပြည်ထဲရေးဝန်ကြီး၊ လုံခြုံရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကျော်စိုး ဖြစ်ပါတယ်။ တကယ်ဒိုင်းနမိုက်တွေ ဆင်ရသူက အင်ဂျင်နီယာတပ်ဗိုလ်မှူးထွန်းရီပါ။ အားလုံး ဒိုင်းနမိုက်ဆင်ရတာဟာ နံနက်လင်းအားကြီးမှ ပြီးပါတယ်။ လက်မှတ်ထိုးမယ့်အရာရှိ ကြီးကြီးမားမားမရှိလို့ ဒုက္ခရောက်နေတုန်း လစ်လျှောက်

Generated by CamScanner from intsig.com

ရင်း ရောက်လာတာက ဗိုလ်မှူးကြီးမင်းသိန်း ဖြစ်ပါတယ်။ သူကဝင်ပြီး ခွဲတဲ့အမိန့် လက်မှတ်ထိုးပေးဖို့ ဗိုလ်ထွန်းရီကပြောလို့ သူက လက်မှတ်ဝင်ထိုးပြီး ဒိုင်းနမိုက်ခွဲ လိုက်တာ ဖြစ်ပါတယ်။

မှတ်ချက်။ ။ တရားခံဖြစ်ရှာတဲ့ ဗိုလ်အောင်ကြီးဆိုသူဟာ ဗိုလ်မှူးကြီး လှဟန်နှင့် ဗိုလ်ချုပ်အိမ် လိုက်အသွား၊ ပါမောက္ခချုပ် ဆရာကြီးဦးကာ ရွှေ့နေတဲ့ အင်းလျားကန်ဟိုတယ်နားက တစ်ထပ်တိုက်ကလေးမှာ ဆရာကြီးဦးကာကို ဗိုလ် လှဟန်က သမဂ္ဂကိုလည်း ဖြိုဖို့အမိန့်ရတယ်လို့ ပြောတာ ထပ်ကြားရတယ်ဆိုတော့ အရဲစွန့်ပြီး ဗိုလ်ကျော်စိုးရှိရာ အသံလွှင့်ရုံကို တယ်လီဖုန်းဆက်ပြီး အဲဒီကိစ္စ ရပ်ထား ပေးပါ။ ဗိုလ်ချုပ်ကို ကျွန်တော် ပြောပါ့မယ်ဆိုပြီး ဟိုရောက်တော့လည်း ဗိုလ်ချုပ်ကို ဘာမှမပြောဘဲ မလိမ့်တပတ်နည်းနဲ့ တားခဲ့သူဖြစ်ပါတယ်။ ခါတိုင်းဆိုရင် ကျွန်တော် ဒီလိုတားရင်၊ တာဝန်ယူရင် လိုက်နာနေကျပါ။ အခုတော့ အသီးသီးဟာ မျက်နှာလို မျက်နှာရ လုပ်ချင်လွန်းလို့ လုပ်ကြပြီး ဗိုလ်ချုပ်ကြီးက အပြစ်တင်သလိုလေသံထွက် တော့ ကျွန်တော့်အပေါ် ပုံချကြပါတယ်။ တကယ်အမှန်သိတဲ့လူတွေဟာ ဗိုလ်လှဟန် အပါအဝင် ရိုက်သတ်တောင်မကုန်ပါ။ ပထမအကြိမ်ရှင်းတမ်းဟာ ၁၉၇၇ ခုနှစ် (၁၅)နှစ်ကြာမှ မလွှဲသာလို့ ရှင်းပြခဲ့တာပါ။ ယခုရှင်းပြတာဟာ (၂၆)နှစ်ကြာမှ အကုန် ဗိုလ်ချုပ် အသက်ထင်ရှားရှိစဉ် ရှင်းမှဆိုပြီး ရှင်းပြရခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတနိုင်ငံတော် ဖြစ်ပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့်အညီ ဆိုရှယ်လစ်ဒီမိုကရေစီစနစ်ကို အတိအကျ လိုက်နာတဲ့နိုင်ငံ ဖြစ်ပါတယ်။ လွတ်လပ်ရေးရတဲ့အချိန်ကစပြီး ယနေ့အထိ တပ်မတော် ဗိုလ်သင်တန်းကျောင်းတို့၊ စစ်တက္ကသိုလ်တို့မှာ လူထုလှုပ်ရှားမှုနဲ့ပတ်သက်ပြီး စစ်တပ်ရဲ့အကူအညီကို အရပ်ဘက်အုပ်ချုပ်ရေးဘက်ကမနိုင်လို့ အကူအညီတောင်း ခံရင် ဘယ်လိုလိုက်နာကျင့်သုံးရမယ်ဆိုတာ အဓိကအရေးကြီးတဲ့ ဘာသာရပ်အဖြစ် အထူးဂရုစိုက် သင်ကြားရပါတယ်။ ဗိုလ်ကျော်စိုးဟာ ဗိုလ်သင်တန်းကျောင်းအုပ် လည်း လုပ်ဖူး၊ စစ်တက္ကသိုလ်ကျောင်းအုပ်လည်းလုပ်ဖူး။ စစ်ရာထူးခန့်အတွင်းဝန် လည်း လုပ်ခဲ့လို့ ဒီကိစ္စနဲ့ပတ်သက်ရင် ဆရာကြီးတစ်ဆူပါ။ ဗိုလ်သန်းစိန်ဟာ စစ်ရုံးချုပ်က ကျွန်တော့်လက်ထောက် စစ်ဆင်ရေးမှူးကြီး ဗိုလ်မှူးကြီးပါ။ Aid to Civil Power ဆိုတာ နောကြေနေကြသူတွေပါ။ ဗိုလ်ချုပ်ကြီးအနေနဲ့ ၁၉၄၆ ခုနှစ်၊ တပ်ရင်း (၄) တပ်ရင်းမှူးအဖြစ် အလံနီကိုထိန်လင်းတို့ မစောမြတို့ ရေနံချောင်း သပိတ်မှောက်အလုပ်သမားတွေ "မ"ပြီး ပကွေးဘက်ကို ဆင်းလာတဲ့အချိန်မှာ

Generated by CamScanner from intsig.com

သွားရောက်ရင်ဆိုင်ခဲ့စဉ်က ပါခဲ့ဖူးပါတယ်။ အဲဒီအချိန်က ကျွန်တော့်အနေနဲ့ တပ်မှ ထွက်ပြီးနေချိန်ပါ။ အလုပ်သမားတွေကို ဘယ်လိုကိုင်တွယ်ရတယ်၊ ဘယ်လိုလူစုခွဲရတယ်ဆိုတာ၊ ဘယ်လိုသဘောထားရတယ်ဆိုတာ လက်ထပ်အသင်ခံခဲ့ဖူးတဲ့သူတွေပါ။ ၎င်းတို့ ဝန်ကြီးတွေဖြစ်လာတဲ့အခါ ဗိုလ်မှူးကြီးတွေ၊ တာဝန်ခံကြီးတွေ ဖြစ်တဲ့အချိန်။ လက်တွေ့လုပ်တဲ့အခါမှာတော့ Aid to Civil Power နှင့်တခြား စည်းလွတ်၊ ဝါးလွတ်၊ ကိုယ့်ဘာသာကိုယ် မျက်နှာလိုမျက်နှာရ အရမ်းလုပ်ကြပြီး ဗိုလ်ချုပ်ကြီးနိုင်းလို့ နေမဝင်မိပစ်ရတယ်ပြောလိုပြော၊ သူတို့ဘာသာ ဒိုင်းနမိုက်နဲ့ ခွဲလိုက်ရင် အမှတ်ရမယ်ဆိုပြီး ခွဲလိုက်ပြီး နောက် အခြေအနေဟန်ပုံမရတော့ ဗိုလ်အောင်ကြီးဆိုသူ ခွဲတာပါလို့ ရာဇဝင်ကို မျက်နှာပြောင်လိမ်တာကတော့ ဥဒါန်းမကြေစရာပါ''

''ခပ်စောစောပိုင်းကတော့ ဗိုလ်ချုပ်က ကျွန်တော် နိုင်ငံခြားခရီးထွက်ရာမှ ပြန်လာစဉ် 'လိုရမည်ရ အရေးကြုံရင် အဆင်သင့်ဖြစ်အောင် ဗိုလ်တင်ပေကို နိုင်ငံရေးသဘောတရား။ ဗိုလ်ကျော်စိုးကို အုပ်ချုပ်ရေး (Administration)၊ ဗိုလ်သန်းစိန်ကို (Social Welfare) တွေ လေ့လာခိုင်းထားတယ်'လို့ ပြောပါတယ်''

''ဗိုလ်သန်းစိန်ဟာ ကျွန်တော့်ရဲ့ (Col. G. S) လက်ထောက်စစ်ဆင်ရေးမှူးပါ။ ဗိုလ်ချုပ်ကို တစ်ချိန်က 'လုပ်စရာရှိတာ ဗိုလ်ချုပ်ကိုယ်တိုင် ဦးစီးလုပ်ပါ၊ တစ်၊ နှစ်၊ သုံး ဆိုပြီး လည်ပင်းကြိုးဆွဲ၊ အုတ်ခဲထည့် အင်းဝတ်တားပေါ်က ခုန်ချ' ဆိုလည်း ခုန်ချပါ့မယ်။ ခေါင်းတော့မဆောင်လိုပါဆိုတာ တစ်ခုကိုတော့ ပြောခဲ့တယ်''

''ဗိုလ်ချုပ်ကြီးက သူ့အမိန့်မပေးဘူးဆိုတာ အတိအလင်း တပ်မှူးများ ညီလာခံမှာ ကြေညာပါတယ်။ တပ်မတော်မှာတော့ ဗိုလ်ချုပ်ကြီးမဟုတ်ရင် ဒီလောက်ကြီးကျယ်တဲ့ကိစ္စ အမိန့်ပေးရဲတာ ဗိုလ်အောင်ကြီးပဲဖြစ်မယ်လို့ အများက ယူဆကြပါတယ်။ ဗိုလ်ချုပ်ကြီးကိုယ်တိုင်က ''ပစ်ခိုင်းတာသူ၊ သမဂ္ဂဖြိုခိုင်းတာ ဗိုလ်အောင်ကြီးလို့ပြောတယ်''လို့လည်း ကျွန်တော်မချမ်းသောမှာနေစဉ် ကြားခဲ့ပါတယ်။ မှန်မမှန်တော့မသိပါ''

''အာဏာသိမ်းသည့်ကိစ္စမှာ ဗိုလ်ချုပ်ကိုယ်တိုင်စီမံခြင်း။ တပ်ရွေ့ခြင်း။ အမိန့်ပေးခြင်း အားလုံးကိုပြုလုပ်ပါတယ်။ အစအဆုံး ကျွန်တော်သိနေပါတယ်။ ဒါပေမဲ့ တရားဝင် ဗိုလ်ချုပ်က အသိမပေးပါ''

''အာဏာသိမ်းပြီးတဲ့ နံနက်စောစောကြီး ကျွန်တော့်အခန်းကို ကိုကျော်စိုး

ကိုသန်းစိန်၊ ဗိုလ်လှမြင့် (သံချပ်ကာ)၊ ဗိုလ်စောမြင့်၊ ဗိုလ်ဘနီ၊ ဗိုလ်လွင်စတဲ့သူတွေ အားလုံးရောက်လာပြီး အာဏာသိမ်းတာ လုံးဝအောင်မြင်ကြောင်း။ အားလုံးဖမ်းမိကြောင်း။ စစ်ဝတ္ထုအနေနဲ့ အသာတကြည် လက်နက်အပ်ကြောင်း။ စပ်ရှေသိုက်အိမ်မှာပဲ တစ်ယောက်အသေအပျောက်ရှိကြောင်း သတင်းပို့ပါတယ်''

ကျောင်းသားရာကျော်ကို ဥပဒေမဲ့သတ်ဖြတ်ခဲ့တဲ့ကိစ္စနဲ့ နယ်ချဲ့ဆန့်ကျင်ရေးရဲ့ပြယုဂ် သမဂ္ဂအဆောက်အဦကို ဖြိုခွဲခဲ့တဲ့ကိစ္စကို တရားခံဘယ်သူလဲဆိုတာ သူ့ငါလွှဲ ငါ့သူလွှဲနဲ့ ထမင်းရေပူလျှာလွှဲလုပ်နေကြပေမယ့် ရာဇဝတ်မှုဆိုတာ ပြေးမလွတ်ပါဘူး။ ပုပ်သိုးဆွေးမြေ့မသွားပါဘူး။ စစ်ဗိုလ်ကြီးတွေ ကျည်ကိုကာလို့ရချင်ရမယ်၊ သမိုင်းကိုကာလို့မရဘူး။ သမိုင်းကို ညာလို့မရဘူး။ သမိုင်းကို ညာလို့မရဘူး။ သမိုင်းကလည်း ဘယ်သူ့ကိုမှ ညာမှာမဟုတ်ဘူး။ သမိုင်းထဲကထွက်ပြေးလို့မလွတ်ဘူး။ သမိုင်းကိုပြန်ကြည့်ရင် ဗိုလ်နေဝင်းအပါအဝင် ဘယ်စစ်အာဏာရှင်မဆို သူတို့ကိုယ်တိုင်ဆုံးဖြတ်ကြတာပါ။ ကိစ္စတော်တော်များများကို တစ်ဦးတည်းကပဲ ဆုံးဖြတ်ကြတာပါ။ ဘယ်သူကမှ ပြန်ပြောဝံ့ကြတာမဟုတ်ပါဘူး။ စစ်တပ်ရဲ့သဘောသဘာဝအရ အရေးကြီးတဲ့ကိစ္စမှန်သမျှဟာ အထက်နံပါတ်(၁)ဆီကသာ စီးဆင်းရတာပါပဲ။ နံပါတ်(၂)နေရာ ထားရှိခွင့်မပေးပါဘူး။ မတတ်သာလို့ပေးရလည်း ခဏပါပဲ။ နံပါတ်(၂)မပြောနဲ့၊ ၁ ဒသမ ၅ တို့၊ အမည်မဖော်သေးတဲ့ အိမ်ရှေ့မင်းတို့၊ အနာဂတ်ရဲ့ခေါင်းဆောင်တတ်သိပညာရှင်တို့ ဆိုတာမျိုးကိုပင် ဖြစ်ပေါ်တည်ရှိခွင့်မပေးပါဘူး။

ဒီတော့ (၇) ဇူလိုင် အရေးအခင်းနဲ့ပတ်သက်ပြီး ဆက်စပ်မေးစရာလေးတွေ ရှိလာပါတယ်။

–၁၉၅၈ ခုနှစ် ပထမစစ်အစိုးရ အာဏာသိမ်းစဉ်က ဘယ်သူတွေက အဓိက ကြိုးကိုင်လုပ်ခဲ့ကြတာလဲ။ ဗိုလ်နေဝင်းလား။ သူကအသုံးချခံလား။ အဲဒီစဉ်က ဗိုလ်မောင်မောင်၊ ဗိုလ်အောင်ကြီးတို့က ဘယ်အခန်းကဏ္ဍမှာရှိနေခဲ့ပါသလဲ။

–၁၉၆၀ ခုနှစ် ရွေးကောက်ပွဲအပြီးမှာ တပ်မှူးကြီးတချို့ကို ရွေးကောက်ပွဲဘက်လိုက်မှုနဲ့ အရေးယူခဲ့တယ်။ တကယ့်အတွင်းသဘောက ဘာပါလဲ။

–၁၉၆၂ ခုနှစ် စစ်တပ်က ဒုတိယအကြိမ် ဗိုလ်နေဝင်းဦးဆောင်ပြီး အာဏာသိမ်းခဲ့တယ်။ ဘယ်သူတွေနဲ့ အနီးကပ်တိုင်ပင်ပြီး အာဏာသိမ်းခဲ့တာပါလဲ။ တော်လှန်ရေးကောင်စီဝင်ထဲမှာ ပါဝင်ကြတဲ့ အဖွဲ့ဝင်အားလုံး အာဏာသိမ်းမယ့်အကြောင်း ကြိုတင်ပြီး သိရှိခဲ့ကြပါသလား။

–ဇူလိုင် ၇ ရက်နေ့ နံနက် ၁၁ နာရီ ကျောင်းသားသမဂ္ဂအဆောက်အဦ

Generated by CamScanner from intsig.com

မှာ ကျင်းပခဲ့တဲ့ မတရားတဲ့ကျောင်းဆောင်စည်းကမ်းတွေအပေါ် ဆန့်ကျင်ကန့်ကွက်တဲ့ အစည်းအဝေးနဲ့ ကျောင်းသားတွေရဲ့ တောင်းဆိုကြွေးကြော်သံတွေဟာ ဥပဒေနဲ့ဆန့်ကျင်တဲ့ လူစုလူဝေး၊ ဥပဒေနဲ့ဆန့်ကျင်တဲ့ ကြွေးကြော်သံတွေလို့ ယူဆနိုင်ပါသလား။

–တက္ကသိုလ်ပရိဝုဏ်အပြင်ဘက်ကို မထွက်ဘဲ ဝင်းအတွင်းမှာ ငြိမ်းချမ်းစွာ စိတ်နှလုံးလှည့်လည်ဆန္ဒပြကြတာကို ဥပဒေနဲ့ဆန့်ကျင်တယ်၊ အကျိုးပျက်စီးမှုကို ကျူးလွန်ဖို့၊ ရာဇဝတ်ပြစ်ဒဏ်ထိုက်သော ကျော်နင်းမှုကို ကျူးလွန်ဖို့နဲ့ အခြားပြစ်မှုတွေကို ကျူးလွန်ဖို့ ရည်ရွယ်ချက်တွေ ပါဝင်တယ်လို့ ဆိုနိုင်ပါသလား။

–ဆန္ဒပြပွဲပြီးသွားလို့ လူစုကွဲသွားတဲ့အချိန်မှာ ရဲနဲ့ စစ်ထောက်လှမ်းရေးတွေ ပေါင်းပြီး ကျောင်းသားခေါင်းဆောင်တွေကို ဘာကြောင့် သမဂ္ဂအဆောက်အဦ ပေါ်အထိ တက်ရောက်ဖမ်းဆီးရပါသလဲ။

–ရဲနဲ့ စစ်ထောက်လှမ်းရေးတွေက သမဂ္ဂအဆောက်အဦ ဝင်းထဲအထိ အကြမ်းဖက်ဝင်ရောက်ဖမ်းဆီးတဲ့အတွက် မျက်နှာချင်းဆိုင်က မန္တလေး အမရဆောင်နဲ့ ဘေးဘက်က သထုံ၊ ပဲခူးဆောင်တို့က ကျောင်းသားတွေ ခဲတွေနဲ့ ပစ်ပေါက်ကြတာကို အကြမ်းဖက်တယ်လို့ ပြောနိုင်ပါသလား။

–ကျောင်းသားတွေက တက္ကသိုလ်ရိပ်သာလမ်းဘက်က ခြံသော့တံခါးကို ပိတ်လိုက်ပြီးတဲ့နောက် သီးသန့်ရဲပျားက

၁။ ညနေ ၄ နာရီလောက်မှာ မျက်ရည်ယိုဗုံး ၇ လုံး။

၂။ ညနေ ၄ နာရီ ၄၅ မိနစ်လောက်မှာ ၆ လုံး၊ နောက်ထပ် ၄ လုံး။

၃။ ညနေ ၅ နာရီလောက်မှာ ဗိုလ်စိန်လွင်နဲ့ ကျောင်းသားခေါင်းဆောင်တချို့ စကားပြောပြီးတဲ့နောက် ၆ လုံး ပစ်ခတ်ခဲ့တယ်။

အဲဒီလို ဆန္ဒပြကျောင်းသားတွေကို လူစုခွဲဖို့ မျက်ရည်ယိုဗုံးပစ်တဲ့အခါ ဘယ်တာဝန်ရှိတဲ့ပုဂ္ဂိုလ်က အမိန့်ပေးခဲ့ပါသလဲ။ ပစ်ခတ်တော့မယ့်အကြောင်း အသံချဲ့စက်တွေနဲ့ ကြေညာခဲ့ပါသလား။

–ညနေ ၅ နာရီ ၁၅ မိနစ်လောက်မှာ ဗိုလ်စိန်လွင်က ရဲတွေကို ရုပ်သိမ်းသွားပြီးနောက် စစ်တပ်ကို အစောင့်ချထားလိုက်တယ်။ ဒါကို ကျောင်းသားတွေက ဒေါသထွက်ပြီး ပါမောက္ခချုပ်ဦးကာရဲ့ ကားနဲ့ ကျောင်းပိုင်ကားတစ်စီးကို အဓိပတိလမ်းပေါ်မှာ မီးတင်ရှို့လိုက်ကြတယ်။ ဒါကို ဥပဒေကြောင်းအရ ပြစ်မှုမြောက်တယ်လို့ ဆိုနိုင်ပါသလား။ ဆိုနိုင်တယ်ဆိုရင် ကျောင်းသားဆန္ဒပြမှုကို ဘာကြောင့်

စစ်တပ်နဲ့ ဝိုင်းထားရပါသလဲ။ ကားမီးရှို့ရာမှာ ပါဝင်ပတ်သက်ခဲ့တဲ့သူတွေကိုဖော် ထုတ်ပြီး ကျောင်းစည်းကမ်းနဲ့ ဥပဒေကြောင်းအရ အရေးယူလို့မရဘူးလား။

–သမဂ္ဂအဆောက်အဦရှေ့မှာတစ်စု၊ မန္တလေးနဲ့ အမရဆောင်ရှေ့မှာ တစ်စု၊ အဝီပတိလမ်းပေါ်က ပင်းယနဲ့စစ်ကိုင်းဆောင်ရှေ့ လမ်းတစ်ဖက်တစ်ချက်မှာ တစ်စု၊ ဟိုတစ်စုဒီတစ်စု ဆန္ဒပြနေကြတဲ့ ကျောင်းသားတွေက တက္ကသိုလ်ဝင်းအပြင် ဘက် ခြသေ့်တံခါးတစ်ဘက်မှာ ရှိနေတဲ့ ရိုင်ဖယ်သေနတ်တွေကိုင်ဆောင်ထားကြတဲ့ ဘယ်စစ်ဗိုလ်၊ စစ်သားတစ်ကောင်တမြီးရဲ့ အသက်အန္တရာယ်ကို ထိခိုက်နစ်နာ အောင် ပြုလုပ်လိမ့်မယ်လို့ ဘယ်လိုအကြောင်းမျိုးနဲ့ ယူဆနိုင်ပါသလဲ။ သို့တည်း မဟုတ် အဆောက်အဦများ၊ ဥပမာ ပြည်လမ်းဖက်မှာရှိတဲ့ ကမာရွတ်ဂိတ်တဲ၊ တက္ကသိုလ်ရိပ်သာလမ်းဖက်မှာရှိကြတဲ့ တက္ကသိုလ်ဓမ္မာရုံ၊ စာတိုက်၊ စာအုပ်ဆိုင်၊ ဆေးရုံ အစရှိတာတွေကို ဖျက်လိုဖျက်ဆီးလုပ်မယ့် အခြေအနေများကို တွေ့ရှိခဲ့ ကြပါသလား။

–နောက် ဇူလိုင်လ (၈) ရက်နေ့ မနက်လင်းကြီးအချိန် သမဂ္ဂအဆောက် အဦကို မိုးနဲ့ဖောက်ခွဲဖျက်ဆီးခဲ့တဲ့ကိစ္စမှာလည်း သမဂ္ဂအဆောက်အဦထဲမှာ ဘယ်လို ပေါက်ကွဲစေနိုင်တဲ့ လက်နက်ခဲယမ်းမီးကျောက်တွေ ဒါမှမဟုတ် လူ့အသက်ကို အန္တရာယ်ဖြစ်စေနိုင်တဲ့ အခြားဘယ်လိုပစ္စည်းတွေများ ရှိနေခဲ့လို့ပါလဲ။

–လူသတ်လက်နက်တွေ ကိုင်ဆောင်ထားပြီး တကယ်လည်း ကျွမ်းကျွမ်း ကျင်ကျင် ပစ်ခတ်နိုင်တဲ့ ဘယ်လိုလူမျိုးတွေ ဘယ်နှယောက်များ ရှိနေခဲ့လို့ပါလဲ။

–အဲဒီ သမဂ္ဂအဆောက်အဦဟာ ဗကပတွေရဲ့ မြေပေါ်ဌာနချုပ်ဆိုတာ ဟုတ်ပါရဲ့လား။

–သမဂ္ဂအဆောက်အဦကို မိုးမခွဲမီညက နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ် တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ လွတ်လပ်ရေးထိန်းသိမ်းကာကွယ်ရေး၊ ကျောင်းသားအခွင့်အရေးကာကွယ်ရေး သမိုင်းစဉ်တစ်လျှောက် သိမ်းဆည်းထားတဲ့ သမဂ္ဂပိုင် စာအုပ်စာတမ်းများ၊ မှတ်တမ်းမှတ်ရာများအားလုံးကို ဘယ် နေရာကိုယူသွားပြီး ဘာတွေလုပ်ခဲ့ကြသလဲ။

ဆက်လက်ပြီး အရပ်ဘက်အာဏာပိုင်တွေကို စစ်ဖက်က ဝင်ရောက်ပံ့ပိုး ကူညီရာမှာ စံထားရမယ့် အချက်တချို့ကို စဉ်းစားကြည့်ပါ။

၁။ ဇူလိုင် (၇) ရက်ညနေ စစ်တပ်က တက္ကသိုလ်ဝင်းအတွင်းထဲမှာရှိတဲ့ ကျောင်းသားတွေကို မောင်းပြန်သေနတ်တွေကိုင်ဆောင်ပြီး ပစ်ခတ်ခဲ့ကြခြင်းဟာ

Generated by CamScanner from intsig.com

အဆင့်ဆင့်သော အရပ်ဘက်အုပ်ချုပ်ရေးအစီအစဉ်တွေနဲ့ ဖြေရှင်းမရတော့လို့ မတတ်သာတဲ့အဆုံး စစ်ရေးနည်းနဲ့ ပစ်ခတ်သတ်ဖြတ်လိုက်ကြလား။

၂။ အရပ်ဘက်အာဏာပိုင်တွေဟာ ကျောင်းသားတို့ဆန္ဒပြမှုအပေါ် ငြိမ်းချမ်းတဲ့နည်းနဲ့ ဖြေရှင်းနိုင်တဲ့ အစွမ်းအစရေချိန် မပြည့်မီခဲ့ဘူးလား။

၃။ အရပ်ဘက်အာဏာပိုင်တွေမှာ ဖြေရှင်းနိုင်တဲ့စွမ်းရည် ရှိတယ်။ ဒါပေမဲ့ လိုအပ်တဲ့အရေးယူဆောင်ရွက်မှုက အရေးတကြီး လိုအပ်နေခဲ့လို့လား။

နောက်ပြီး ဥပဒေဆိုင်ရာ ထည့်တွက်စဉ်းစားသုံးသပ်ရမယ့် အချက်များကို စဉ်းစားကြည့်ပါ။

-ဇူလိုင် (၇) ရက်ညနေ စစ်တပ်က တက္ကသိုလ်ဝင်းထဲမှာရှိတဲ့ ကျောင်းသားတွေကို ကျီသုံး၊ ကျီလေး စတဲ့ မောင်းပြန်သေနတ်တွေနဲ့ ပစ်ခတ်ခဲ့ကြတာနဲ့ (၈) ရက်နေ့မနက် သမဂ္ဂအဆောက်အဦကြီးကို စစ်ဆင်ရေးတစ်ရပ်လို သဘောထားပြီး ဖျက်ဆီးခဲ့တဲ့ လုပ်ငန်းများအားလုံးဟာ အရပ်ဖက်ဥပဒေများနဲ့အညီ လုပ်ကိုင်ခဲ့ကြတာ ဟုတ်ခဲ့ပါသလား။

-အရပ်ဘက်၊ စစ်ဘက်ဥပဒေတွေအတိုင်း လိုက်နာဆောင်ရွက်ဖို့ ပျက်ကွက်ခဲ့တယ်ဆိုရင် အဲဒီလုပ်ဆောင်ချက်တွေဟာ ရာဇဝတ်မှုမြောက်ပါသလား။

-ပါဝင်ပတ်သက်တဲ့ လူပုဂ္ဂိုလ်တစ်ဦးချင်း ဒါမှမဟုတ် စစ်ဘက်ဆိုင်ရာ ကာကွယ်ရေးဌာနကို အရပ်ဘက်ဥပဒေအရ တရားစွဲနိုင်ပါသလား။

-သာမန်ရိုးရိုးနိုင်ငံသားတစ်ဦးထက်ပိုမိုပြီး ရဲတပ်ဖွဲ့၊ အခြားအရပ်တက်အဖွဲ့အစည်းတွေနဲ့ လက်နက်ကိုင်အင်အားစုတွေမှာ အခွင့်အာဏာ ပိုရှိပါသလား။

ဗိုလ်နေဝင်းရဲ့ ၁၉၈၈ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့၊ ကျိုက္ကဆံကွင်း ဆရာစံခန်းမမှာ ပြောခဲ့တဲ့ နှုတ်ဆင်းမိန့်ခွန်းကောက်နုတ်ချက်ကို ကြည့်ပါ။

"အနားယူတော့မယ်ဆိုပေမယ့်လို့ နောင်အဖွဲ့အစည်းတွေ တာဝန်အပြည့် ယူနိုင်တဲ့အထိတော့ ကျွန်တော်တို့နိုင်ငံကို မပျက်စီးရအောင်၊ ကသောင်းကနင်း မဖြစ်ရအောင် ဆက်ထိန်းရပါလိမ့်မယ်။ အဲဒီထိန်းတဲ့အထဲမှာ တိုင်းပြည်တစ်ပြည်လုံး လူထုကို ကျွန်တော်သိစေချင်တယ်။ နောင်ကို လူစုလူဝေးနဲ့ ဆူဆူပူပူလုပ်လို့ရှိရင် တော့ စစ်တပ်ဆိုတာ ပစ်ရင် မှန်အောင်ပစ်တယ်။ မိုးပေါ်ထောင်ပြီး ခြောက်တာမပါ ဘူး။ အဲဒီတော့ နောင်ကိုဆူဆူပူပူလုပ်မယ်ဆိုရင်တော့ တပ်ကိုသုံးလို့ရှိရင်တော့ အဲဒါ ဆူတဲ့လူတွေ မသက်သာဘူးသာမှတ်ပေတော့"

"၁၉၆၂ ခု၊ ဇူလိုင် ၈ ရက်နေ့မနက် သမဂ္ဂအဆောက်အဦကို ဖြိုပြီးစက

ပြောခဲ့တဲ့ "စား စားချင်း ..လုံ လုံချင်း" "သမဂ္ဂအဆောက်အဦဟာ သံတမန်အခွင့်အရေးရတဲ့နေရာဖြစ်တယ်" "အာခံတွင်းထဲက အရိုးပါ" ဆိုတဲ့ နှုန်းတက်စမိန့်ခွန်းနဲ့ အနှစ်သာရအားဖြင့် ဘာများကွာခြားပါသလဲ"

ကိုလှဖေလေး (နောင်သောအခါ ဦးတင့်ဇော်) ရဲ့ သူကိုယ်တိုင်မြင်တွေ့ခဲ့ရတဲ့အကြောင်း ပြန်လည်ရေးသားခဲ့တာက ..

စိန်လွင်နှင့် စကားပြောခြင်း

"တက္ကသိုလ်စာတိုက်ဝင်း ခြံစည်းရိုးမှာ လူတစ်ရပ်ကျော်ရှိမှုသာဖြစ်သဖြင့် ကျော်ရလွယ်သည်။ ကျွန်တော်နှင့်အတူ ကျောင်းသား ၃-၄ ယောက်လည်း ကျော်ထွက်လာကြသည်။ ကျွန်တော်သည် အသက် ၂၄ နှစ်ကျော်အရွယ်ဖြစ်ပြီး ငယ်ပုံပေါက်နေသဖြင့် မသိသူများက ကျောင်းသားဟုထင်ကြသည်။

"ဗိုလ်မှူးတို့တပ်တွေ ကမာရွတ်ဂါတ်တဲလောက်အထိ ဆုတ်ခွာပေးပါလား ဗိုလ်မှူး"

"မဆုတ်ပေးနိုင်ဘူး။ ကျွန်တော်တို့က အထက်အမိန့်အရဘဲ ဆုတ်မပေးနိုင်ဘူး။ ခင်ဗျားတို့ လူစုခွဲကြပါလား။ ဟိုအထဲက ခင်ဗျားတို့သူငယ်ချင်းတွေကိုလည်း ကိုယ့်အဆောင်ကိုယ်ပြန်ခိုင်းကြပါလား"

စိန်လွင့်အပြောက တိကျပြတ်သားလှသည်။ သူ့အမူအရာမှာ ပြုံးနေမြဲပင်ဖြစ်၏။

"ကျောင်းသားတွေ ဒီအထဲက အဆောင်တွေမှာနေတာမို့ ဒီဝင်းဟာ သူတို့ရဲ့ အိမ်ဝင်းပါပဲ။ ခုလိုလာကြည့်နေတာဟာ ကိုယ့်အိမ်ရှေ့မှာ လူစိမ်းတွေရောက်နေလို့ ထွက်ကြည့်ကြတဲ့ အိမ်သားတွေလိုပါပဲ။ ဗိုလ်မှူးတို့သာ ဆုတ်သွားရင် သူတို့လည်း လူစုခွဲမှာ သေချာပါတယ်" ပါလာသည့် ကျောင်းသားများလည်း ဝိုင်းပြောကြသည်။ စိန်လွင်က အလျှော့မပေး။ ကျွန်တော်စကားပြောနေစဉ် သတင်းထောက်အချို့ အပြေးအလွှားရောက်လာပြီး ဓာတ်ပုံရိုက်ကြ၏။ ကျွန်တော် သတိထားပြီး မျက်နှာပါမသွားရအောင် မသိမသာ ရှောင်လိုက်ရ၏။ စိန်လွင့်ကို ဆက်ပြော၍မထူးတော့သဖြင့် ကျွန်တော်နှင့်ကျောင်းသားများ စာတိုက်ဝင်းထဲသို့ ပြန်ဝင်လာကြသည်။

Generated by CamScanner from intsig.com

**ဗိုလ်မှူးကြီးမင်းသိန်း**

ထို့နောက် သိပ်မကြာလှပါ။ ရဲဝါယာလက်ကားဖြစ်သော ဖိယက်ကား တစ်စီးရောက်လာသည်။ ဖိယက်ကားသည် ကမာရွတ်အဝိုင်းဘက်မှဝင်လာကာ တက္ကသိုလ်ဓမ္မာရုံရှေ့အလွန်၊ တက္ကသိုလ်စာတိုက်ဘေးတည့်တည့် တက္ကသိုလ်ရိပ်သာလမ်းပေါ်၌ ရပ်လိုက်၏။ ကားနောက်ခန်းမှ ဗိုလ်မှူးကြီးတစ်ယောက် ဆင်းလာသည်။ "အဲဒါ ဗိုလ်မှူးကြီးမင်းသိန်းပဲ" ဟု ကျောင်းသားများပြောသံ ကြားရသည်။

စိန်လွင်သည် မင်းသိန်းထံသို့ ပြေးသွားပြီး အလေးပြုလိုက်၏။ မင်းသိန်းက သူ့မှာပါလာသည့် စာရွက်တစ်ရွက်ကို စိန်လွင်အား ပေးဖတ်ခိုင်းပြီး စကားအပြန်အလှန် အနည်းငယ်ပြောကြသည်။ စိန်လွင်က စာကိုဖတ်ကြည့်ပြီး ခေါင်းကိုညိတ်ပြလိုက်ရာ မင်းသိန်းက ဖိယက်ကားဖြင့်ပင် ကမာရွတ်အဝိုင်းမှ ဘယ်ဘက်သို့ ကွေ့ထွက်သွားသည်။ စိန်လွင်က အမူအရာပြလိုက်သည်နှင့် တပ်မှူး ၆ ယောက် ၇ ယောက်ခန့် စိန်လွင့်ဆီသို့ ပြေးလာကြသည်။ စိန်လွင်က သူတို့အား စာကို ဖတ်ခိုင်းရာ အားလုံးဝိုင်းဖတ်ကြ၏။ ထို့နောက် မိမိနေရာဟောင်းသို့ ပြန်ပြေးပြီး နေရာယူကြသည်။

**အောင်ကြီးရဲ့ ၄၂ မျက်နှာစာတမ်းမှ**

"ခွဲဖို့အမိန့်ပေးသူဟာ ပြည်ထဲရေးဝန်ကြီး လုံခြုံရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကျော်စိုးဖြစ်ပါတယ်။ တကယ် ဒိုင်းနမိုက်တွေတပ်ဆင်ရသူက အင်ဂျင်နီယာတပ် ဗိုလ်မှူးထွန်းရီပါ။ အားလုံး ဒိုင်းနမိုက်ဆင်ရတာဟာ နံနက်လင်းအားကြီးမှ ပြီးပါတယ်၊ လက်မှတ်ထိုးမယ့် အရာရှိကြီးကြီးမားမားမရှိလို့ ဒုက္ခရောက်နေတုန်း လမ်းလျှောက်ရင်းရောက်လာတာက ဗိုလ်မှူးကြီးမင်းသိန်း ဖြစ်ပါတယ်။ သူကဝင်ပြီး ခွဲတဲ့အမိန့်လက်မှတ်ထိုးပေးဖို့ ဗိုလ်ထွန်းရီကပြောလို့ သူကလက်မှတ်ဝင်ထိုးပြီး ဒိုင်းနမိုက်ခွဲလိုက်တာဖြစ်ပါတယ်"

**စဉ်းစားစရာ**

–ဒိုင်းနမိုက်ခွဲဖို့ မင်းသိန်းက လမ်းကြုံလို့ လက်မှတ်ဝင်ထိုးရတယ်ဆိုတာ ဘယ်စစ်ဥပဒေက ခွင့်ပြုထားခဲ့သလဲ။ ခပ်လွယ်လွယ်ပဲ ကြုံတဲ့လူက လက်မှတ်ဝင်ထိုးပြီး ဖျက်ဆီးချင်တိုင်း ဖျက်ဆီးလို့ရစတမ်းလား။

–ဒီလောက် အခြေအနေရှုပ်ထွေးနေတဲ့နေရာမှာ မနက်လင်းအားကြီး

Generated by CamScanner from intsig.com

လေ့ကျင့်ခန်းလုပ်ရင်း လမ်းလျှောက်ဖို့အခြေအနေ ရှိလို့လား။

–မင်းသိန်းနေတာက အင်းစိန်ဘက် ဦးသော်ပုဂံစက်နားမှာ။ ဘယ်လိုလုပ်ပြီး တက္ကသိုလ်ရိပ်သာလမ်းဘက်ကို အညောင်းပြေအညာပြေ လမ်းလျှောက်လာရတာလဲ။

–ဗိုလ်မင်းသိန်း (ငယ်နာမည် မောင်ဦး။ ရဲဘက်ကနေ စစ်ဘက်ပြောင်းလာသူ) ဗိုလ်စိန်လွင်တို့ဆိုတာ ဗိုလ်နေဝင်းရဲ့ တပ်ရင်း ၄ ရဲ့ လက်ရင်း။ အခွေ့ဝါသီကာ၊ တပည့်နောက်လိုက် သာဝကများ ဖြစ်ကြတယ်။

၁၉၆၂ ခုနှစ်၊ ဇူလိုင်၊ ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာ ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ အပြစ်အပျက်တွေဖြစ်ပြီးတဲ့အခါ ကျောင်းသားသမဂ္ဂ၊ ကျောင်းသားလှုပ်ရှားမှုနဲ့ ကျောင်းသားခေါင်းဆောင်တွေဟာ ပြင်းထန်တဲ့ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေးတိုက်ပွဲများရဲ့ အမာခံများ ဖြစ်လာတယ်။ ဒါကြောင့်လည်း စစ်အစိုးရက ကျောင်းသားလှုပ်ရှားမှု၊ ကျောင်းသားသမဂ္ဂနဲ့ ကျောင်းသားခေါင်းဆောင်တွေကို ပြင်းပြင်း ထန်ထန်နှိပ်ကွပ်ပစ်တာဖြစ်တယ်၊ ဒါကြောင့်လည်း သမဂ္ဂအဆောက်အဦကြီးကို မိုင်းခွဲဖျက်ဆီးပစ်ခဲ့တာဖြစ်တယ်။ ဒါကြောင့် ကျောင်းသားခေါင်းဆောင်တွေကို စစ်မြေပြင်မှာ လက်ရဖမ်းမိသွဲ့အခါ ပြတ်ပြတ်သားသား သုတ်သင်ရှင်းလင်းပစ်ခဲ့တယ်။

ဗကသဥက္ကဋ္ဌ ကိုသက်(ဒေးဒရဲ)၊ ဗကသအထွေထွေအတွင်းရေးမှူး ကိုတင်ထွန်း(ဖျာပုံ)၊ တကသဥက္ကဋ္ဌ ကိုဗဆွေလေး (ဘိုကလေး)၊ ဆေးသိပ္ပံသမဂ္ဂခေါင်းဆောင် ဆရာဝန်ကိုလှဆောင်(ဒေးဒရဲ)၊ ဆရာဝန်ကိုထွန်းကြည်(ဟင်္သာတ)၊ ကိုလှဆောင်(ဒေးဒရဲ)၊ ကိုမောင်မောင်(ပုသိမ်ကောလိပ်) အပါအဝင် ခရိုင်မြို့နယ်သမဂ္ဂခေါင်းဆောင် အနည်းဆုံး ၁၀ ဦးဟာ အသက်ရှင်လျက် (သို့) ဒဏ်ရာနဲ့ဖမ်းမိပြီး အသတ်ခံခဲ့ရတယ်။

ဒုတိယကိုကိုးကျွန်းကာလ ၁၉၆၉–၇၁ အတွင်း ကျွန်းဖျက်သိမ်းရေးတိုက်ပွဲမှာ ကိုလေးမောင် (အထက်ဗမာပြည် ဗကသဥက္ကဋ္ဌ)၊ ကိုချစ်ဆွေ (ပြည်ခရိုင်ဗကသအမှုဆောင်) တို့ အသက်စွန့်သွားခဲ့ကြတယ်။

၁၉၈၈ နောက်ပိုင်း နဝတစစ်အစိုးရလက်ထက်မှာ ကျောင်းသားသမဂ္ဂခေါင်းဆောင်တွေဖြစ်ကြတဲ့ ကိုစိန်ဝင်း(သုံးခွ)၊ ကိုညီညီဝင်း(လက်ပံတန်း)၊ ကိုတင်မောင်ဝင်း(ခရမ်း)၊ ဦးခင်မောင်မြင့်(ဒေးဒရဲ)၊ ကိုအောင်မေသု(မင်းလှ)၊ ကိုတင်ရွှေ(မုံရွာ) တို့ဟာ အင်းစိန်ထောင်အတွင်းမှာ အသက်ပေးဆပ်သွားခဲ့ကြတယ်။

၁၉၆၈ ခုနှစ်အတွင်း ပဲခူးရိုးမမှာ ကိုသိန်းထွန်း (နောက်ဆုံးတစ်ဦးအတွင်း


ဦးဝင်မောင်မြင့်


ကိုသက်


ကိုညိုဝင်း


ကိုလှဆောင်



ကိုတင်ရွှေ


ကိုကျော်ဝင်


ကိုစိုးဝင်း


ကိုအောင်သိန်းနိုင်

Generated by CamScanner from intsig.com




ကိုခင်ဝင်း ကိုသိန်းထွန်း

ရေးမှူးနှင့် ကျောင်းသားအခွင့်အရေးကာကွယ်မှုကော်မတီ အတွင်းရေးမှူး)၊ ကိုစိုးဝင်း (တကသအမှုဆောင်)၊ ကိုကျော်ခင် (ရန်ကုန်တက္ကသိုလ် ကျောင်းသားညီညွတ်ရေး တပ်ဦးအမှုဆောင်)၊ ကိုခင်ဝင်း(ဇလွန်) (၆၂/၆၃ သဟာယနှင့် စာဖတ်အသင်း အဖွဲ့ချုပ်အမှုဆောင်နှင့် ကျောင်းသားအခွင့်အရေးကာကွယ်မှုကော်မတီ)၊ ကိုအောင်သိန်းနိုင် (၅၉/၆၀ ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ အိုးဝေမဂ္ဂဇင်းတာဝန်ခံနှင့် တပ်ဦးအမှုဆောင်)၊ မင်းဝင်းထိန် (မော်လမြိုင် ကောလိပ်ကျောင်းသားသမဂ္ဂအမှုဆောင်) တို့ မှားယွင်းစွာ အရေးယူသတ်ဖြတ်ခံခဲ့ကြရတယ်။

ဇူလိုင် ၇ ရက် ကျောင်းသားရာကျော် သတ်ဖြတ်မှုနဲ့ ဇူလိုင် ၈ ရက် ကျောင်းသားသမဂ္ဂအဆောက်အဦကို မိုင်းခွဲဖျက်ဆီးခဲ့မှုနဲ့ ပတ်သက်ပြီး မျိုးဆက်အသီးသီးတို့ရဲ့ သဘောထားအနှစ်ချုပ်ကတော့ ...

ဂျူလိုင် ၇ ရက်၊ သွေးမြေသက်၍
ဖြစ်ပျက်ပေါင်းစုံ၊ ရေးတော်ပုံကြောင့်
ရင်အုံလျှင်၊ ရင်ပြင်အနီ
တက္ကသိုလ်၊ မြကျွန်းသာဝယ်
ကမ္ဘာလဆန်း၊ ချိန်ဖြတ်သန်းလည်း
ဥဒါန်းမကြေ

• • • • • • • •

အောင်စောဦး
ဇူလိုင် ၇ ရက်၊ နှစ်ငါးဆယ်ပြည့်အထိမ်းအမှတ်
၂၀၁၂ ခုနှစ်၊ ဇူလိုင် ၇ ရက်၊ စနေနေ့။

Generated by CamScanner from intsig.com

# ပြုစုသူ၏ ကိုယ်ရေးအကျဉ်း

အောင်စောဦး
မွေးသက္ကရာဇ်၊ ၁၉၅၂ ခုနှစ်၊ ဧပြီလ ၆ ရက်၊
အမျိုးသားမှတ်ပုံတင်အမှတ် BSN/W ၁၈၆၄၀၇

ဇူလိုင် ၇ ရက်နဲ့ ဆက်စပ်မှု၊ အဲဒီနေ့ (စနေနေ့) ဖခင်က နေ့တစ်ဝက် ရုံးလုပ်ငန်းကိစ္စတွေပြီးတော့ အစ်ကိုရှိရာ ပင်းယဆောင်ကို သွားလည်ခဲ့။

ကျောင်းသားတွေ ဘွဲ့နှင်းသဘင်ဘက်က ဆန္ဒပြပြီးပြန်လာတဲ့ မြင်ကွင်း။ ရဲတွေက မျက်ရည်ယိုဗုံးတွေနဲ့ပစ်တဲ့ မြင်ကွင်း။ အဓိပတိလမ်းပေါ်မှာ ကား ၂ စီး မီးရှို့တဲ့ မြင်ကွင်း။ စစ်တပ်က သေနတ်နဲ့ပစ်ကြတဲ့အခါ စစ်ကိုင်းနဲ့ ပင်းယဆောင် အနောက်ဘက်မှာ ရှိခဲ့စဉ်က တွေ့ခဲ့ရတဲ့ သွေးသံရဲရဲနဲ့ ဒဏ်ရာရခဲ့ကြတဲ့ ကျောင်းသားတွေကို မျက်မြင်တွေ့ခဲ့ရတဲ့ မြင်ကွင်းအားလုံးကို ၁၀ နှစ်သား အရွယ်တုန်းက ကိုယ်တိုင်တွေ့မြင်ခဲ့ရတဲ့ သက်သေတစ်ဦးပါ။

Generated by CamScanner from intsig.com

# အမှတ်တရစကား

၂၀၁၂ ခုနှစ် ဒီနှစ်ဟာ 7 July နှစ်ငါးဆယ်ပြည့်တဲ့နှစ် ဖြစ်ပါတယ်။ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်တွန်းလှန်ခဲ့တာ နှစ်ငါးဆယ်ပြည့်တဲ့နှစ်လို့လည်း ပြောနိုင်ပါတယ်။ အားလုံးသိကြတဲ့အတိုင်း ဒီအနှစ်ငါးဆယ်အတွင်းမှာ ကျွန်တော်တို့ဟာ အောင်ပွဲတွေ ရရှိခဲ့သလို ရှုံးနိမ့်မှုတွေအပြောက်အမြားနဲ့လည်း ရင်ဆိုင်ခဲ့ရပါတယ်။ ၁၀ စုနှစ် တစ်ခုပြီးတစ်ခု မျိုးဆက် တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်း တိုက်ပွဲဝင်ခဲ့ကြရာ ဒီနေ့အထိပါပဲ။ ဒါပေမဲ့ ဒီနေ့အချိန်အခါ နှစ်ငါးဆယ်ပြည့်တဲ့နှစ်မှာလည်း ကျွန်တော်တို့ဟာ စစ်အာဏာရှင်စနစ်အပေါ် အပြီးသတ်အောင်ပွဲ မခံနိုင်သေးပါဘူး။ စစ်အာဏာရှင်စနစ်ဟာ အသွင်သဏ္ဌာန်ပြောင်းပြီး ဗမာပြည်မှာ အခုထိတည်ရှိနေဆဲဖြစ်ပါတယ်။ 7 July နှစ်ငါးဆယ်ပြည့်တဲ့ နှစ်မှာပဲ ကျွန်တော်တို့ဟာ ဒီအရေးတော်ပုံကြီးရဲ့ အဖြစ်မှန်နဲ့ သမိုင်းတရားခံတွေကို တရားဝင်မဖော်ထုတ်နိုင်သေးပါဘူး။ 7 July အရေးတော်ပုံနောက် အခုအချိန်ထိ ဖြစ်ပွားနေဆဲဖြစ်တဲ့ ကျောင်းသားထု၊ ပြည်သူလူထုနဲ့ နိုင်ငံတော်အပေါ် စစ်အာဏာရှင်စနစ်က ဖြစ်မှားကျူးလွန်ခဲ့တဲ့ မတရားမှုများကိုလည်း ဖော်ထုတ်အရေးမယူနိုင်သေးပါဘူး။ ဒီအတွက်

Generated by CamScanner from intsig.com

ကျွန်တော်တို့ သမိုင်းကြွေးကျန်နေတယ်လို့ ဆိုနိုင်ပါတယ်။ တင်နေတဲ့အဲဒီ သမိုင်းကြွေးကိုလည်း ဆပ်နိုင်ဖို့လိုပါတယ်။ ဒါဟာ အမုန်းနဲ့အဃာတတရားတွေမပါတဲ့ တရားမျှတမှုသက်သက်ကို တောင်းဆိုခြင်းပါ။

7 July ဆိုတာ ကျွန်တော်တို့ နာကျင်စွာနဲ့ဂုဏ်ယူရတဲ့သမိုင်း ဖြစ်ပါတယ်။ ပါလီမန်ဒီမိုကရေစီစနစ်ကို ဖြိုဖျက်ပြီး တော်လှန်ရေးကောင်စီလို့ အမည်ခံကာ တက်လာတဲ့ ဗိုလ်နေဝင်းရဲ့ စစ်အာဏာရှင်အစိုးရကို စစ်အာဏာရှင်အစိုးရစစ်စစ် ဖြစ်ကြောင်း ကျောင်းသားတွေက ကန့်ကွက်ဆန္ဒပြခဲ့ကြပါတယ်။ တကယ်တော့ ဒါဟာ စစ်အာဏာရှင်စနစ်ကို ကျောင်းသားတွေက ပထမဦးဆုံးအကြိမ်အဖြစ် ဆန့်ကျင်အံတုခဲ့ကြတာ မဟုတ်ပါဘူး။ ၁၉၅၈ ဇက်တင်ဘာ ၂၆ ရက်နေ့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာလွှဲပြောင်းပေးတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ စစ်တပ်က အာဏာသိမ်းတော့လည်း ဗကသများအဖွဲ့ချုပ်ရဲ့ ဦးဆောင်မှုနဲ့ ကျောင်းသားထုက တညီတညွတ်တည်း ကန့်ကွက်ဆန္ဒပြခဲ့ကြတာ အထင်အရှားပါ။ ၁၉၆၂ ခုနှစ်မှာ ဒုတိယအကြိမ် အာဏာသိမ်းတော့ ဗကသများအဖွဲ့ချုပ် အပါအဝင် ပြည်သူ့တိုးတက်ရေးပါတီ၊ ကရင်အမျိုးသားအဖွဲ့ချုပ်၊ မွန်အမျိုးသားအဖွဲ့ချုပ်၊ လူငယ်တပ်ဦး(ဗမာနိုင်ငံ)၊ လူငယ်များသမဂ္ဂ(ဗမာနိုင်ငံ)၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ကိုယ်စားပြုတဲ့ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့တို့က ဒီအာဏာသိမ်းမှုကို ကန့်ကွက်ခဲ့ကြတယ်။ တောခိုလက်နက်ကိုင် တော်လှန်ရေးလုပ်နေတဲ့ အင်အားစုအားလုံးကလည်း ကန့်ကွက်ခဲ့ကြပါတယ်။ လွန်ခဲ့တဲ့နှစ်ငါးဆယ်က စစ်အာဏာသိမ်းမှုနဲ့ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်တော်လှန်ခဲ့ကြတဲ့ နိုင်ငံရေးအင်အားစုတွေထဲမှာ နှစ်ငါးဆယ်ကြာတဲ့အချိန်မှာ ဗကသများအဖွဲ့ချုပ်တစ်ခုပဲ မြေပေါ်မှာထင်ထင်ရှားရှား ရှိနေပါတော့တယ်။ ဒါဟာလည်း ကျွန်တော်တို့ နာကျင်စွာနဲ့ဂုဏ်ယူရတဲ့သမိုင်းပါပဲ။ ကျွန်တော်တို့ ဘာဖြစ်လို့ ရက်စက်ဆိုးရွားလှတဲ့ စစ်အာဏာရှင်စနစ်ရဲ့ ဖိနှိပ်မှုတွေကို ကြံ့ကြံ့ခံ တွန်းလှန်ရင်း ဒီနေ့အချိန်အခါအထိ ရပ်တည်နိုင်သလဲ ဆိုတာကတော့ သိပ်ကိုရှင်းပါတယ်။ 7 July စိတ်ဓာတ်လို ၈၈ ဒီမိုကရေစီအရေးတော်ပုံစိတ်ဓာတ်လို သတ်တိုင်းမသေ ခြောက်တိုင်းမကြောက်တဲ့ ခွပ်ဒေါင်းစိတ်ဓာတ်မျိုးတွေကိုင်စွဲပြီး အမှန်တရားအတွက် ရပ်တည်တိုက်ပွဲဝင်ခဲ့လို့ပါပဲ။

7 July အရေးတော်ပုံကြီးရဲ့ သမိုင်းကြွေးကို မဆပ်နိုင်သေးရင်တောင် ဒီအရေးတော်ပုံကြီးရဲ့ ဂုဏ်ရောင်ပြောင်မှုတွေ ထိနိုက်ဆုံးရှုံးခဲ့ရမှုတွေနဲ့ စိတ်ဓာတ်ခွန်အားတွေကိုတော့ တတ်နိုင်သလောက် ဖော်ထုတ်ဖို့ ကျွန်တော်တို့အမြဲ ကြိုးပမ်း

ခဲ့ကြပါတယ်။ ဒီနှစ် ၂၀၁၂ ဇူလိုင် ၇ ရက်မှာ 7 July နှစ်ငါးဆယ်ပြည့် အောက်မေ့ပွယ် အထိမ်းအမှတ်အခမ်းအနားကို ဗကသများအဖွဲ့ချုပ်က ကြီးမှူးပြီး ဗမာနိုင်ငံအနှံ့မှာ ကျင်းပခဲ့ပါတယ်။ ကျောင်းသားခေါင်းဆောင်ဟောင်းတွေနဲ့ စာရေးဆရာတွေပါဝင်ရေးသားကြတဲ့ ဇူလိုင် ၇ ရက်၊ နှစ်ငါးဆယ်ပြည့် အောက်မေ့ပွယ်အထိမ်းအမှတ်စာစောင်ကိုလည်း ထုတ်ဝေနိုင်ခဲ့ပါတယ်။

၇၄–၇၅ ကျောင်းသားခေါင်းဆောင်ဟောင်းတစ်ဦးဖြစ်သူ 7 July အရေးအခင်းကို မျက်မြင်တွေ့ခဲ့ရတဲ့ ဦးအောင်စောဦး ရေးသားပြုစုတဲ့ ဥဒါန်းမကြေ(၁၉၆၂ခု၊ ဇူလိုင် ၇၊ ၈ ရက်) စာအုပ်ကို ထုတ်ဝေဖြန့်ဖို့ အခွင့်အရေးရခဲ့ပါတယ်။ ကျွန်တော်တို့ ဝမ်းမြောက်ဝမ်းသာပဲ ဒီအခွင့်အရေးကို အရယူပြီး ဥဒါန်းမကြေ (၁၉၆၂ ခု၊ ဇူလိုင် ၇၊ ၈ ရက်) စာအုပ်ကို ထုတ်ဝေဖြစ်ခဲ့ပါတယ်။ မဖော်ထုတ်နိုင်သေးတဲ့ 7 July အရေးတော်ပုံရဲ့ အမှန်တရားအတွက် သက်သေခံဖို့ရယ်၊ သမဂ္ဂမျိုးဆက်တစ်ဆက်မှတစ်ဆက် သမိုင်းအမွေလက်ဆင့်ကမ်းဖို့ရယ်နဲ့ စစ်အာဏာရှင်စနစ်ကို ဖွဲ့ချက်တင်ဖို့ဆိုတဲ့ ရည်ရွယ်ရင်းတွေနဲ့ ဒီစာအုပ်ကို ထုတ်ဝေဖြစ်ပါတယ်။

ဗကသများအဖွဲ့ချုပ်အဖွဲ့ဝင်တစ်ဦး

Generated by CamScanner from intsig.com